# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ်၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် (၁)ရက်၊ ကြာသပတေးနေ့၊ (30-7-2026)၊ အတွဲ (၃၅)၊ အမှတ် (၀၉၁)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။



## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဒုတိယအကြိမ် လုံးတော်ပြည့် ရောင်တော်ဖွင့် ဆေးသက်န်းကပ်လှူပြီးစီး

နေပြည်တော် ဇူလိုင် ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ဦးဆောင်သော ဘုရားဒါယကာ၊ဒါယိကာမများ တည်ထားပူဇော်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ယခုအခါ လုံးတော်ပြည့် ရောင်တော်ဖွင့်ဆေးသက်န်း ဒုတိယအကြိမ် ကပ်လှူပြီးစီးပြီဖြစ်သည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဒုတိယအကြိမ် လုံးတော်ပြည့်ရောင်တော်ဖွင့်ဆေးသက်န်းကပ်လှူပြီးစီးအောင်မြင်ခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရုပ်ပွားတော်မြတ်ကြီးတည်ထားပူဇော်ရာ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် သီရိမင်္ဂလာဝဲကြီး ပရိယတ္တိစာသင်တိုက်

စာမျက်နှာ ၁၇ ကော်လံ ၁

## ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့)တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများ၌ ဘုရားဖူးမိဘပြည်သူများ စိတ်အေးချမ်းသာစွာ ကောင်းမှုကုသိုလ်များပြုလုပ်

နေပြည်တော် ဇူလိုင် ၂၉

ဝါဆိုလပြည့်နေ့သည် သန္ဓေ၊တောထွက်၊ဓမ္မစက်၊ တစ်ချက်ပြာဋိဟာဟူသော ထူးမြတ်သည့် ဂုဏ်ဒြပ်လေးရပ်နှင့် မင်္ဂလာရှိပြီး မြင့်မြတ်သော လပြည့်နေ့ဖြစ်သည့်အပြင် ဗုဒ္ဓမြတ်စွာဘုရားဖြစ်ကြောင်း ဝန်ခံသောနေ့ဖြစ်ခြင်း၊ တရားရတနာစတင်ပေါ်ပေါက်လာသောနေ့ဖြစ်ခြင်း၊ သံဃာရတနာစတင်ပေါ်ပေါက်လာသော နေ့ဖြစ်ခြင်း၊ ပုထုဇဉ်ခရီးမှ အရိယာခရီးသို့ စတင်ကူးပြောင်းခွင့် ကြုံလာသောနေ့ဖြစ်ခြင်း၊ မြတ်ဗုဒ္ဓ၏ ဟောဘိက္ခုဟူသောစကားကို စတင်ကြားရသောနေ့ဖြစ်ခြင်း စသည်ဖြင့် ထူးခြားသည့် ဂုဏ်ဒြပ်တို့နှင့် ပြည့်စုံသောနေ့ထူးနေ့မြတ်ဖြစ်သည်။

အဆိုပါနေ့ထူးနေ့မြတ်တွင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ ဝါဆိုပန်းများကပ်လှူခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ ပဌာန်းဒေသနာတော်နှင့် ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ ကုသိုလ်ဒါနသီလပွားများခြင်း၊ စတုဒိသာအလှူများ ကျွေးမွေးလှူဒါန်းကြခြင်း စသည့် သူတော်ကောင်းတရားများကို ကြိုးစားအားထုတ်ဆောင်ရွက်ကြရာ

စာမျက်နှာ ၁၆ ကော်လံ ၁

ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့)တွင် မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်၌ ဘုရားဖူးလာ ပြည်သူများဖြင့် စည်ကားများပြားလျက်ရှိမှုကို တွေ့ရစဉ်။



## မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၃၈၀၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



မုံရွာ ဇူလိုင် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၃၈၀၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာခရိုင်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၉၆၄၂ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မုံရွာမြို့နယ်တွင် ဧက ၄၂၀၊ ဘုတလင်မြို့နယ်တွင် ၂၀၅၆ ဧက၊


စာမျက်နှာ ၂၂ ကော်လံ ၁

## နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဇူလိုင် ၂၉

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ အပူပျံ့တက်တိမ်များ

စာမျက်နှာ ၁၇ ကော်လံ ၁



ရတနာပုံ
၂၀၂၆ ခုနှစ် ဇူလိုင် ၂၀ ရက်
အယ်ဒီတာ့အာဘော်

## အမျိုးသားယဉ်ကျေးမှုစာမျက်နှာသစ်ကိုဖွင့်လှစ်လိုက်သော ဝဇီရာကဇာတ်ရုံ

နိုင်ငံတော်အစိုးရသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးများ စီမံဆောင်ရွက်လျက်ရှိရာ ယခုအခါ ရန်ကုန်မြို့၏ ယဉ်ကျေးမှုနှလုံးသားဟုတင်စားရမည့်နှစ်ပေါင်းတစ်ရာကျော် သက်တမ်းရှိပြီဖြစ်သည့် ရှေးဟောင်းသမိုင်းဝင်အမွေအနှစ် ဝဇီရာရုပ်ရှင်ရုံကြီးကို မူလလက်ရာမပျက်ပြန်လည်မွမ်းမံပြီး နိုင်ငံတကာအဆင့်မီ ဂုဏ်ပြုခံကဇာတ်ရုံအဖြစ် အောင်မြင်စွာအဆင့်မြှင့်တင်ဖွင့်လှစ်ပေးခဲ့သည်။

ထိုရုပ်ရှင်ရုံကြီးကို ၁၉၄၂ ခုနှစ် ဂျပန်ခေတ်တွင် ရန်ကုန်ရုပ်ရှင်ရုံ၊ စစ်ပြီးခေတ်တွင် အေဝမ်းရုပ်ရှင်ရုံ စသည်ဖြင့် အမည်များပြောင်းလဲသတ်မှတ်ခဲ့သည်။ ၁၉၆၉ ခုနှစ် မတ် ၂၄ ရက်တွင် ရုပ်ရှင်ရုံများကို မြန်မာအမည်ပြောင်းလဲသည့်အခါ "ဝဇီရာရုပ်ရှင်ရုံ"ဟု တင်စားအမည်ရရှိခဲ့သည်။ "ဝဇီရာ"ဟူသောအမည်သည် ပါဠိဘာသာ ဝဇိရာက ဆင်းသက်လာပြီး စိန်ကဲ့သို့ မာကျောတောက်ပြောင်သော၊ တန်ဖိုးရှိသော အမွေအနှစ် သို့မဟုတ် သိကြားမင်း၏မိုးကြိုးလက်နက်ဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် ဝဇီရာဟုအမည်ပြောင်းခဲ့သည့် ကဇာတ်ရုံကြီးသည် ဖျော်ဖြေမှုအဆောက်အအုံသက်သက်မဟုတ်ဘဲ မြန်မာနိုင်ငံ၏ ခေတ်အဆက်ဆက် နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုများကို ကိုယ်စားပြုသည့် သမိုင်းမှတ်တမ်းဝင် ကဇာတ်ရုံကြီးဖြစ်ကြောင်း သက်သေပြနေသည်ဟု ဆိုနိုင်ပေသည်။

မိမိတို့မြန်မာနိုင်ငံတွင် ယခုဖွင့်လှစ်လိုက်သည့် ဝဇီရာကဇာတ်ရုံကြီးသည် မြန်မာ့ရိုးရာဆိုင်း၊ အငြိမ့်၊ သဘင်၊ ရိုးရာကဇာတ်ကြီးများနှင့် ဂန္ထဝင်မြန်မာ့ပြဇာတ်ကြီးများကို နိုင်ငံတကာအဆင့်မီခမ်းနားထည်ဝါစွာတင်ဆက်ကြည့်ရှုနိုင်မည့် တစ်ခုတည်းသော အမျိုးသားအဆင့် ကဇာတ်ရုံကြီးဖြစ်လာတော့မည် ဖြစ်ပေသည်။

ယခုကဲ့သို့ တန်ဖိုးမဖြတ်နိုင်သည့် ယဉ်ကျေးမှုအမွေအနှစ်ကြီးကို အနာဂတ်မျိုးဆက်သစ်များအတွက် လက်ဆင့်ကမ်းနိုင်ရန်အတွက် နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုအောက်တွင် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ကော်မတီများက ပေါင်းစပ်ညှိနှိုင်းပြီး ကြိုးစားအကောင်အထည်ဖော်နိုင်ကြသဖြင့် ယခုအခါ ဝဇီရာရုပ်ရှင်ရုံကြီးကို နိုင်ငံတကာအဆင့်မီ ဂုဏ်ပြုခံကဇာတ်ရုံအဖြစ် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။ မူလသမိုင်းဝင် ဗိသုကာလက်ရာများကို မပျက်စီးစေဘဲ အလေးပေးတန်ဖိုးထားမှုများနှင့်အတူ ခေတ်မီရုပ်ရှင်ကြည့်ထိုင်ခုံများ၊ ရုပ်ရှင်နှင့်ပြဇာတ်ပါ နှစ်မျိုးသုံးနိုင်သည့် LED နောက်ခံ Screen များနှင့် နောက်ဆုံးပေါ်အသံလုံစနစ်များ စသည့်ခေတ်ပေါ်နည်းပညာများပေါင်းစပ်ပြီး အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့သည်။

ယခုအဆင့်မြှင့်တင်ပြီး ပြန်လည်အသက်သွင်းလိုက်သည့် ဝဇီရာဂုဏ်ပြုခံကဇာတ်ရုံကြီးသည် ရုပ်ရှင်ပြသရန်သက်သက်သာမဟုတ်ဘဲ ရုပ်ရှင်၊ ပြဇာတ်၊ ဇာတ်သဘင်၊ ရုပ်သေးအကနှင့် ဂီတပွဲများကျင်းပရာ ဘက်စုံသုံးအနုပညာဗဟိုချက်တစ်ခုအဖြစ် ရပ်တည်သွားမည်ဖြစ်သည်။ ရှေးဟောင်းအမွေအနှစ်ရုပ်ရှင်ကားများပြသခြင်း၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ ကပြဖျော်ဖြေခြင်း၊ မြန်မာ့ရိုးရာသဘင်နှင့် ဂီတဖျော်ဖြေပွဲများကျင်းပခြင်း၊ နိုင်ငံတကာရုပ်ရှင်ပွဲများကျင်းပခြင်း စသည့်အနုပညာလှုပ်ရှားမှုများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်ရာ ယခုဖွင့်လှစ်လိုက်သည့် ဝဇီရာနိုင်ငံတကာအဆင့်မီဂုဏ်ပြုခံကဇာတ်ရုံကြီးသည် မြန်မာ့ရိုးရာယဉ်ကျေးမှုများကို မပျောက်ပျက်အောင် ထိန်းသိမ်းပေးနိုင်မည်ဖြစ်သကဲ့သို့ အနာဂတ်အနုပညာမျိုးဆက်သစ်များအတွက်လည်း အဖိုးတန်အနုပညာလင်းရောင်ခြည်များ ပေးစွမ်းနိုင်မည်ဟု ယုံကြည်ပါကြောင်း ရေးသားလိုက်ရပါသည်။

## ဝဲလက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းလျာထားဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး



**ဝဲလက် ဇူလိုင် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝဲလက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းလျာထားဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း ဝဲလက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝဲလက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၆၀၇၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၁၆၀၈၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝဲလက်မြို့နယ်မှာ နှမ်း ၁၆၀၇၅ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့မှာ ဧက ၁၆၀၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးဖို့ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်တွေနဲ့စိုက်ပျိုးဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်"ဟု ဝဲလက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝဲလက်မြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်မှန်ကန်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလျက်ရှိကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် နှမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။ (၂၀၆)

## ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကျားကဏန်းပိဿာချိန် ၄၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ဒေးဒရဲ ဇူလိုင် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကျားကဏန်းပိဿာချိန် ၄၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာဇာဦးက ပြောပြ၍ သိရသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့မေလအတွင်း ကျားကဏန်းပိဿာချိန် ၃၃၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ကျားကဏန်းပိဿာချိန် ၄၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒေသရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ ပုံမှန်တင်ပို့ရောင်းချနေပါတယ်။ ဇွန်လအတွင်း ကျားကဏန်းပိဿာချိန် အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ကျားကဏန်းတွေက လတ်ဆတ်မှုနဲ့ အရွယ်အစား၊ အလေးချိန်အပေါ်မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲရှိပါတယ်။ လက်ရှိမှာလဲ ကျားကဏန်းတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်"ဟု ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာဇာဦးက ပြောပြ၍ သိရသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ကျားကဏန်းအသေးတစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀၀၊ အလတ်တစ်ပိဿာလျှင် ငွေကျပ် ၃၀၅၀၀၊ အကြီးတစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀၀ မှ ၃၈၅၀၀ ထိ အရွယ်အစားအပေါ် မူတည်ကာ ဈေးနှုန်း အပြောင်းအလဲရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

## ဝမ်းတွင်းမြို့နယ် ကန်အောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း ဇူလိုင် ၂၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကန်အောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကန်အောက်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၄၉ ဦးကို ငွေကျပ် ၁၀ ဒသမ ၉၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၀၉ ဦးကို ငွေကျပ် ၃၉ ဒသမ ၈၅ သန်း၊ ရက်ကန်းလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၄ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် သုည ဒသမ ၉ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၂၆၂ ဦးကို ရန်ပုံငွေကျပ် ၅၂ ဒသမ ၁ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာလည်ပတ် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **အောင်ရဲကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

Yadanarbon newspaper

# တံတားဦးမြို့နယ် အုတ်ကျွတ်ဖိုကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**တံတားဦး ဇူလိုင် ၂၉**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အုတ်ကျွတ်ဖိုကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင် ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်း၊ တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ထိုက်ထိုက်ပြည့်ဖြိုးလွင်နှင့် ခရိုင်၊ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက အုတ်ကျွတ်ဖိုကျေးရွာ၌ ကုန်ထုတ်လမ်းအရှည် တစ်မိုင် ၂ ဒသမ၃ ဖာလုံ၊ အကျယ် ၁၂ပေ၊ အမြင့် ချင်းမြေကိုးလက်မရှိ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်းက ကုမ္ပဏီတာဝန်ရှိသူများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၈၁ ဒသမ ၆၂ သန်းဖြင့် တင်ဒါအောင်မြင်သည့် လင်းလက်ပြည့်စုံအောင်ကုမ္ပဏီမှ ယခုနှစ် ဇွန်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ကုန်ထုတ်လမ်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက အုတ်ကျွတ်ဖိုကျေးရွာမှ တောင်သူများ လယ်ယာထွက်ကုန်များကို ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်မည် ဖြစ်ကြောင်း တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**အောင်ရဲကျော်**

# ကျောက်ဆည်မြို့နယ် လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ကျောက်ဆည် ဇူလိုင် ၂၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်းက စာဖတ်ဝိုင်းဆွေးနွေးပွဲကို ဇူလိုင် ၂၈ ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက စာပေချစ်မြတ်နိုးသူများ၊ စာဖတ်ဝါသနာပါသူများ အသိပညာဗဟုသုတများ ဖလှယ်နိုင်စေရန်၊ မိတ်ဆွေအပေါင်းအသင်းတိုးပွားပြီး စာပေလေ့လာဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် စာဖတ်ဝိုင်းဆွေးဆွေးပွဲများ ကျင်းပခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကျောက်ဆည်မြို့နယ် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်းဥက္ကဋ္ဌ စာရေးဆရာ မောင်ခိုင်ကျော် (ကျောက်ဆည်)က စာရေးဆရာ ဝေဇင်ဦး ရေးသားသည့် ပျော်ရွှင်ဖို့ရာ နည်း ၁၀၀ စာအုပ်ပါအကြောင်းအရာများဖြစ်သည့် ပျော်ရွှင်စရာအချိန်တစ်ခုရှိပါစေ၊ မကောင်းသည့်အကျင့်များကို ပြောင်းလဲပစ်ပါ၊ အခြားသူများကို ခွင့်လွှတ်ပါ၊ အာရုံစူးစိုက်ထားပါ၊ ဘဝကိုရိုးရှင်းအောင်လုပ်ပါ၊ မိမိအတွေးများကို စိန်ခေါ်ပါ၊ အကောင်းမြင်ဝါဒီအနေနှင့် စဉ်းစားပါ စသည့်အကြောင်းအရာများကို ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်ပြီး စာဖတ်ဝိုင်းဆွေးနွေးပွဲ တက်ရောက်လာကြသူများက ခင်းကျင်းပြသထားသော စာအုပ်စာစောင်များကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**စုစုအေး(ကျောက်ဆည်)**

# ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၂၆၂၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကလေး ဇူလိုင် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၂၆၂၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၃၈၈၉ ဧက စိုက်ပျိုးရန်လျာထားပြီး မေလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၆၂၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကလေးခရိုင်မှာ ပဲစင်းငုံ ၃၈၈၉ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့မှာ ၂၆၂၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့၊ ပိုးမွှားရောဂါကင်းစင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေကြွယ်ဝင်းက ပြောပြသည်။

ကလေးခရိုင်တွင် ပဲစင်းငုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှား အန္တရာယ်ကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျ သုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေးတို့အတွက် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ကလေးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေကြွယ်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# သာစည်မြို့နယ် ကျောက်အိုးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**သာစည် ဇူလိုင် ၂၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လိုင်းတက်ကျေးရွာအုပ်စု ကျောက်အိုးကျေးရွာတွင် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ဇူလိုင် ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် ဝန်ထမ်းများက ကျောက်အိုးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ပြောကြားခဲ့သည်။

ကျောက်အိုးကျေးရွာတွင် ပန့်တပ်ဆင်ခြင်း၊ ဂါလန် ၂၀၀၀ ဆံ့ ရေကန်တည်ဆောက်ခြင်းနှင့် ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများကို ယခုဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၀ ဒသမ ၆၈ သန်းဖြင့် မြို့နယ်ဦးစီးဌာန ဝန်ထမ်းများက ဇွန်လ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကျားပျံဆန် ၂၄ ပြည်ဝင်အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး ဇူလိုင် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကျားပျံဆန် ၂၄ ပြည်ဝင်အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းဌေးက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ကျားပျံဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ကျားပျံဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇွန်လအတွင်း ကျားပျံဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၆၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ကျားပျံဆန်အမျိုးအစားက ဆန်ချောအုပ်စုထဲမှာပါတဲ့ ဆန်အမျိုးအစားဖြစ်ပါတယ်။ အဲဒီဆန်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်။ ကျားပျံဆန်အမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ အခြားဆန်တွေနဲ့ယှဉ်ရင် ပြီးခဲ့တဲ့ ဇွန်လအတွင်းမှာကော လတ်တလောအနေနဲ့ပါ ကျားပျံဆန်က အရောင်းအဝယ်ပိုဖြစ်နေပါတယ်"ဟု ဘိုကလေးမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းဌေးက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဇွန်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ကျားပျံဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၂၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါကျားပျံဆန်များ အရောင်းအဝယ်ကောင်းလာသည့်အတွက် စပါးစိုက်တောင်သူများ၊ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း ဘိုကလေးမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းဌေးက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ပလ္လင်နှင့် သူငယ်တော်

ဗိုလ်ရှိတ်(ရတနာပူရ)

ပလ္လင်သည် ပလ္လက်ဟူသော ပါဠိစကားမှ ဆင်းသက်လာပြီး မြင့်မြတ်သော ပုဂ္ဂိုလ်တို့ထိုင်ရန် ပြုလုပ်ထားသည့် ခုံမြင့်ဟု အဘိဓာန်တို့၌ ဖွင့်ဆိုပြကြသည်။ ပါဠိသက်ဝေါဟာရ အဘိဓာန်ကျမ်း၌ ပလ္လင်၏ အဓိပ္ပာယ်ကို သုံးမျိုးဖွင့်ဆိုထားပြီး ဖွင့်ဆိုချက် (၂)တွင် ဘုရင်မင်းမြတ်တို့ ထိုင်ရာနေရာဟု ဖွင့်ဆိုထား သည်။

မြန်မာမင်းများလက်ထက်က နန်းတော်ရှိ အဆောင်ကိုးဆောင်တွင် ပလ္လင်တော်ကိုးခုကိုထား၍ အသုံးပြုကြသည်။ ပလ္လင်တော်ထားရာ အဆောင်ကိုးဆောင်မှာ–

၁။ မြေနန်းပြာသာဒ်ဆောင်
၂။ ဇေတဝန်ဆောင်
၃။ ပရိတ်နာဆောင်
၄။ မှန်နန်းဆောင်
၅။ ဗြဲတိုက်တော်
၆။ မြောက်စမုတ်ဆောင်
၇။ တောင်စမုတ်ဆောင်
၈။ အနောက်ပွဲတက်ဆောင်
၉။ လွှတ်တော်တို့ ဖြစ်သည်။

ပလ္လင်တော်တို့မှာလည်း အောက်ခံ၍ထုလုပ်သော အခံရုပ်ကိုအစွဲပြုပြီး အမည်သတ်မှတ်ကြသည်။ ပလ္လင်ထုလုပ်သော သစ်သားတို့မှာလည်း တစ်ခုနှင့်တစ်ခုမတူပေ။ ထို့ကြောင့် ပလ္လင်၏အမည်၊ ပလ္လင်ခံရုပ်၊ ပြုလုပ်သည့်အသား၊ ထားရာအဆောင်တို့ကို ယှဉ်တွဲ၍ ဖော်ပြရလျှင် ဤသို့ဖြစ်သည်။

၁။ ခြင်္သေ့ရုပ်ခံ၍ ယမနေသားဖြင့် ပြုလုပ်ထားသော သီဟာသနပလ္လင်ကို မြေနန်းပြာသာဒ်တော်၌ထားသည်။
၂။ ဟင်္သာရုပ်ခံ၍ သက်န်းသားဖြင့် ပြုလုပ်ထားသော ဟံသာသနပလ္လင်ကို ဇေတဝန်ဆောင်၌ထားသည်။
၃။ ခရုသင်းခံ၍ သရက်သားဖြင့်ပြုလုပ်ထားသော သင်္ခါသနပလ္လင်ကို ပရိတ်နာဆောင်၌ထားသည်။
၄။ ပိတုန်းရုပ်ခံ၍ ကရဝေးသားဖြင့်ပြုလုပ်ထားသော ဘမရာသနပလ္လင်ကို မှန်နန်းတော်၌ထားသည်။
၅။ ဆင်ရုပ်ခံ၍ စံကားသားဖြင့်ပြုလုပ်ထားသော ဂဇာသနပလ္လင်ကို ဗြဲတိုက်တော်၌ထားသည်။
၆။ ဥဒေါင်းရုပ်ခံ၍ ပေါက်သားဖြင့်ပြုလုပ်ထားသော မယုရာသနပလ္လင်ကို မြောက်စမုတ်ဆောင်၌ထားသည်။
၇။ သမင်ရုပ်ခံ၍ သဖန်းသားဖြင့် ပြုလုပ်ထားသော မိဂါသနပလ္လင်ကို တောင်စမုတ်ဆောင်၌ထားသည်။
၈။ ပဒုမ္မာကြာခံ၍ တောင်ပိန္နဲသားဖြင့် ပြုလုပ်ထားသော ပဒုမာသနပလ္လင်ကို အနောက်ပွဲတက်ဆောင်၌ထားသည်။
၉။ ခြင်္သေ့ရုပ်ခံ၍ ယမနေသားဖြင့် ပြုလုပ်ထားသော သီဟာသနပလ္လင်ကို လွှတ်တော်၌ထားသည်။

ယခုဖော်ပြခဲ့သည်များကိုကြည့်ပါက ပလ္လင်မှာ အမျိုးအစားအားဖြင့် ရှစ်မျိုးသာရှိသည်။ သီဟာသနပလ္လင်မှာ နှစ်ခုဖြစ်သောကြောင့် ပလ္လင်ကိုးခု ဖြစ်သွားရခြင်းဖြစ်သည်။ ထို့ကြောင့် ပလ္လင်မှာ အမျိုးအစားအားဖြင့် ရှစ်မျိုး၊ အရေအတွက်အားဖြင့် ကိုးခု၊ ထားရာအခန်းကိုးခန်းဟု မှတ်သားရမည် ဖြစ်ပေသည်။ ထို့ကြောင့်လည်း ရှေးပညာရှိတို့က "ရှစ်ရုပ်ပလ္လင်၊ ကိုးရုပ်အခန်း"ဟူ၍လည်းကောင်း၊ ပလ္လင်ရှစ်ရုပ် ဘွဲ့တေးထပ်တစ်ပုဒ်တွင် –

"ပြာသာဒ်တော်ဦးကင်းသမှာသီဟာသနယမနေ၊ ဇေတဝန်နန်းရဝေ၊ ရွှေဟင်္သာသက်န်း၊ မှန်နန်းတော်ဘမရာ၊ နောက်ပြည်သာကရဝေးကဆန်း၊ နောက်ပွဲတက်ပဒုမာ၊ သရက်သာချယ်သန်း၊ တောင်စမုတ်နန်းမှာလ၊ ရေသဖန်းမိဂါ၊ စမုတ်တော်မြောက်မြား၊ ပေါက်သစ်သားမရုရာ၊ ပရိတ်နာလေသာမှာ၊ မြတ်သင်္ခါပိန်းနဲနှင့်၊ ဗြဲတိုက်တော်ငွေဂဇာ၊ စကားသစ်သား၊ ပလ္လင်တော်ရှစ်ဖြာကို၊ သိသာအောင်လင်းဖွင့်ခဲ့လေး" ဟူ၍လည်းကောင်း ပလ္လင်တော်အမျိုးအစား ရှစ်ခုကိုသာရည်ရွယ်၍ ဖွဲ့ဆိုခဲ့ကြခြင်းဖြစ်ပေသည်။

ထိုသို့ရှေးမြန်မာမင်းတို့အသုံးအဆောင်ဖြစ်သော ပလ္လင်တော်ကို ထုလုပ်ရာတွင် နိုင်ငံတော်အတွင်းရှိ အတော်ဆုံး ပန်းပုပညာရှင်များကို ရွေးချယ်၍ ထုလုပ်စေသည်။

ပလ္လင်တော်ကိုးရုပ်ကို ထုလုပ်ရာတွင် ပလ္လင်၏ အဆင်တန်ဆာများဖြစ်သော နေရာတော် ၁၂ သွယ် ပါဝင်ရမြဲဖြစ်သည်။ နေရာတော် ၁၂ သွယ်မှာ–

၁။ သိကြားရုပ်
၂။ ခြင်္သေ့ရုပ်
၃။ ကိန္နရာရုပ်
၄။ လောကနတ်–ဆင် – ခြင်္သေ့
၅။ ဒေါင်းမြီးယပ်
၆။ ပဒုမ္မာကြာပွင့်ခံ သားမြီးယပ်စွဲ သိကြား ၃၂ ပါး
၇။ ဆင်နားဇာ
၈။ တံခါးတိုင်
၉။ နဝရတ် ၉ ပါး
၁၀။ ဦးဆောက်ပန်း
၁၁။ သမ္မာဒေဝနတ်
၁၂။ ခြူးပန်းခြူးနွယ် တို့ဖြစ်သည်။

နေရာတော် ၁၂ သွယ် ရေတွက်ရာတွင် ကျမ်းအစောင်စောင်ကွဲပြားကြသည်။ နေရာတော် ၁၂ သွယ်အပြင် ပလ္လင်တိုင်းတွင် မဖြစ်မနေပါဝင်သော အရုပ်တစ်မျိုးရှိပါသေးသည်။ ထိုအရုပ်မှာ သူငယ်တော်ရုပ်ပင်ဖြစ်လေသည်။ သူငယ်တော်သည် ဘုရင့်အမှုထမ်းနယ်ပယ်တွင်သာမက ဘုရင်ထိုင်တော်မူသည့် မင်းခမ်းတော်ပလ္လင်၌ ထည့်သွင်းထုလုပ်သည့် အဆင်တန်ဆာထိ နယ်ပယ်ကျယ်ဝန်းနေသည်။ ပလ္လင်၏ရှေ့တွင် သူငယ်တော်ရုပ်များမှာ ပလ္လင်တော်ဘက်သို့ မျက်နှာမူပြီး နဖူးတွင်လက်နှစ်ဖက်ယှက်၍ ရှိခိုးပူဇော်နေဟန်ဖြစ်သည်။ မုဒြာအားဖြင့်ဆိုရလျှင် အဉ္ဇလီမုဒြာပုံစံဖြစ်သည်။ သူငယ်တော်ရုပ်ဟုဆိုသည့်အတိုင်း ကိုယ်တုံးလုံးကလေးငယ်ပုံစံပင်ဖြစ်သည်။ ရန်ကုန်မြို့ အမျိုးသားပြတိုက်တွင် ပြသထားသော သူငယ်တော်ရုပ်မှာ အမြင့် ၅၅ ဒသမ ၉ စင်တီမီတာရှိသည်ဟု သိရသည်။

ပလ္လင်တော်တွင် သူငယ်တော်ရုပ်ထားရခြင်း အကြောင်းကို ဝန်ထောက်ရွှေတောင်နော်ရထာ၏ ပလ္လင်တော်ကိုးရုပ်တည် စာတမ်း၌–

"ပလ္လင်ခံသူငယ်သဏ္ဍာန် ပူဇော်ဟန်ထုလုပ်သည်မှာ သူငယ်သည် တရွေ့ရွေ့ကြီးပြင်းလေသကဲ့သို့ ဘုန်းတော်၊ အာဏာတော်ထပ်ဆင့်ကြီးမားလျက် ရှည်မြင့်စွာတည်မည် အကြောင်းကိုရည်၍ သူငယ်ရုပ်တုလုပ်ထားရခြင်းဖြစ်ကြောင်း" ဖော်ပြထားသည်။

❖ **နေရာတော် ၁၂ သွယ်အပြင် ပလ္လင်တိုင်းတွင် မဖြစ်မနေပါဝင်သော အရုပ်တစ်မျိုးရှိပါသေးသည်။ ထိုအရုပ်မှာ သူငယ်တော်ရုပ်ပင်ဖြစ်လေသည်။ သူငယ်တော်သည် ဘုရင့်အမှုထမ်းနယ်ပယ်တွင်သာမက ဘုရင်ထိုင်တော်မူသည့် မင်းခမ်းတော်ပလ္လင်၌ ထည့်သွင်းထုလုပ်သည့်အဆင်တန်ဆာထိ နယ်ပယ်ကျယ်ဝန်းနေသည်။ ပလ္လင်၏ရှေ့တွင် သူငယ်တော်ရုပ်များမှာ ပလ္လင်တော်ဘက်သို့မျက်နှာမူပြီး နဖူးတွင်လက်နှစ်ဖက်ယှက်၍ ရှိခိုးပူဇော်နေဟန်ဖြစ်သည်။ မုဒြာအားဖြင့်ဆိုရလျှင် အဉ္ဇလီမုဒြာပုံစံဖြစ်သည်။ သူငယ်တော်ရုပ်ဟုဆိုသည့်အတိုင်း ကိုယ်တုံးလုံးကလေးငယ်ပုံစံပင်ဖြစ်သည်။ ရန်ကုန်မြို့ အမျိုးသားပြတိုက်တွင် ပြသထားသော သူငယ်တော်ရုပ်မှာ အမြင့် ၅၅ ဒသမ ၉ စင်တီမီတာရှိသည်ဟု သိရသည်။** ❖

ထို့ကြောင့် သူငယ်တော်ရုပ်များကို တက်တိုးရုပ်ဟုလည်း ခေါ်ကြသည်ဟု သိရသည်။

သူငယ်တော်ရုပ်တို့၏ ရှိခိုးပူဇော်ဟန်ပုံစံမှာလည်း ကမ္ဘာဦးသူတို့သည် ဂေါတမမြတ်စွာဘုရားအလောင်းတော်ကို မင်းပြုတော်မူပါဟု ညီညွတ်စွာ လျှောက်၍ သမ္မတတင်မြောက်ဟန်ပုံစံကို ထုလုပ်ထားခြင်းဖြစ်ကြောင်း ရွှေနန်းသုံး ဝေါဟာရအဘိဓာန်၌ မိန့်ဆိုထားသည်။

ဝန်ထောက်ရွှေတောင်နော်ရထာ၏ ပလ္လင်ကိုးရုပ်တည် စာတမ်းသည် ဘိုးတော်ဗဒုံမင်းလက်ထက်၌ ပြုလုပ်ခဲ့သော ပလ္လင်တော်များကို မှတ်တမ်းတင်ထားခြင်းဖြစ်သည်။ ဘိုးတော်ဗဒုံမင်းသည် အမရပူရမြို့သစ်၊ နန်းတော်သစ်ကိုတည်၍ စိုးစံခဲ့သောမင်းဖြစ်သည်။ နန်းတော်သစ်အတွင်းထားရန်အတွက် ပလ္လင်တော်ကိုးရုပ်ကိုလည်း အသစ်လုပ်ခဲ့သည်။ ပလ္လင်တော်ကိုးရုပ်ကို ဝန်ထောက်ရွှေတောင်နော်ရထာက စီစဉ်ကြပ်မတ်၍ပြုလုပ်ရသည်။ ထိုသို့ ပလ္လင်တော်ကိုးရုပ် တည်လုပ်ခဲ့သည့်အကြောင်းကို ဝန်ထောက်ရွှေတောင်နော်ရထာသည် ပလ္လင်ကိုးရုပ်တည်စာတမ်းရေးသား၍ မှတ်တမ်းတင်ခဲ့သည်။ ဝန်ထောက်ရွှေတောင်နော်ရထာ၏ ပလ္လင်ကိုးရုပ်တည် စာတမ်း၌ ပလ္လင်တော်များအတွက် သစ်များ စတင်ရယူသည့် အချိန်မှစ၍ ပလ္လင်တော်များ၏ အတိုင်းအထွာစနစ်များ၊ ကုန်ကျစရိတ်များကိုပါ အသေးစိတ်ဖော်ပြထားသည်။ ထိုစာတမ်းအရ ပလ္လင်တစ်ခုစီ၏ရှေ့တွင် သူငယ်တော်ရုပ် ရှစ်ရုပ်စီရှိကြောင်း သိရသည်။ ပလ္လင်ကိုးခုအတွက် သူငယ်တော်ရုပ် ၇၂ ရုပ်ရှိသည်။ သူငယ်တော်ရုပ်တို့၏ အမြင့်မှာ အောက်ခံခုံအပါအဝင် ၁၃ (တစ်တောင်နှင့်သုံးသစ်) ရှိကြောင်း ဖော်ပြထားသည်။

မင်းတုန်းမင်းလက်ထက်တွင် ရာဇပလ္လင်တော်ကို တင့်တယ်လှပအောင် ပန်းပြောက်၊ ပန်းခက်၊ အကိုက်အညှောက်၊ ခြင်္သေ့၊ ဆင်ပျံ၊ လောကနတ်၊ ဒေါင်း၊ ဆင်နားဇာ၊ တံခါးတိုင်၊ သိကြားကိန္နရာ၊ သမ္မာဒေဝ၊ ခြူး၊ ကြာ၊ ဦးဆောက်ပန်း၊ သူငယ်တော်ရုပ်များနှင့် ပလ္လင်အောက်ခံအရုပ်များကို ထုလုပ်ရသူ ပန်းပုအမှုထမ်းဦးရေ ၂၀ မျှရှိကြောင်း သိရသည်။ ပန်းပုခေါင်းမှာ မောင်ပန်းအောင်ဖြစ်ပြီး ထိုသူတို့အတွက် လစာငွေတော်မှာ ၂၁၀ ပေးကြောင်း သိရသည်။

၁၂၄၇ ခုနှစ်မြန်မာတို့ထီးကျိုးစည်ပေါက်ဖြစ်သောအခါတွင် မန္တလေးနန်းတော်အတွင်းရှိ အဖိုးတန်နန်းစဉ်ရတနာများ ဆုံးရှုံးခဲ့ရသည်။ ပေ၊ ပုရပိုက်စသည့်စာပေများစွာ ပျက်စီးခဲ့ရသည်။ ထို့အတူ ရာဇပလ္လင်တော်မှ သူငယ်တော်ရုပ်များလည်း ကစဉ့်ကလျားဖြစ်ခဲ့ရသည်။ ယခုအခါ သူငယ်တော်ရုပ်များ မည်သည့်နေရာတွင် ရှိနေကြောင်းကို မသိရတော့ပါ။ ဆရာကြီး ဦးစိန်မောင်ဦး၏ မှတ်တမ်းတွင် ပလ္လင်တော်မှ သူငယ်တော်ရုပ်များနှင့် ပတ်သက်၍ ဤသို့ တွေ့ရသည်။

**"အထက်မြန်မာနိုင်ငံကို နယ်ချဲ့အင်္ဂလိပ်တို့သည် စစ်အောင်အထိမ်းအမှတ်အဖြစ် သူငယ်တော်ရုပ် ၇၂ ရုပ်ကို အင်္ဂလန်နိုင်ငံသို့ ယူဆောင်သွားပါ၏။ ယနေ့ထိ မှတ်သားသိရှိရသမျှမှာ ဗြိတိသျှပြတိုက်တွင် ၂ ရုပ်၊ ဗစ်တိုးရီးယားနှင့် အယ်လ်ဘတ်ပြတိုက်တွင် ၁ ရုပ်၊ အောက်စဖို့ပစ်ရေးဗာ့ ပြတိုက်တွင် ၁ ရုပ်၊ ရှေးဟောင်းပစ္စည်းစုဆောင်းသူ Mr.N,Whiting ဆိုသူတွင် ၄ ရုပ်၊ မြန်မာနိုင်ငံတွင် ၁ ရုပ် စုစုပေါင်း ၉ ရုပ်"ဟု မှတ်သားတွေ့ရှိရပါသတည်း။**

**သူငယ်တော်ရုပ်နှင့် ထူးခြားသောဖြစ်ရပ်များ**

ပလ္လင်တော်များရှေ့တွင်ရှိသော သူငယ်တော်ရုပ်များနှင့်ပတ်သက်၍ ဂမ္ဘီရဆန်သော ဖြစ်ရပ်များ ဖြစ်ခဲ့ဖူးသည်။ သိပ္ပံပညာတိုးတက်လာသော ယခုခေတ်တွင် သူငယ်တော်နှင့်ပတ်သက်သော ဖြစ်ရပ်များကို အလွယ်တကူ ယုံကြည်ကြလိမ့်မည် မဟုတ်ပေ။ မဖြစ်နိုင်ပါဟူ၍သာ ငြင်းဆိုသူများကြမည် ထင်ပါသည်။ သို့သော် လောကကြီးသည် ဆန်းကြယ်၏။ ယခုခေတ် သိပ္ပံပညာဖြင့်မတွေ့နိုင်သော ဆန်းကြယ်သည့်ဖြစ်ရပ်များစွာရှိသည်။ မမြင်ရ၍၊ မတွေ့ရ၍ မဖြစ်နိုင်ဘူးဟူ၍ကား ပြောမရပေ။ မြတ်စွာဘုရားပင်လျှင် လောကကြီး၏ဆန်းကြယ်ပုံကို ဟောကြားခဲ့သည့်သုတ္တန်များရှိပေသည်။

မြန်မာမင်းများလက်ထက်က ထူးခြားဆန်းကြယ်သည့် ဖြစ်ရပ်များဖြစ်ခဲ့သည်။ ထိုသို့ဆန်းကြယ်သည့် ဖြစ်ရပ်များကို မှတ်တမ်းတင်ထားသော ပုရပိုက်များ ကျန်ရှိခဲ့သည်။ ၁၉၈၄ ခုနှစ်က ဆရာကြီး ဦးထွန်းရီသည် ကုန်းဘောင်မင်းများလက်ထက် ထူးခြားဆန်းကြယ်သည့် ဖြစ်ရပ်များကို မှတ်တမ်းတင်ထားသော ပုရပိုက်မှပုံများကို ကူးယူ၍ "ရွှေနန်းလက်သုံးပုံစံများ"ဟူ၍ စာကူးစက်မှုဖြင့် ဖြန့်ဝေခဲ့သည်။ သို့သော် ပုံနှိပ်မှုအဖြစ် ကျယ်ပြန့်စွာထုတ်ဝေခဲ့ခြင်း မရှိသောကြောင့် သိသူနည်းလှသည်။ ထို့အတူ ဆရာကြီးမြကေတုကလည်း ကုန်းဘောင်မင်းများလက်ထက် အံ့ဖွယ်သရဲများဟူသော ခေါင်းစဉ်ဖြင့် ကုန်းဘောင်မင်းများလက်ထက် ထူးခြားဆန်းကြယ်သည့် ဖြစ်ရပ်များကို ၁၉၇၈ ခုနှစ် မေလထုတ် သွေးသောက်မဂ္ဂဇင်းတွင် ရေးသားခဲ့ဖူးသည်။

ထိုမှတ်တမ်းတို့တွင် အင်းဝမြို့ ဒုဋ္ဌဝတီမြစ်အတွင်းမှ ရေသူမအကြောင်း၊ နဂါးငါးကောင်ပေါ်ကြောင်း၊ နဂါးနှင့် ဂဠုန်အသေများအကြောင်း၊ ကိန္နရာအခြောက်အကြောင်း စသည်ဖြင့် ပါရှိလေသည်။ ထို့အတူ သူငယ်တော်ရုပ်များနှင့် ပတ်သက်သော ထူးခြားဆန်းကြယ်သည့် အကြောင်းများ၊ ရွှေနန်းလက်သုံးပုံစံများတွင် ပါရှိသည်ဟု ဆရာကြီးမြကေတု၏ မှတ်တမ်း၌တွေ့ရသည်။

ဆက်လက်ဖော်ပြပါမည်။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ်လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကိုလက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ရေဦးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၆၉၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရေဦး ဇူလိုင် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၆၉၂ ဧကထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၆၇၇၅ ဧက စိုက်ပျိုးရန် အတွက်လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၆၉၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီ ရေဦးခရိုင်မှာ ဟင်းသီးဟင်းရွက် ၆၇၇၅ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၁၆၉၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်းချဉ်၊ မုန်လာထုပ် စတဲ့သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP စနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေ ပေးနေပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ယခုနှစ် ရေဦးခရိုင်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို ခရိုင်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့် သီးနှံဖြစ်စေရန်၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# သဲကုန်းမြို့နယ် တံခွန်တိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သဲကုန်း ဇူလိုင် ၂၉**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တံခွန်တိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဇူလိုင် ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထက်နောင်နှင့် ဝန်ထမ်းများက တံခွန်တိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက စီမံကိန်းဆိုင်ရာ စာရင်းဇယားများ ဖြည့်သွင်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ တံခွန်တိုင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၃ ဦးကို ငွေကျပ် ၁၃ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၈ ဦးကို ငွေကျပ် ၁၅ ဒသမ ၇ သန်း၊ စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁ ဒသမ ၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၀ ဒသမ ၆ သန်း ထုတ်ချေးပေးထားပြီး မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထက်နောင်ထံမှ သိရသည်။

**သုတ**

## နှုတ်ဆက်တယ် ခင်

- မထားခဲ့ချင်လည်း
  အားနွဲ့သူ စံပယ်ညှာမို့
  နေလာလျှင် ခများညှိုးပါလို့
  လေတိုးလျှင် ခများကြွေလိမ့်
  နေဒဏ် လေဒဏ်နဲ့
  ရေဆန်မှာ အလှော်ခက်တာမို့
  မခေါ်ရက် ခွင့်မကြုံ။

- နှစ်ဖော်တွဲလျှင်ဖြင့်
  ပျော်ပွဲတွေ အစုံစုံနဲ့
  ပျော်ပုံရယ် သွယ်သွယ်သစ်ပေမဲ့
  ငယ်ချစ်ကို မောင်သနားတာမို့
  ထားခဲ့မဆုံ။

- လှိုင်းကြီးလျှင် လှေငယ်လှုပ်
  လှိုင်းပုတ်တော့ လှေငယ်တုန်
  လှိုင်းခုန်လျှင် လှေငယ်လူးမှာမို့
  ချစ်ဦး စံပယ်မြင်တော့
  နွယ်အသွင် ညာဘယ်လူးနိုင်ရဲ့
  လင်းအရှဏ် နေခြည်ဦးမှာပဲ
  ဖူးရစ်ကွဲ့ စံပယ်ငုံ
  ထုံရစ်ကွဲ့ စံပယ်ဦး။

- နှုတ်ဆက်တယ် ခင်
  ဆုပ်လက်ရယ် မဖြေချင်လည်း
  ရပ်ရှစ်ခွင် မိုးမှောင်မသန်းခင်၌
  ရှေ့လမ်း သာယာစေဖို့
  အားမာန်ဝေ ခရီးရှည်ဆက်ချင်ရဲ့
  အောင်သပြေ ရွှေတစ်ခက်ရယ်နဲ့
  ပြန်ရက်ကို မေကြိုတော့
  နေမညို အချိန်မနှောင်းတဲ့ပြင်
  လရက်ရှည် အလီလီမပြောင်းပါဘူး
  မြမျက်ရည် မလည်ကြောင်းကိုဖြင့်
  သခင့်ထံ ခွင့်ပန်တောင်းပွဲမယ်
  (စံပယ်ရယ်) ခေါင်းညိတ်ပါဦး။ ။

**မြင်းမူမောင်နိုင်မိုး**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

á မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# ရုရှားနှင့် တောင်အာဖရိက ကြည်းတပ်စစ်ဦးစီးချုပ်တို့ မော်စကိုမြို့၌ တွေ့ဆုံဆွေးနွေး



**မော်စကို ဇူလိုင် ၂၉**

တောင်အာဖရိက ကြည်းတပ်စစ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး လော့ရင့်စ် အမ်ဘာသာသည် ဇူလိုင် ၂၈ ရက်တွင် ရုရှားကြည်းတပ်စစ်ဦးစီးချုပ်နှင့် မော်စကိုမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ရုရှားကြည်းတပ် စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး အလက်ဇန်းဒါးမာတိုနီကော့ဗ်နှင့် တောင်အာဖရိက ကြည်းတပ် စစ်ဦးစီးချုပ်တို့သည် နှစ်နိုင်ငံ ကြည်းတပ်များကြား ဆက်ဆံရေးကို မြှင့်တင်ရန် သဘောတူခဲ့ကြကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

လက်ရှိခရီးစဉ်အတွင်း တောင်အာဖရိက ကြည်းတပ်စစ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး အမ်ဘာသာသည် မော်စကိုမြို့အတွင်းရှိ စစ်တက္ကသိုလ်များနှင့် ကာကွယ်ရေးပစ္စည်းကုမ္ပဏီများသို့ သွားရောက်လေ့လာမည်ဖြစ်သည်။

မော်စကိုဆွေးနွေးပွဲတွင် ရုရှားကြည်းတပ်စစ်ဦးစီးချုပ်နှင့် တောင်အာဖရိက ကြည်းတပ်စစ်ဦးစီးချုပ်တို့သည် နှစ်နိုင်ငံမြေပြင်တပ်များ၏ တိုက်ပွဲဝင်အသင့်အနေအထားရှိမှုကို မြှင့်တင်ရေးအတွက် ဆွေးနွေးခဲ့ကြကြောင်း ရုရှားကာကွယ်ရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

တောင်အာဖရိက နိုင်ငံသည် ယူကရိန်း စစ်ရေးပဋိပက္ခ၌ ကြားနေနိုင်ငံမူဝါဒကို ကျင့်သုံးနေပြီး ရုရှားနှင့် ခိုင်မာသည့်ဆက်ဆံရေးကိုလည်း ထိန်းသိမ်းထားကြောင်း သိရသည်။ Ref : RT

Trs : KKO

# တောင်ကိုရီးယားရှိ အမေရိကန်လေတပ်စခန်း၌ မီးစုန်းဖြူဓာတုပစ္စည်း ယိုဖိတ်မှုဖြစ်ပွား

**ဆိုးလ် ဇူလိုင် ၂၉**

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တောင်ပိုင်းရှိ အမေရိကန်လေတပ်စခန်းတစ်ခု ဖြစ်သည့် အိုဆန်လေတပ်စခန်း၌ ဇူလိုင် ၂၈ ရက်တွင် မီးစုန်းဖြူဓာတုပစ္စည်း (White Phosphorus) ယိုဖိတ်မှု ဖြစ်ပွားခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အိုဆန်လေတပ်စခန်း၌ မီးစုန်းဖြူဓာတုပစ္စည်း ယိုဖိတ်မှုကြောင့် လေတပ်ဝန်းကျင် လူနေရပ်ကွက်များမှ ပြည်သူများကို ယာယီရွှေ့ပြောင်းပေးရန် တောင်ကိုရီးယား အာဏာပိုင်များက ညွှန်ကြားချက်ထုတ်ပြန်ခဲ့ရသည်။

အိုဆန်လေတပ်စခန်း မီးစုန်းဖြူဓာတုပစ္စည်း ယိုဖိတ်မှုကြောင့် ထိခိုက်သူမရှိခဲ့ကြောင်း၊ ရွှေ့ပြောင်းရေး ညွှန်ကြားချက်ကိုလည်း ထုတ်ပြန်ခဲ့ပြီး နာရီဝက်အကြာတွင် တောင်ကိုရီးယား အာဏာပိုင်များက ပြန်လည်ရုပ်သိမ်းပေးခဲ့သည်။

အိုဆန်လေတပ်စခန်း မီးစုန်းဖြူဓာတုပစ္စည်း ယိုဖိတ်မှုကို တောင်ကိုရီးယား မီးသတ်တပ်ဖွဲ့ဝင်နှင့် အမေရိကန်တပ်ဖွဲ့ဝင်များက ရှာဖွေရှင်းလင်းနိုင်ခဲ့ကြောင်း သိရသည်။

အိုဆန်လေတပ်စခန်း မီးစုန်းဖြူဓာတုပစ္စည်း ယိုဖိတ်မှုသည် ခဲယမ်း မီးကျောက်များနှင့် ဆက်စပ်နေသည့် ပြဿနာဖြစ်ကြောင်း တောင်ကိုရီးယား တာဝန်ရှိသူများက ပြောကြားထားသည်။

စစ်မြေပြင်၌ မီးခိုးကာနံ့လန့်ကာချရာတွင်အသုံးပြုသည့် မီးစုန်းဖြူဓာတုပစ္စည်းများသည် အဆိပ်အတောက်ပြင်းထန်ပြီး လေထုနှင့် ထိတွေ့ချိန်တွင် မီးလောင်မှုဖြစ်ပွားတတ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# အမေရိကန်သမ္မတနှင့် အစ္စရေးဝန်ကြီးချုပ်တို့ အိမ်ဖြူတော်၌ တွေ့ဆုံဆွေးနွေး

**ဝါရှင်တန် ဇူလိုင် ၂၉**



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုတို့သည် ဇူလိုင် ၂၈ ရက်တွင် အိမ်ဖြူတော်၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါဆွေးနွေးပွဲသည် ယခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် အီရန်စစ်ရေးပဋိပက္ခ စတင်ခဲ့ပြီးနောက်ပိုင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် အစ္စရေးဝန်ကြီးချုပ်တို့၏ ပထမဆုံး လူချင်း တွေ့ဆုံဆွေးနွေးပွဲဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုတို့၏ တံခါးပိတ်ဆွေးနွေးပွဲမှာ ၁ နာရီနှင့် မိနစ် ၃၀ ကြာမြင့်ခဲ့ပြီး အပြုသဘောဆောင်သည့် ဆွေးနွေးပွဲဖြစ်ခဲ့ကြောင်း အိမ်ဖြူတော်က သတင်းထုတ်ပြန်ထားသည်။

အဆိုပါ တံခါးပိတ်ဆွေးနွေးပွဲ၌ သမ္မတဒေါ်နယ်ထရမ့်နှင့် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုတို့ကြား ဆွေးနွေးခဲ့ကြသည့် အကြောင်းအရာများနှင့် ပတ်သက်၍အသေးစိတ်အချက်အလက်များကို အိမ်ဖြူတော်က ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

အီရန် စစ်ရေးပဋိပက္ခနှင့် ပတ်သက်၍ ပြည်တွင်း၌ ဖိအားကိုယ်စီ ရင်ဆိုင်နေရချိန်တွင် သမ္မတဒေါ်နယ်ထရမ့်နှင့် အစ္စရေးဝန်ကြီးချုပ်တို့ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အိမ်ဖြူတော် ဆွေးနွေးပွဲအပြီးတွင် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုသည် သမ္မတ ဒေါ်နယ်ထရမ့်၊ ဒုတိယသမ္မတ ဂျေဒီဗင့်စ်တို့နှင့်အတူ အမေရိကန် အထက်လွှတ်တော်အမတ် လင်ဆေးဂရေဟမ်၏ ဈာပနအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# အီရတ်အရှေ့ပိုင်းရှိ အီရန်ကျောထောက်နောက်ခံပြုအုပ်စုများကို အမေရိကန်နှင့် ဆော်ဒီအာရေဗျတို့ တိုက်ခိုက်

**ရီယာ့ဒ် ဇူလိုင် ၂၉**

အီရတ်နိုင်ငံအတွင်းရှိ အီရန်ကျောထောက်နောက်ခံပြု အုပ်စုများကို အမေရိကန်နှင့် ဆော်ဒီအာရေဗျနိုင်ငံတို့က ယနေ့တွင် လေကြောင်း တိုက်ခိုက်မှုများပြုလုပ်ခဲ့ကြကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

အီရတ်နိုင်ငံအတွင်းရှိ အီရန်ကျောထောက်နောက်ခံပြု အုပ်စုများသည် ဆော်ဒီအာရေဗျ ရေနံလုပ်ငန်းများကို တိုက်ခိုက်ခံရမှုအတွက် တာဝန်ရှိသည့်အုပ်စုများဖြစ်ကြကြောင်း အမေရိကန်နှင့် ဆော်ဒီအာရေဗျ တာဝန်ရှိသူများက ပြောကြားထားသည်။

ဆော်ဒီအာရေဗျ ရေနံလုပ်ငန်းများ တိုက်ခိုက်ခံရမှုအတွက် အီရန်ကို ပြစ်တင်ပုံချမှုသည် တွက်ဆမှုအမှားကြီးတစ်ရပ် ဖြစ်ကြောင်း အီရန်နိုင်ငံက သတိပေးပြောကြားခဲ့သည်။

မဟာဗျူဟာမြောက် ဟော်မုဇ် ရေလက်ကြား စစ်ရေးပဋိပက္ခများကို ဖြေရှင်းရန်ရည်ရွယ်၍ ဒေသတွင်း သဘောတူညီချက်သစ်တစ်ရပ်ကို အိုမန်နိုင်ငံက အဆိုပြုထားချိန်တွင် အီရတ်နိုင်ငံအတွင်းရှိ ပစ်မှတ်များကို အမေရိကန်နှင့် ဆော်ဒီအာရေဗျနိုင်ငံတို့က တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ဟော်မုဇ် ရေလက်ကြားသည် အီရန်စစ်ရေးပဋိပက္ခ မဖြစ်ပွားမီက ကမ္ဘာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှု ၂၀ ရာခိုင်နှုန်း ပို့ဆောင်ရာဖြတ်သန်းနေသည့် ရေလက်ကြားဖြစ်သည်။

အီရန်တော်လှန်ရေး အစောင့်တပ်က ဂျော်ဒန်နိုင်ငံအတွင်းရှိ အမေရိကန် စစ်စခန်းတစ်ခုကို ယနေ့တွင် တိုက်ခိုက်ခဲ့ပြီး နာရီအနည်းငယ်အကြာတွင် အီရတ်အရှေ့ပိုင်းရှိ အီရန်ကျောထောက်နောက်ခံပြုအုပ်စုများကို အမေရိကန်နှင့် ဆော်ဒီအာရေဗျနိုင်ငံတို့က တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သစ်ရာထူးအတွက် ပဏာမအလွတ်သဘောမဲခွဲပွဲ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ကျင်းပမည်

**နယူးယောက် ဇူလိုင် ၂၉**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သစ်ရွေးချယ်ပွဲ၌ ပါဝင်မည့် ကိုယ်စားလှယ်လောင်း ခုနစ်ဦးတို့အပေါ် ထောက်ခံမှုအတိုင်းအတာကို အကဲဖြတ်ဆန်းစစ်ရေးအတွက် အလွတ်သဘော တံခါးပိတ်မဲခွဲပွဲ ပဏာမအကျော့ကို ဇူလိုင် ၃၀ ရက်တွင်ကျင်းပရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက စီစဉ်ထားကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် သစ်ရွေးချယ်ပွဲတွင် အာဂျင်တီးနား၊ ချီလီ၊ ကော်စတာရီကာ၊ အီကွေဒေါ၊ ဂူယာနာ၊ ဆီနီဂေါ၊ ယူကရိန်းနိုင်ငံတို့မှ ကိုယ်စားလှယ်လောင်းများပါဝင်ခဲ့ကြသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ရွေးချယ်တင်မြှောက်ပွဲ၌ အနိုင်ရရှိမည့် ကိုယ်စားလှယ်လောင်းသည် လက်ရှိ ကုလသမဂ္ဂအကြီးအကဲ အန်တိုနီယိုဂူတာရက်စ်၏ နေရာကို ရယူမည်ဖြစ်သည်။



ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ရာထူးကို ငါးနှစ်သက်တမ်း နှစ်ဆက် တာဝန်ထမ်းဆောင်ခဲ့သော အန်တိုနီယိုဂူတာရက်စ်သည် ယခုနှစ် နှစ်ကုန်ပိုင်းတွင် တာဝန်မှ အနားယူမည်ဖြစ်သည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဇူလိုင် ၃၀ ရက်တွင် ကျင်းပမည့် တံခါးပိတ် ပဏာမမဲခွဲပွဲသည် အလွတ်သဘောမဲခွဲပွဲဖြစ်ပြီး ပေါ်ထွက်လာသည့်ရလဒ်ကို တရားဝင်အတည်ပြုမည် မဟုတ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## New Glenn ဒုံးပျံ၏ ဒုတိယအဆင့်ပင်မဒုံးယာဉ်ဒုံးအင်ဂျင်များစမ်းသပ်ရန် နာဆာနှင့် ဘလူးအော်ရီဂျင်ကုမ္ပဏီတို့ သဘောတူထား



**ဝါရှင်တန် ဇူလိုင် ၂၉**

New Glenn ဒုံးပျံ၏ ဒုတိယအဆင့်ပင်မဒုံးယာဉ် ဒုံးအင်ဂျင်များကို မစ္စစ္စပီပြည်နယ်ရှိ စတန်းနစ်အာကာသစခန်း၌ စမ်းသပ်ရန် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) နှင့် ဘလူးအော်ရီဂျင် ကုမ္ပဏီတို့ သဘောတူထားကြောင်း ဇူလိုင် ၂၈ ရက် သတင်းများအရ သိရသည်။

နာဆာ၏ ခွင့်ပြုချက်အရ ဘလူးအော်ရီဂျင် ကုမ္ပဏီသည် New Glenn ဒုံးပျံ၏ ဒုံးအင်ဂျင်များကို စတန်းနစ်အာကာသစခန်း၌ ယခုနှစ် ဆောင်းရာသီအတွင်း စမ်းသပ်ခွင့်ရရှိမည်ဖြစ်သည်။

နာဆာအဖွဲ့သည် ၂၀၂၇ ခုနှစ်နှင့် ၂၀၂၇ ခုနှစ်အလွန်ကာလများတွင်လွှတ်တင်မည့် လကမ္ဘာစူးစမ်းလေ့လာရေး မစ်ရှင်များအတွက် ဘလူးအော်ရီဂျင်ကုမ္ပဏီ၏ New Glenn ဒုံးပျံကို အသုံးပြုရန်စီစဉ်ထားကြောင်း သိရသည်။

ဘလူးအော်ရီဂျင်ကုမ္ပဏီသည် ယခုနှစ် မေ ၂၈ ရက်တွင် New Glenn ဒုံးပျံ ပင်မဒုံးယာဉ်ဒုံးအင်ဂျင်များကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ်အာကာသစခန်း၌ စမ်းသပ်စဉ် ဒုံးယာဉ်ပေါက်ကွဲခဲ့ရာ ဒုံးပစ်စင်လည်း ပျက်စီးခဲ့ရသည်။

သို့ရာတွင် New Glenn ဒုံးပျံကို ယခုနှစ်ကုန်ပိုင်းတွင် လွှတ်တင်နိုင်ရေးအတွက် ကြိုးပမ်းနေကြောင်း ဘလူးအော်ရီဂျင်ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

နာဆာအဖွဲ့သည် ယခုနှစ် ဧပြီလတွင် အားတီးမစ်-၂ မစ်ရှင်ကို လွှတ်တင်ခဲ့ရာ အောင်မြင်မှုရရှိခဲ့ပြီး အားတီးမစ်-၃ မစ်ရှင်ကို ၂၀၂၇ ခုနှစ်အတွင်း လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## နာဆာက နန်စီဂရေ့စ်ရိုမန်အာကာသရေဒီယိုတယ်လီစကုပ်ကို ဩဂုတ် ၃၀ ရက်တွင် လွှတ်တင်ရန်စီစဉ်

**ဝါရှင်တန် ဇူလိုင် ၂၉**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) သည် နန်စီဂရေ့စ်ရိုမန်အာကာသရေဒီယိုတယ်လီစကုပ်ကို ဩဂုတ် ၃၀ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း ဇူလိုင် ၂၈ ရက် သတင်းများအရ သိရသည်။



နန်စီဂရေ့စ်ရိုမန် အာကာသရေဒီယိုတယ်လီစကုပ် လွှတ်တင်ရေးအစီအစဉ်နှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ တစ်ရပ် ပြုလုပ်ခဲ့သည်။

နာဆာအဖွဲ့သည် နန်စီဂရေ့စ်ရိုမန် အာကာသရေဒီယိုတယ်လီစကုပ်ကို ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းမှတစ်ဆင့် ဩဂုတ် ၃၀ ရက်တွင် လွှတ်တင်မည်ဖြစ်သည်။

နန်စီဂရေ့စ်ရိုမန် အာကာသရေဒီယိုတယ်လီစကုပ်ကို စပေ့အိတ်ကုမ္ပဏီ၏ ဖယ်လ်ကွန်ဟဲဗီး ဒုံးပျံဖြင့် လွှတ်တင်ရန် နာဆာက စီစဉ်ထားသည်။

လွှတ်တင်ပြီးချိန်တွင် နန်စီဂရေ့စ်ရိုမန် အာကာသရေဒီယိုတယ်လီစကုပ်သည် ကမ္ဘာဂြိုဟ်နှင့် မိုင်တစ်သန်းခန့်အကွာတွင် နေရာယူ၍ စကြဝဠာကို စူးစမ်းလေ့လာမည်ဖြစ်သည်။

နန်စီဂရေ့စ်ရိုမန် အာကာသရေဒီယိုတယ်လီစကုပ်ကို နာဆာ၏ ဂေါ့ဒက်အာကာသထိန်းချုပ်ရေးစခန်းက စီမံခန့်ခွဲမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

## ဆိုယုဇ်အမ်အက်-၂၈ အာကာသလူသယ်ယာဉ် ကမ္ဘာမြေပေါ်သို့ အောင်မြင်စွာပြန်လည်ဆင်းသက်နိုင်ခဲ့

**မော်စကို ဇူလိုင် ၂၉**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) ၏ အာကာသယာဉ်မှူး တစ်ဦးနှင့် ရုရှားအာကာသယာဉ်မှူး နှစ်ဦးတို့ ပြန်လည်လိုက်ပါလာသည့် ဆိုယုဇ်အမ်အက်-၂၈ အာကာသလူသယ်ယာဉ်သည် ဇူလိုင် ၂၈ ရက်တွင် ကမ္ဘာမြေပေါ်သို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ အာကာသယာဉ်မှူး သုံးဦး ပြန်လည်လိုက်ပါလာသော ဆိုယုဇ်အမ်အက်-၂၈ အာကာသလူသယ်ယာဉ်သည် ဇူလိုင် ၂၈ ရက် နံနက်ပိုင်းတွင် ကမ္ဘာမြေအပြန်ခရီးစဉ်အတွက် နိုင်ငံတကာအာကာသစခန်းမှတစ်ဆင့် စတင်ခွာထွက်ခဲ့ကြောင်း သိရသည်။

နိုင်ငံတကာအာကာသစခန်းမှ စတင်ခွာထွက်ခဲ့ပြီး သုံးနာရီ ၂၄ မိနစ်အကြာတွင် ဆိုယုဇ်အမ်အက်-၂၈ အာကာသလူသယ်ယာဉ်သည် ကာဇက်စတန်နိုင်ငံ မြက်ခင်းပြင်ဒေသပေါ်သို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

ဆိုယုဇ်အမ်အက်-၂၈ အာကာသလူသယ်ယာဉ်နှင့်အတူ ပြန်လည်လိုက်ပါလာသည့် နာဆာအာကာသယာဉ်မှူး ခရစ်ဝီလျံ၊ ရုရှားအာကာသယာဉ်မှူး ဆာဂေးကပ်ဆဗာကော့နှင့် ဆာဂေးမီကာအက်တို့သည် နိုင်ငံတကာအာကာသစခန်း၌ ရက်ပေါင်း ၂၄၁ ရက်ကြာ တာဝန်ထမ်းဆောင်ခဲ့သူများဖြစ်ကြသည်။

ရုရှားအာကာသအေဂျင်စီသည် ဆိုယုဇ်အမ်အက်-၂၈ အာကာသလူသယ်ယာဉ်ကို ပြီးခဲ့သည့်နှစ် နိုဝင်ဘာ ၂၇ ရက်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

# HEALTH

## ငွေရေးကြေးရေးပူပင်ကြောင့်ကြမှုများက အာရုံနှာ့ဗ်ဆဲလ်များထိခိုက်ပျက်စီးပြီး ဦးနှောက်၏ ဇီဝသက်တမ်းအိုမင်းမှုမြန်ဆန်လာနိုင်

**လန်ဒန် ဇူလိုင် ၂၉**

ငွေရေးကြေးရေးပူပင်ကြောင့်ကြမှုများသည် အာရုံနှာ့ဗ်ဆဲလ်များထိခိုက်ပျက်စီးပြီး ဦးနှောက်၏ ဇီဝသက်တမ်းအိုမင်းမှု မြန်ဆန်လာနိုင်ကြောင်း သုတေသနပညာရှင်များက ဇူလိုင် ၂၈ ရက်တွင် ပြောကြားသည်။

ဗြိတိန်နိုင်ငံ လန်ဒန်ကောလိပ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ လူငယ်ဘဝတွင် ငွေရေးကြေးရေးအရ ရုန်းကန်ခဲ့ရသူများ သို့မဟုတ် ဝင်ငွေ နည်းပါးခဲ့သူများအနေဖြင့် အသက် ၅၀ ကျော်အရွယ်တွင် တွေးတောဆင်ခြင်နိုင်မှုစွမ်းရည် ကျဆင်းလာတတ်ကြောင်း သိရသည်။

ထို့ပြင် ဦးနှောက်ဓာတ်မှန်စစ်ဆေးမှုများအရ ငယ်ရွယ်ချိန်၌ ငွေရေးကြေးရေးအရ ကြောင့်ကြမှုရှိခဲ့သူများသည် အသက် ၆၀ နှင့် ၇၀ ကြားတွင် ဦးနှောက်အရွယ်အစား ကျုံ့ဝင်လာတတ်သည်ကို တွေ့ရကြောင်း သိရသည်။

ဦးနှောက်ကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှုရှိနိုင်သည့် အခြားနောက်ခံအကြောင်းတရားများကို ထည့်သွင်းစဉ်းစားခဲ့လျှင်ပင် ငွေကြေးပြဿနာနှင့်ဦးနှောက်ကျန်းမာရေးတို့ကြား ဆက်စပ်မှုမှာ ခိုင်မာအားကောင်းဆဲဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သုတေသန ပညာရှင်များ၏ အဆိုအရ ငွေကြေးပြဿနာကြောင့် အသက်ရလာချိန်တွင် ဦးနှောက်ကျန်းမာရေး ထိခိုက်မှုပြဿနာကို အမျိုးသားများကြားတွင် ပို၍တွေ့ရသည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## အဝလွန်နေသောသက်ကြီးပိုင်းအမျိုးသမီးများ ကန့်သတ်ထားသောကာလအတွင်း အစာစားပါက စိတ်ပိုင်းဆိုင်ရာကျန်းမာရေးကောင်းမွန်လာတတ်

**နယူးယောက် ဇူလိုင် ၂၉**

ကိုယ်အလေးချိန် ပုံမှန်ထက်လွန်ကဲနေသော သို့မဟုတ် အဝလွန်နေသော သက်ကြီးပိုင်းအမျိုးသမီးများအနေဖြင့် ကန့်သတ်ထားသောကာလအပိုင်းအခြားအတွင်း အစားအစာ စားသုံးပါက စိတ်ပိုင်းဆိုင်ရာကျန်းမာရေး ကောင်းမွန်လာတတ်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ဇူလိုင် ၂၈ ရက်တွင် ပြောကြားသည်။

အမေရိကန်သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကိုးနာရီအတွင်း အစာစားသုံးခြင်း၊ အိပ်ရာမဝင်မီ လေးနာရီအတွင်း အစာစားသုံးမှုကို ရှောင်ရှားခြင်းတို့ဖြင့် အဝလွန်သူသက်ကြီးပိုင်း အမျိုးသမီးများ၌ တွေးတောဆင်ခြင်နိုင်မှု စွမ်းရည်ကျဆင်းမှုကို တားဆီးနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

အစာစားချိန်ကို ကန့်သတ်၍ ကိုယ်အလေးချိန် လျှော့ချနိုင်မှု တစ်ခုတည်းဖြင့် သက်ကြီးပိုင်း အမျိုးသမီးများ၌ တွေးတောဆင်ခြင်နိုင်မှုစွမ်းရည် နှေးကွေးလာမှုကို တားဆီးရာတွင် အထောက်အကူပြုနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**

**Trs : KKO**



နိုင်ငံတကာ
**အားကစားသတင်းများ**

# Mubadala DC Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ကို အဲလက်စ် တက်ရောက်

ဝါရှင်တန် ဇူလိုင် ၂၉

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တွင် ကျင်းပနေသည့် Mubadala DC Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဖိလစ်ပိုင်တင်းနစ်မယ် အဲလက်စ်နှင့် တရုတ်တင်းနစ်မယ် ကျန်ကွင်းဝမ်တို့ ယှဉ်ပြိုင်ခဲ့ရာ အဲလက်စ်က (၄-၆၊ ၆-၄၊ ၆-၁) ရလဒ်ဖြင့် အနိုင်ရပြီး ဒုတိယအဆင့်ကို တက်ရောက်ခဲ့ကြောင်း TSN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဲလက်စ်သည် ပထမပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် ပြန်လည်အနိုင်ရပြီး အဆုံးအဖြတ်ပွဲစဉ်အဖြစ် တတိယပွဲငယ်ကို ဆက်လက်ယှဉ်ပြိုင်ခဲ့ရာ ပိုမိုပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

အဲလက်စ်က "ပထမပွဲငယ်က သိပ်ကိုခက်ခဲခဲ့ပါတယ်။ ပြတ်သားတဲ့ရလဒ်နဲ့ ရှုံးနိမ့်ခဲ့တဲ့အတွက် စိတ်ဓာတ်ပိုင်းဆိုင်ရာကို ထိခိုက်မှုရှိခဲ့ပါတယ်။ ဒါပေမဲ့လဲ စိတ်ကိုတည်ငြိမ်အောင်ထားပြီး ပွဲအပေါ် သေချာ အာရုံစိုက်ခဲ့ပါတယ်။ ဒုတိယပွဲငယ်က အလှည့်အပြောင်းဖြစ်ခဲ့ပါတယ်။ ပြတ်သားတဲ့ရလဒ်နဲ့အနိုင်ရခဲ့တဲ့အတွက် စိတ်ဓာတ်ပိုင်းဆိုင်ရာကို အများကြီးအထောက်အကူ ဖြစ်စေခဲ့ပါတယ်။ နောက်ဆုံးပွဲငယ်မှာ ကစားနိုင်တဲ့ စွမ်းဆောင်ရည် အပေါ်မှာတော့ တကယ်ကို အားရကျေနပ်မှုရှိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : TSN

Trs : AZL

# ဘရာဇီးအသင်း ကစားသမားဘဝမှ အနားယူကြောင်း နေမာ ကြေညာ



ရီယိုဒီဂျနေရီး ဇူလိုင် ၂၉

ဘရာဇီးအသင်း တိုက်စစ်ကစားသမားနေမာသည် ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပါဝင်ကစားခွင့်ရခဲ့သော်လည်း အသင်းအနေဖြင့် ၁၆ သင်း ရှုံးထွက်အဆင့်မှ ထွက်ခွာခဲ့ပြီးနောက် နိုင်ငံလက်ရွေးစင် ကစားသမားဘဝမှ အနားယူကြောင်း ကြေညာခဲ့သည်ဟု Goal.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

နေမာသည် ဘရာဇီးအသင်းတွင် ၂၀၁၀ ပြည့်နှစ်က ပထမဆုံးပွဲထွက်ကစားခွင့်ရရှိခဲ့ပြီး အသင်းနှင့်အတူ ၂၀၁၃ ခုနှစ်တွင် ကွန်ဖယ်ဒရေးရှင်းဖလား၊ ၂၀၁၆ ခုနှစ်တွင် အိုလံပစ် ချန်ပီယံဖလားတို့ ဆွတ်ခူးခဲ့ပြီးနောက် ယခုကမ္ဘာ့ဖလားပြိုင်ပွဲတွင် ၎င်းအနေဖြင့် လေးကြိမ်မြောက် ပါဝင်ခွင့်ရခဲ့သော်လည်း ၁၆ သင်း ရှုံးထွက်အဆင့်တွင် နော်ဝေအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ကာ ပြိုင်ပွဲမှထွက်ခွာခဲ့ရပြီး အဆိုပါပွဲစဉ်သည် ၎င်းအတွက် ဘရာဇီးအသင်း ကစားသမားဘဝ နောက်ဆုံးပွဲစဉ်ဖြစ်ခဲ့သည်။

နေမာသည် ယခုကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီက ခြေထောက်ကြွက်သားဒဏ်ရာ နှစ်ကြိမ်ရရှိခဲ့ပြီး ကာလရှည်အနားယူခဲ့ရသဖြင့် ပြိုင်ပွဲနှင့်လွဲချော်ရန် နီးစပ်ခဲ့သော်လည်း အုပ်စုပွဲစဉ်နှစ်ပွဲကို ကြံ့ခိုင်မှုလိုအပ်ချက်ကြောင့် ပါဝင်နိုင်ခြင်းမရှိခဲ့ဘဲ နောက်ပိုင်းပွဲစဉ်များတွင် အသင်းအတွက် ပါဝင်ကစားပေးခဲ့ပြီး နိုင်ငံလက်ရွေးစင်ကစားသမားဘဝ သက်တမ်းတစ်လျှောက် ပြိုင်ပွဲစုံ ပွဲ ၁၃၀ တွင် သွင်းဂိုး ၈၀ ထိ သွင်းယူခဲ့ကာ လက်ရွေးစင်အသင်း၌ သွင်းဂိုးအများဆုံး ကစားသမားအဖြစ် ရပ်တည်ထားကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# ဂျိုရှုအာဗန်နှင့် ပန်တိုဂျာတို့တွဲဆိုင်းပါဝင်မည့် UFC 331 ပြိုင်ပွဲတွင် စုစုပေါင်းတွဲဆိုင်း ၁၃ ဆိုင်းဖြင့် ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၉

မြန်မာနွယ်ဖွား ချင်းဖိုက်တာ ဂျိုရှုအာဗန်နှင့် ဘရာဇီးဖိုက်တာ ပန်တိုဂျာတို့ တွဲဆိုင်းပါဝင်မည့် UFC 331 ပြိုင်ပွဲတွင် စုစုပေါင်းတွဲဆိုင်း ၁၃ ဆိုင်းဖြင့် ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။



လက်ရှိ UFC ကမ္ဘာ့ဖလိုင်းဝိတ်တန်းချန်ပီယံ ဂျိုရှုအာဗန်သည် ဒုတိယမြောက် ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် ချန်ပီယံဟောင်းတစ်ဦးဖြစ်သည့် ပန်တိုဂျာနှင့်ပြိုင်ပွဲ၏ အဓိကတွဲဆိုင်းအဖြစ် ထိုးသတ်ရမည်ဖြစ်သည်။

UFC နှင့် စာချုပ်ချုပ်ဆိုကာ UFCပြိုင်ပွဲများဝင်ရောက်ထိုးသတ်နေသည့် ဂျိုရှုအာဗန်သည် နိုင်ပွဲများ ဆက်တိုက်ရရှိခဲ့ပြီး လက်ရှိ UFC ကမ္ဘာ့ဖလိုင်းဝိတ်တန်း ချန်ပီယံခါးပတ်ကိုလည်း ပန်တိုဂျာကို ပထမအချီမှာပင် အလဲထိုး ရလဒ်ဖြင့် အနိုင်ရကာ ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဂျိုရှုအာဗန်နှင့် ပန်တိုဂျာတို့သည် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၇ ရက်က ထိုးသတ်ခဲ့သည့်ပွဲစဉ်၌ ပထမအချီ အစောပိုင်းတွင် ပန်တိုဂျာက လက်ကျိုးခဲ့သည့်အတွက် ပွဲစဉ်ဆက်လက်ထိုးသတ်နိုင်ခြင်း မရှိခဲ့ဘဲ ဒိုင်ပွဲရပ်ရလဒ်ဖြင့် အရှုံးပေးခဲ့ရပြီး ယခုအခါ ၎င်း၏ချန်ပီယံခါးပတ်အတွက် ပြန်လည်စိန်ခေါ်ခဲ့ခြင်းဖြစ်သည်။

ဂျိုရှုအာဗန်နှင့် ပန်တိုဂျာတို့ တွဲဆိုင်းပါဝင်မည့် UFC 331 ပြိုင်ပွဲကို လာမည့် စက်တင်ဘာ ၁၉ ရက်တွင် အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

STA

# အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်း အုပ်စုအဖွင့်ပွဲစဉ်အဖြစ် တောင်ကိုရီးယားအသင်းနှင့် စတင်ကစားရမည်

ရန်ကုန် ဇူလိုင် ၂၉

အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်ဇယားများ ထုတ်ပြန်အပြီးတွင် မြန်မာအသင်းသည် အုပ်စုအဖွင့်ပွဲစဉ်အဖြစ် တောင်ကိုရီးယားအသင်းနှင့် စတင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်းသည် တောင်ကိုရီးယားအသင်း၊ မြောက်ကိုရီးယားအသင်း၊ ဘင်္ဂလားဒေ့ရှ် အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး အုပ်စုပွဲစဉ်များကို ဂျပန်နိုင်ငံ အိုဆာကာမြို့ရှိ Nagai Stadium တွင် ကျင်းပမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် လာမည့် စက်တင်ဘာ ၁၄ ရက် မြန်မာစံတော်ချိန် ညနေ ၅ နာရီတွင် တောင်ကိုရီးယားအသင်း၊ စက်တင်ဘာ ၁၇ ရက် မြန်မာစံတော်ချိန် ညနေ ၅ နာရီတွင် မြောက်ကိုရီးယား အသင်း၊ စက်တင်ဘာ ၂၀ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီ၌တွင် ဘင်္ဂလားဒေ့ရှ်အသင်းနှင့် အသီးသီးကစားမည်ဖြစ်သည်။

အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် လေးသင်းပါ သုံးအုပ်စု ခွဲခြားကျင်းပမည်ဖြစ်ပြီး အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စုတစ်ခုချင်းစီမှ အုပ်စုပထမနှင့် ဒုတိယနေရာရရှိသည့် အသင်းခြောက်သင်းနှင့် အကောင်းဆုံး အုပ်စုတတိယနေရာ ရရှိသည့် အသင်းနှစ်သင်း စုစုပေါင်း ရှစ်သင်းမှာ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ် ကစားရမည်ဖြစ်ကြောင်း သိရသည်။

STA

# ၂၀၂၆ ဖီဖာ- အာဆီယံဖလားဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်း Division-2 ၌ အုပ်စု(A)တွင်ကျရောက်

ရန်ကုန် ဇူလိုင် ၂၉

ကမ္ဘာ့ ဘောလုံးအဖွဲ့ချုပ် အသိအမှတ်ပြု ပြိုင်ပွဲဖြစ်ပြီး ပထမဆုံးအကြိမ်ကျင်းပမည့် ၂၀၂၆ ဖီဖာ-အာဆီယံဖလားပြိုင်ပွဲ အုပ်စု မဲခွဲမှုအပြီးတွင် မြန်မာအသင်းသည် Division-2 ၌ အုပ်စု(A)တွင် ကျရောက်ခဲ့ကြောင်း သိရသည်။



အဆိုပါပြိုင်ပွဲကို အာရှနှင့် အာဆီယံဒေသတွင်း နိုင်ငံများမှ ဘောလုံးအသင်းများ ပိုမိုဖွံ့ဖြိုးတိုးတက်မှုရှိစေရန်အတွက် ပြိုင်ပွဲအသစ်အဖြစ် ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်သည်။

၂၀၂၆ ဖီဖာ- အာဆီယံဖလား ပြိုင်ပွဲကို Division-1နှင့် Division-2 ဟူ၍ နှစ်ပိုင်းခွဲခြားကျင်းပမည်ဖြစ်ပြီး အာရှနှင့်အာဆီယံဒေသတွင်းမှ ကမ္ဘာ့အဆင့်သတ်မှတ်ချက်မြင့်သည့်အသင်း ရှစ်သင်းက Division-1 အဆင့်တွင်ကစားရမည်ဖြစ်ပြီး ကမ္ဘာ့အဆင့်သတ်မှတ်ချက် နိမ့်သည့်အသင်း ခြောက်သင်းက Division-2 အဆင့်တွင် ကစားရမည်ဖြစ်ကာ မြန်မာအသင်းအနေဖြင့် Division-2 တွင် ကစားရမည်ဖြစ်သည်။

၂၀၂၆ ဖီဖာ-အာဆီယံဖလား ပြိုင်ပွဲ မဲခွဲမှုအပြီး Division-1 အုပ်စု(A)တွင် အင်ဒိုနီးရှားအသင်း၊ အိန္ဒိယအသင်း၊ မလေးရှားအသင်း၊ စင်ကာပူအသင်း၊ အုပ်စု(B)တွင် ဗီယက်နမ်အသင်း၊ ပါကစ္စတန်အသင်း၊ ထိုင်းအသင်း၊ ဖိလစ်ပိုင်အသင်း၊ Division-2 အဆင့် အုပ်စု(A)တွင် ဟောင်ကောင်အသင်း၊ မြန်မာအသင်း၊ ဘရူနိုင်းအသင်း၊ အုပ်စု(B)တွင် ကမ္ဘောဒီးယားအသင်း၊ လာအိုအသင်း၊ တီမောလက်စ်တေအသင်းတို့ ပါဝင်ခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲသတ်မှတ်ချက်များအရ ယခုနှစ် ၂၀၂၆ ဖီဖာ-အာဆီယံဖလားပြိုင်ပွဲ Division-2 တွင် ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်သည့်အသင်းသည် လာမည့် ၂၀၂၇ ခုနှစ်ပြိုင်ပွဲတွင် Division-1 သို့ တန်းတက်ကစားခွင့် ရရှိမည်ဖြစ်ပြီး ယခုနှစ်ပြိုင်ပွဲ Division-2 ပွဲစဉ်များကို ဟောင်ကောင်နှင့် Division-1 ပွဲစဉ်များကို အင်ဒိုနီးရှားနိုင်ငံတို့က အိမ်ရှင်အဖြစ် လက်ခံကျင်းပမည် ဖြစ်ကြောင်း သိရသည်။

STA

# ၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအပြီး အမ်ဘာတ်ပီအပါအဝင် ပြင်သစ်အသင်းမှကစားသမားအများစု ဈေးကွက်တန်ဖိုးများ မြင့်တက်လာ




ပဲရစ် ဇူလိုင် ၂၉

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲအပြီး ပြင်သစ်အသင်းမှ အမ်ဘာတ်ပီ အပါအဝင် ကစားသမားအများစု ဈေးကွက်တန်ဖိုးများ မြင့်လာခဲ့ကြောင်း Transfermarket သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အမ်ဘာတ်ပီအနေဖြင့် အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသခဲ့ပြီး ပြိုင်ပွဲတွင် သွင်းဂိုး ၁၀ ဂိုးထိ သွင်းယူခဲ့ကာ ပြိုင်ပွဲ၏ သွင်းဂိုးအများဆုံး ကစားသမားဆုကို ဆွတ်ခူးခဲ့ပြီးနောက် ၎င်း၏ ဈေးကွက် တန်ဖိုးမှာလည်း မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ စတင်မီက အမ်ဘာတ်ပီ၏ ဈေးကွက်တန်ဖိုးမှာ ယူရို သန်း ၁၈၀ သာ ရှိခဲ့သော်လည်း ကမ္ဘာ့ဖလားပြိုင်ပွဲ အပြီးတွင် ၎င်း၏ ဈေးကွက်တန်ဖိုးမှာ သန်း ၂၀၀ ထိ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

အလားတူ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဂိုးဖန်တီးမှုအများဆုံး ကစားသမားအဖြစ် ရပ်တည်ခဲ့သည့် အိုလီဆီသည်လည်း ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အကောင်းဆုံး ခြေစွမ်းပြသခဲ့ပြီးနောက် ၎င်း၏ ဈေးကွက်တန်ဖိုးမှာ ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီက ယူရို သန်း ၁၅၀ သာ ရှိခဲ့သော်လည်း ပြိုင်ပွဲအပြီးတွင် ယူရို သန်း ၁၇၀ ထိ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ထို့အတူ လူငယ်ကစားသမား ဘာကိုလာသည်လည်း ပြိုင်ပွဲမတိုင်မီက ယူရို သန်း ၇၀ သာရှိခဲ့သော်လည်း ပြိုင်ပွဲအပြီးတွင် ယူရို သန်း ၉၀ ရှိလာခဲ့သကဲ့သို့ အုပါမီကာနိုသည်လည်း ပြိုင်ပွဲမတိုင်မီက ယူရို သန်း ၇၀ သာရှိခဲ့ရာ ပြိုင်ပွဲအပြီးတွင် ယူရို ၇၅ သန်းထိ ရောက်ရှိလာခဲ့ကြောင်း သိရသည်။ Ref : Transfermarket

Trs : STA

# ASEAN Hyundai Cup 2026 ပြိုင်ပွဲ အုပ်စုဒုတိယပွဲစဉ်များအပြီး စင်ကာပူနှင့် မလေးရှားအသင်းတို့ အုပ်စုပထမနေရာတွင် ဦးဆောင်

ရန်ကုန် ဇူလိုင် ၂၉

ASEAN Hyundai Cup 2026 ပြိုင်ပွဲ အုပ်စုဒုတိယပွဲစဉ်များ အပြီးတွင် စင်ကာပူအသင်းနှင့် မလေးရှားအသင်းတို့ အုပ်စုပထမနေရာတွင် အသီးသီး ဦးဆောင်နေကြောင်း သိရသည်။

ASEAN Hyundai Cup 2026 ပြိုင်ပွဲ အုပ်စုဒုတိယပွဲစဉ်များအပြီး အုပ်စု(A)တွင် စင်ကာပူအသင်းက နှစ်ပွဲကစားပြီး နှစ်ပွဲအနိုင်ရခဲ့ကာ အုပ်စုပထမနေရာ၌ ဦးဆောင်နေသကဲ့သို့ အုပ်စု(B)တွင်လည်း မလေးရှားအသင်းက နှစ်ပွဲကစားပြီး နှစ်ပွဲအနိုင်ဖြင့် ဦးဆောင်နေခြင်းဖြစ်သည်။

ASEAN Hyundai Cup 2026 ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို နှစ်ရက်တာရပ်နားမည်ဖြစ်ပြီး ဇူလိုင် ၃၁ ရက်တွင် တီမောလက်စ်တေအသင်းနှင့် အင်ဒိုနီးရှားအသင်း၊ ဗီယက်နမ်အသင်းနှင့် စင်ကာပူအသင်း၊ ဩဂုတ် ၁ ရက်တွင် လာအိုအသင်းနှင့် ဖိလစ်ပိုင်အသင်း၊ ထိုင်းအသင်းနှင့် မလေးရှားအသင်းတို့ ဆက်လက်ကစားမည်ဖြစ်သည်။

ASEAN Hyundai Cup 2026 ပြိုင်ပွဲတွင် မြန်မာအသင်းသည် အုပ်စုပထမပွဲစဉ်တွင် မလေးရှားအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယပွဲစဉ်တွင် ဖိလစ်ပိုင်အသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီးနောက် အုပ်စုတတိယပွဲစဉ်အဖြစ် လာအိုအသင်းနှင့် ဩဂုတ် ၄ ရက် ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏ အားကစားကွင်းတွင် လက်ခံကစားရမည် ဖြစ်ကြောင်း သိရသည်။

STA

# FIFA/MFF Regional Training Center အတွက် ဒေသအလိုက်လေ့ကျင့်ရေးစင်တာများဆက်လက်ဖွင့်လှစ်ရန် အသက် ၁၄ နှစ်အောက် ကစားသမားရွေးချယ်ပွဲများ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၉

FIFA/MFF Regional Training Center အတွက် ဒေသအလိုက် လေ့ကျင့်ရေးစင်တာများ ဆက်လက်ဖွင့်လှစ်ရန် အသက် ၁၄ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ကစားသမား ရွေးချယ်ပွဲများ ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

FIFA/MFF Regional Training Center များမှ မြန်မာ့ယူ-၁၆ အသင်းနှင့် အကယ်ဒမီများအတွက် ကစားသမား စုစုပေါင်း ၂၂ ဦးကို မွေးထုတ်ပေးနိုင်ခဲ့သည်။

FIFA/MFF Regional Training Center အတွက် ကစားသမား ရွေးချယ်ပွဲများကို နေပြည်တော်တွင် ဩဂုတ် ၁ ရက်မှ ၁၅ ရက်အတွင်း ဖုန်း - 09682777024 သို့ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး(ပုသိမ်)၌ ဩဂုတ် ၁ ရက်မှ ၁၅ ရက်အတွင်း ဖုန်း- 09422588007၊ 09692931275၊ 09760429275 သို့ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး (မန္တလေး) တွင်ဩဂုတ်၁ရက်မှ၁၅ရက်အတွင်း ဖုန်း- 09444084066၊ 09493221174၊ 09787579584 သို့ ဆက်သွယ်မေးမြန်းနိုင်မည်ဖြစ်သည်။

အလားတူ ပဲခူးတိုင်းဒေသကြီး (ပဲခူး)၌ ဩဂုတ် ၆ ရက်နှင့် ၇ ရက်တို့တွင် ဖုန်း- 09448044663၊ 09770969662၊ 09882318880 သို့ လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ကြီး)တွင် ဩဂုတ် ၁၀ ရက်နှင့် ၁၂ ရက်တို့တွင် ဖုန်း- 09252041979၊ 09940203025၊ 09779597134 သို့ လည်းကောင်း၊ မွန်ပြည်နယ် (မော်လမြိုင်)တွင် ဩဂုတ် ၃ ရက်နှင့် ၄ ရက်တို့တွင် ဖုန်း 09693299602, 09699606330, 09401545027 သို့ လည်းကောင်း၊ ကချင်ပြည်နယ် (မြစ်ကြီးနား)တွင် ဩဂုတ် ၁ ရက်မှ ၁၅ ရက်အတွင်း ဖုန်း- 0943022674 သို့ လည်းကောင်း၊ ကရင်ပြည်နယ်(ဘားအံ)၌ ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၁ ရက်တွင် ဖုန်း- 09451863969၊ 09763156240၊ 09767936674 သို့ ဆက်သွယ်မေးမြန်းနိုင်မည် ဖြစ်ကြောင်း သိရသည်။

STA

# 2027 Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲဝင်ရန် ဥရောပအသင်းက ဒုတိယအသင်းခေါင်းဆောင်အဖြစ် ဟာရင်တန်ကို ခန့်အပ်



ဒဗ္ဗလင် ဇူလိုင် ၂၉

ဥရောပမြေတွင် ကျင်းပမည့် 2027 Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲဝင်ရန် ဥရောပအသင်းက ကြိုတင်စုဖွဲ့မှုများ ပြုလုပ်နေပြီး အသင်း၏ ဒုတိယအသင်းခေါင်းဆောင်အဖြစ် အိုင်ယာလန် ဂေါက်သီးရိုက် ကစားသမား ဟာရင်တန်ကို ခန့်အပ်ခဲ့ကြောင်း ဥရောပ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြေညာခဲ့သည်ဟု Golf Monthly သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဥရောပအသင်းသည် 2026 Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်မြေ၌ အောင်မြင်မှုရရှိအောင် စွမ်းဆောင်ခဲ့ပြီးနောက် ဥရောပမြေတွင် အောင်မြင်မှုရရှိရန် ပစ်မှတ်ထား ပြင်ဆင်နေကြောင်း ဥရောပဂေါက်သီးရိုက်အဖွဲ့ချုပ်က ထုတ်ပြန်ခဲ့သည်။

အိမ်ရှင်အဖြစ် အိုင်ယာလန်နိုင်ငံတွင် ကျင်းပမည်ဖြစ်ပြီး ဟာရင်တန်က ဒုတိယအသင်းခေါင်းဆောင်အဖြစ် သုံးကြိမ်မြောက် တာဝန်ယူမည်ဖြစ်ကြောင်း သိရသည်။

ဟာရင်တန်က "အသင်းခေါင်းဆောင် လုခ်ဒေါ်နယ်က ဒုတိယအသင်းခေါင်းဆောင်အဖြစ် တာဝန်ယူပေးဖို့ ကမ်းလှမ်းလာတော့ အံ့ဩမိပါတယ်။ လုံးဝကို မျှော်လင့်မထားပါဘူး။ ဥရောပအသင်းနဲ့အတူ နှစ်ကြိမ် ချန်ပီယံဆုကို ရရှိထားပါတယ်။ သုံးကြိမ်မြောက်ချန်ပီယံဆုကို ရယူပေးချင်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Golf Monthly

Trs : AZL

# MSC EWC 2026 Esports MLBB ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု Yangon Galacticos အသင်း ဆီမီးဖိုင်နယ်အဆင့်တက်ရောက်

ရန်ကုန် ဇူလိုင် ၂၉

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပနေသည့် MSC EWC 2026 Esports MLBB ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု Yangon Galacticos အသင်း ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။




MSC EWC 2026 Esports MLBB ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအသင်းအဖြစ် ကစားနေသည့် Yangon Galacticos အသင်းသည် အုပ်စုအဆင့်ပွဲစဉ်များတွင် ရလဒ်များ ဆက်တိုက်ကောင်းမွန်ခဲ့ကာ ဆော်ဒီအာရေဗျကိုယ်စားပြု GK Esports အသင်းကို နှစ်ပွဲပြတ်၊ ကမ္ဘောဒီးယားကိုယ်စားပြု PRO Esports အသင်းကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရခဲ့ပြီး ကွာတားဖိုင်နယ် အဆင့်သို့ တက်ရောက်ခဲ့သည်။

ထို့နောက် ကွာတားဖိုင်နယ်အဆင့်ပြိုင်ပွဲ ပွဲစဉ်ရွေးချယ်မှုအပြီးတွင် Yangon Galacticos အသင်းသည် အုပ်စုပွဲစဉ်တွင် အနိုင်ရခဲ့သည့် PRO Esports အသင်းနှင့် ထပ်မံတွေ့ဆုံခဲ့ပြီး ယနေ့ညနေ ၄ နာရီခွဲက ကွာတားဖိုင်နယ်အဆင့်အဖြစ် ကစားခဲ့ရာ Yangon Galacticos အသင်းက PRO Esports အသင်းကို လက်ရည်အသာစီးဖြင့် ကစားခဲ့ကာ သုံးပွဲပြတ်ဖြင့် အနိုင်ရခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်သို့တက်ရောက်ခဲ့ခြင်းဖြစ်သည်။

MSC EWC 2026 Esports MLBB ပြိုင်ပွဲတွင် ရှုံးပွဲမရှိဖြင့် ဆီမီးဖိုင်နယ်အဆင့် တက်ရောက်ခဲ့သည့် Yangon Galacticos အသင်းသည် ဆုကြေးငွေအဖြစ် အမေရိကန်ဒေါ်လာ ၁၅၀၀၀၀ ရရှိထားပြီးဖြစ်ပြီး ဆီမီးဖိုင်နယ်အဆင့်တွင် ဖိလစ်ပိုင်ကိုယ်စားပြု Team Falcon အသင်းနှင့် ဆက်လက် ကစားရမည်ဖြစ်ကြောင်း သိရသည်။

STA

# အသက်ရှည်ပြီး ကျန်းမာစွာနေထိုင်နိုင်ရန် အချက် ၁၀ ချက်

မန္တလာဆရာမျိုး



ယခင်တစ်ပတ်မှအဆက်

**၄။ ဆေးလိပ်နှင့် ဆေးရွက်ကြီးထုတ်ကုန် အားလုံးကို ရှောင်ပါ**

ဆေးလိပ်သောက်ခြင်းသည် အသက်တိုစေသည့် အဓိကအကြောင်းရင်းများအနက် တစ်ခုဖြစ်သည်။ ဆေးလိပ်တွင် နီကိုတင်းသာမက ကင်ဆာဖြစ်စေသော ဓာတုပစ္စည်းများစွာ ပါဝင်ပါသည်။ ၎င်းတို့သည် အဆုတ်၊ နှလုံး၊ သွေးကြောနှင့် ခန္ဓာကိုယ်အင်္ဂါအစိတ်အပိုင်းများစွာကို ထိခိုက်စေသည်။

ဆေးလိပ်သည် အဆုတ်ကင်ဆာနှင့် အဓိကဆက်စပ်သော်လည်း ပါးစပ်၊ လည်ချောင်း၊ အစာမျိုပြွန်၊ အစာအိမ်၊ ပန်ကရိယ၊ ကျောက်ကပ်၊ ဆီးအိမ်နှင့် သားအိမ်ခေါင်းကင်ဆာအပါအဝင် ကင်ဆာအမျိုးမျိုးနှင့်လည်း ဆက်စပ်သည်။ ထို့ပြင် နှလုံးသွေးကြောပိတ်ခြင်း၊ လေဖြတ်ခြင်း၊ နာတာရှည် အဆုတ်ပိတ်ရောဂါ၊ ခြေထောက်သွေးကြောပိတ်ခြင်း၊ အနာကျက်နှေးခြင်းနှင့် အရိုးပွရောဂါဖြစ်နိုင်ခြေကို တိုးစေသည်။

ကွမ်းယာတွင် ဆေးရွက်ကြီးထည့်စားခြင်း၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်နှင့် ဆေးရွက်ကြီး အမျိုးမျိုးသည်လည်း ဘေးကင်းခြင်းမရှိပါ။ ဆေးရွက်ကြီးကို မီးမရှို့ဘဲ အသုံးပြုသည့်ပုံစံများသည် ပါးစပ်ကင်ဆာနှင့် အခြားခံတွင်းရောဂါများ ဖြစ်နိုင်ခြေကို တိုးစေသည်။

အခြားသူများသောက်သည့် ဆေးလိပ်ငွေ့ကို ရှူရှိုက်ရခြင်းသည်လည်း အန္တရာယ်ရှိသည်။ အိမ်တွင်း၊ ကားအတွင်းနှင့် ကလေးများအနီးတွင် ဆေးလိပ်မသောက်သင့်ပါ။ ပြတင်းပေါက်ဖွင့်ခြင်း၊ ပန်ကာဖွင့်ခြင်းတို့ဖြင့် ဆေးလိပ်ငွေ့၏ အန္တရာယ်ကို လုံးဝမဖယ်ရှားနိုင်ပါ။

ဆေးလိပ်ဖြတ်ခြင်းကို မည်သည့်အသက်အရွယ်တွင်မဆို စတင်နိုင်ပြီး ဆေးလိပ်ဖြတ်ပြီးနောက် ခန္ဓာကိုယ်၏ ကျန်းမာရေးအန္တရာယ်များသည် တဖြည်းဖြည်း လျော့နည်းလာသည်။ မိမိတစ်ဦးတည်းဖြတ်ရန် ခက်ခဲပါက ဆရာဝန်၏ အကြံဉာဏ်၊ အပြုအမူပြောင်းလဲရေးအကူအညီနှင့် လိုအပ်ပါက နီကိုတင်းအစားထိုးကုသမှု သို့မဟုတ် ဆေးဝါးများ၏ အကူအညီကို ရယူနိုင်သည်။

**၅။ အရက်နှင့်ပတ်သက်၍ နည်းလေ ကောင်းလေဟု သဘောထားပါ**

အရက်အနည်းငယ်သောက်ခြင်းသည် နှလုံးအတွက် ကောင်းသည်ဟူသော ယုံကြည်ချက်ကို လူတချို့ ကိုင်စွဲထားကြသည်။ သို့သော် အရက်သောက်ခြင်းတွင် ကျန်းမာရေးအန္တရာယ်များ ရှိပြီး အရက်မသောက်သူတစ်ဦးအနေဖြင့် ကျန်းမာရေးအတွက်ဟုဆိုကာ စတင်သောက်သုံးရန် မလိုအပ်ပေ။

အရက်သောက်ခြင်းသည် အသည်းအဆီဖုံးခြင်း၊ အသည်းရောင်ခြင်း၊ အသည်းခြောက်ခြင်း၊ သွေးတိုးခြင်း၊ နှလုံးခုန်မမှန်ခြင်း၊ ပန်ကရိယရောင်ခြင်း၊ စိတ်ကျန်းမာရေးပြဿနာ၊ အိပ်စက်မှုမကောင်းခြင်းနှင့် မတော်တဆထိခိုက်မှုများ ဖြစ်စေနိုင်သည်။ ထို့ပြင် ပါးစပ်၊ လည်ချောင်း၊ အစာမျိုပြွန်၊ အသည်း၊ အူမကြီးနှင့် ရင်သားကင်ဆာအပါအဝင် ကင်ဆာတချို့နှင့်လည်းဆက်စပ်နေသည်။

အရက်သောက်သုံးမှုပမာဏ တိုးလေလေ အန္တရာယ်ပိုမြင့် လေလေဖြစ်သည်။ ထို့ကြောင့် မသောက်ဘဲနေခြင်းက အန္တရာယ်အနည်းဆုံးဖြစ်ပြီး သောက်သုံးနေသူများကလည်း ပမာဏနှင့် အကြိမ်ရေကို လျှော့ချသင့်သည်။

ကိုယ်ဝန်ဆောင်သူများ၊ အသည်းရောဂါရှိသူများ၊ အရက်နှင့် အပြန်အလှန်သက်ရောက်နိုင်သော ဆေးဝါးများ သောက်နေသူများ၊ ယာဉ်မောင်းနှင်ရန် သို့မဟုတ် စက်ကိရိယာကိုင်တွယ်ရန်ရှိသူများနှင့် အရက်ထိန်းချုပ်မရသော ရာဇဝင်ရှိသူများသည် အရက်ကို ရှောင်သင့်သည်။

**၆။ ကိုယ်အလေးချိန်သာမက ခါးပတ်လည်နှင့် ကြွက်သားပမာဏကိုပါ ဂရုစိုက်ပါ**

အဝလွန်ခြင်းသည် ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးသွေးကြောရောဂါ၊ အသည်းအဆီဖုံးခြင်း၊ သွေးအဆီများခြင်း၊ အဆစ်ပျက်စီးခြင်း အိပ်စက်စဉ် အသက်ရှူလမ်းကြောင်းပိတ်ဆို့ခြင်းနှင့် ကင်ဆာတချို့ ဖြစ်နိုင်ခြေကို တိုးစေသည်။ သို့သော် ကိုယ်အလေးချိန်တစ်ခုတည်းဖြင့် ကျန်းမာရေးကို အပြည့်အဝတိုင်းတာ၍မရပေ။ ဝမ်းဗိုက်အတွင်း အဆီများစုပုံနေခြင်းသည် ပိုမိုအန္တရာယ်ရှိနိုင်သဖြင့် ခါးပတ်လည်ကိုလည်း ဂရုစိုက်သင့်သည်။ အာရှလူမျိုးများတွင် ကိုယ်အလေးချိန်အလွန်မများသော်လည်း ဝမ်းဗိုက်အဆီများခြင်းနှင့် ဆီးချိုဖြစ်နိုင်ခြေ မြင့်တက်နိုင်သည်။

ကိုယ်အလေးချိန်လျှော့ရာတွင် အစာမစားဘဲနေခြင်း၊ အလွန်အမင်းကန့်သတ်ထားသော အစားအသောက်အစီအစဉ်များနှင့် အတည်မပြုရသေးသော ဝိတ်ကျဆေးများကို အားကိုးခြင်းမပြုသင့်ပါ။ အစားအသောက်ပမာဏကို သင့်တင့်စွာ လျှော့ချခြင်း၊ ဟင်းသီးဟင်းရွက်နှင့် ပရိုတင်းဓာတ် တိုးစားခြင်း၊ အချိုရည်နှင့် ဆီကြော်စာများ လျှော့ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုကို တဖြည်းဖြည်းတိုးခြင်းတို့ဖြင့် ရေရှည်တည်တံ့သော ပြောင်းလဲမှုကို ပြုလုပ်သင့်သည်။

အသက်ကြီးသူများတွင် ကိုယ်အလေးချိန် အလွန်ကျဆင်းခြင်းနှင့် ကြွက်သားလျော့နည်းခြင်းသည်လည်း အန္တရာယ်ရှိသည်။ ကြွက်သားအားနည်းလာပါက လမ်းလျှောက်ရခက်ခြင်း၊ ချော်လဲခြင်း၊ အရိုးကျိုးခြင်းနှင့် အခြားသူကို မှီခိုရခြင်းတို့ ဖြစ်လာနိုင်သည်။ ထို့ကြောင့် အသက်ကြီးသူများအတွက် ဝိတ်လျှော့ခြင်းထက် သင့်တင့်သော အစားအသောက်၊ ပရိုတင်းဓာတ်လုံလောက်မှုနှင့် ကြွက်သားအားကောင်းစေသော လေ့ကျင့်ခန်းတို့ကို ပေါင်းစပ်ရန် ပို၍ အရေးကြီးသည်။

အကြောင်းမရှိဘဲ ကိုယ်အလေးချိန် လျင်မြန်စွာ ကျဆင်းခြင်း၊ အစာစားချင်စိတ်ပျောက်ခြင်း သို့မဟုတ် ကြွက်သားအားသိသိသာသာ လျော့နည်းလာခြင်းရှိပါက ရောဂါတစ်ခုခု၏ လက္ခဏာဖြစ်နိုင်သဖြင့် ဆေးစစ်သင့်သည်။

**၇။ စိတ်ဖိစီးမှုကို လုံးဝဖယ်ရှားရန်မဟုတ်ဘဲ စနစ်တကျကိုင်တွယ်တတ်ရန် လေ့ကျင့်ပါ**

စိတ်ဖိစီးမှုသည် လူ့ဘဝတွင် လုံးဝရှောင်လွှဲ၍မရသော အရာဖြစ်သည်။ အချိန်တိုအတွင်း ဖြစ်ပေါ်သည့် စိတ်ဖိစီးမှုသည် ပြဿနာတစ်ခုကို ဖြေရှင်းရန် လှုံ့ဆော်မှုဖြစ်စေနိုင်သော်လည်း ရက်ရှည်လများ ဆက်တိုက်စိတ်ဖိစီးနေခြင်းသည် ကိုယ်ခန္ဓာနှင့် စိတ်ကျန်းမာရေးကို ထိခိုက်စေနိုင်သည်။

နာတာရှည်စိတ်ဖိစီးမှုကြောင့် အိပ်မပျော်ခြင်း၊ ခေါင်းကိုက်ခြင်း၊ အစာမကြေခြင်း၊ သွေးပေါင်တက်ခြင်း၊ စိတ်တိုလွယ်ခြင်း၊ အာရုံစူးစိုက်ရခက်ခြင်းနှင့် စိတ်ကျခြင်းတို့ ဖြစ်နိုင်သည်။ လူတချို့သည် စိတ်ဖိစီးမှုကိုဖြေဖျောက်ရန် အလွန်အကျွံစားခြင်း၊ ဆေးလိပ်သောက်ခြင်း သို့မဟုတ် အရက်သောက်ခြင်းကို အသုံးပြုတတ်သဖြင့် နောက်ထပ်ကျန်းမာရေးပြဿနာများ ပေါ်ပေါက်လာနိုင်သည်။

စိတ်ဖိစီးမှုကို ကိုင်တွယ်ရန် နေ့စဉ်အနည်းငယ် လမ်းလျှောက်ခြင်း၊ အသက်ရှူလေ့ကျင့်ခန်းလုပ်ခြင်း၊ တရားထိုင်ခြင်း၊ သီချင်းနားထောင်ခြင်း၊ စာဖတ်ခြင်း၊ ပန်းပင်စိုက်ခြင်းနှင့် မိမိဝါသနာပါရာကို လုပ်ဆောင်ခြင်းတို့က အထောက်အကူဖြစ်စေနိုင်သည်။

မိမိထိန်းချုပ်နိုင်သောအရာနှင့် မထိန်းချုပ်နိုင်သောအရာကို ခွဲခြားသိမြင်ခြင်း၊ အလုပ်များကို ဦးစားပေးအလိုက် စီစဉ်ခြင်း၊ လိုအပ်သည့်အခါ မလုပ်နိုင်သေးပါဟု ငြင်းဆိုတတ်ခြင်းနှင့် အနားယူချိန် သတ်မှတ်ခြင်းတို့သည်လည်း အရေးကြီးသည်။

ဝမ်းနည်းစိတ်၊ စိတ်ပူပန်မှု၊ မျှော်လင့်ချက်မဲ့မှု သို့မဟုတ် မည်သည့်အရာကိုမျှ စိတ်မဝင်စားတော့ခြင်းတို့သည် နှစ်ပတ်ကျော် ဆက်လက်ဖြစ်နေပါက စိတ်ကျရောဂါ သို့မဟုတ် စိတ်ပူပန်မှုရောဂါဖြစ်နိုင်ပါသည်။ ထိုအခြေအနေကို စိတ်အားနည်းခြင်းဟု မယူဆဘဲ ကျန်းမာရေးပြဿနာတစ်ခုအဖြစ်သဘောထားကာ ဆရာဝန် သို့မဟုတ် စိတ်ကျန်းမာရေးပညာရှင်ထံ အကူအညီတောင်းသင့်သည်။

**၈။ ရောဂါဖြစ်လာမှ ကုသခြင်းထက် မဖြစ်မီကာကွယ်ပြီး စောစီးစွာရှာဖွေပါ**

ရောဂါများစွာသည် အစောပိုင်းတွင် နာကျင်မှု သို့မဟုတ် သိသာထင်ရှားသည့် လက္ခဏာမပြတတ်ပါ။ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ ကျောက်ကပ်ရောဂါနှင့် ကင်ဆာတချို့သည် လက္ခဏာပေါ်လာသည့်အချိန်တွင် ရောဂါအဆင့် တိုးတက်နေပြီး ဖြစ်နိုင်သည်။ ထို့ကြောင့် နေကောင်းနေသဖြင့် ဆေးစစ်ရန်မလိုဟု မယူဆသင့်ပါ။ အသက်အရွယ်၊ မိသားစုရာဇဝင်၊ ကိုယ်အလေးချိန်၊ ဆေးလိပ်သောက်ခြင်းနှင့် ရှိပြီးသားရောဂါများအပေါ် မူတည်၍ သွေးပေါင်ချိန်၊ သွေးချို၊ သွေးအဆီ၊ အသည်းနှင့် ကျောက်ကပ်လုပ်ငန်းတို့ကို အခါအားလျော်စွာ စစ်ဆေးသင့်သည်။

ကင်ဆာစစ်ဆေးမှုများကိုလည်း လူတိုင်း တစ်ပုံစံတည်း ပြုလုပ်ရမည်မဟုတ်ဘဲ အသက်၊ လိင်၊ မိသားစုရာဇဝင်နှင့် အန္တရာယ်အချက်များအလိုက် ပြုလုပ်သင့်သည်။ အမျိုးသမီးများတွင် သားအိမ်ခေါင်းကင်ဆာနှင့် ရင်သားကင်ဆာ စစ်ဆေးခြင်း၊ သင့်တော်သောအသက်အရွယ်ရှိ လူကြီးများတွင် အူမကြီးကင်ဆာ စစ်ဆေးခြင်းတို့ ပါဝင်နိုင်သည်။

ပုံမှန်ကျန်းမာရေးစစ်ဆေးမှုဆိုသည်မှာ ဓာတ်ခွဲစစ်ဆေးမှုအားလုံးကို နှစ်စဉ်အပြည့်အစုံ ပြုလုပ်ရမည်ဟု မဆိုလိုပါ။ မလိုအပ်သော စစ်ဆေးမှုများသည် ကုန်ကျစရိတ်များစေပြီး မမှန်ကန်သော အဖြေများကြောင့် စိုးရိမ်မှုနှင့် နောက်ထပ်မလိုအပ်သော စစ်ဆေးမှုများ ဖြစ်ပေါ်စေနိုင်သည်။ ထို့ကြောင့် မိမိအတွက် လိုအပ်သည့်စစ်ဆေးမှုနှင့် အကြိမ်ရေကို ဆရာဝန်နှင့် တိုင်ပင်သင့်သည်။

သွားနှင့် ခံတွင်းကျန်းမာရေး၊ မျက်စိ၊ နားကြားနိုင်မှုနှင့် အရိုးကျန်းမာရေးတို့ကိုလည်း မမေ့သင့်ပါ။ သွားကိုက်ခြင်း၊ သွားဖုံးရောင်ခြင်းနှင့် သွားမရှိခြင်းတို့ကြောင့် အစာကောင်းစွာမစားနိုင်ဘဲ အာဟာရချို့တဲ့လာနိုင်ပါသည်။ မျက်စိနှင့် နားကြားနိုင်မှု ကျဆင်းခြင်းသည် ချော်လဲမှု၊ အထီးကျန်မှုနှင့် နေ့စဉ်ဘဝလွတ်လပ်မှု ကျဆင်းခြင်းတို့ကို ဖြစ်စေနိုင်သည်။

ဆေးဝါးများစွာ သောက်သုံးနေရသူများသည် ဆေးစာရင်းကို အခါအားလျော်စွာ ဆရာဝန်နှင့် ပြန်လည် စစ်ဆေးသင့်သည်။ မလိုအပ်တော့သော ဆေး၊ ဆေးအချင်းချင်း အပြန်အလှန်သက်ရောက်မှုနှင့် ဘေးထွက်ဆိုးကျိုးများ ရှိနိုင်သည်။ မိမိသဘောဖြင့် ဆေးရပ်ခြင်း သို့မဟုတ် ဆေးပမာဏပြောင်းခြင်းကို မပြုသင့်ပါ။

**❖ ဆေးလိပ်သည် အဆုတ်ကင်ဆာနှင့် အဓိကဆက်စပ်သော်လည်း ပါးစပ်၊ လည်ချောင်း၊ အစာမျိုပြွန်၊ အစာအိမ်၊ ပန်ကရိယ၊ ကျောက်ကပ်၊ ဆီးအိမ်နှင့် သားအိမ်ခေါင်းကင်ဆာအပါအဝင် ကင်ဆာအမျိုးမျိုးနှင့်လည်း ဆက်စပ်သည်။ ထို့ပြင် နှလုံးသွေးကြောပိတ်ခြင်း၊ လေဖြတ်ခြင်း၊ နာတာရှည်အဆုတ်ပိတ်ရောဂါ၊ ခြေထောက်သွေးကြောပိတ်ခြင်း၊ အနာကျက်နှေးခြင်းနှင့် အရိုးပွရောဂါ ဖြစ်နိုင်ခြေကိုတိုးစေသည်။ ကွမ်းယာတွင် ဆေးရွက်ကြီးထည့်စားခြင်း၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်နှင့် ဆေးရွက်ကြီးအမျိုးမျိုးသည်လည်း ဘေးကင်းခြင်းမရှိပါ။ ❖**

ဆက်လက်ဖော်ပြပါမည်။

# ခေတ်သစ်အရုဏ်ဦးရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် စိန်ကျော်ကိုစိန်မခေါ်နဲ့ ရုပ်ရှင်ဇာတ်ကားကို ဩဂုတ်လဒုတိယပတ်အတွင်း ရုံတင်ပြသသွားမည်




**ရန်ကုန် ဇူလိုင် ၂၉**

ခေတ်သစ်အရုဏ်ဦး ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် စိန်ကျော်ကို စိန်မခေါ်နဲ့ ရုပ်ရှင်ဇာတ်ကားကို ဩဂုတ်လ ဒုတိယပတ်အတွင်း ရုံတင်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ စိန်ကျော်ကို စိန်မခေါ်နဲ့ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်ထားသူ သရုပ်ဆောင် ရှင်မွေလထံမှ သိရသည်။

အဆိုပါ စိန်ကျော်ကို စိန်မခေါ်နဲ့ ရုပ်ရှင်ဇာတ်ကား၏ ဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို လွမ်းဝေအောင်က ရေးသားထားပြီး ရိုက်ကွင်းဇာတ်ညွှန်းကို မင်းကိုစိုး(နတ်သံကွင်း)နှင့် ညာလက်တော်တို့က ရေးသားထားကာ ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)က ခေတ်သစ်အရုဏ်ဦး ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားက ဟာသဇာတ်မြူးဆိုပေမဲ့ ပုံမှန်ဟာသဇာတ်မြူးနဲ့မတူတဲ့ သရဲတွေလဲပါမယ်။ ဒီဇာတ်ကားထဲမှာ ကျွန်တော်တို့က သရဲဖမ်းတဲ့ မိသားစုပုံစံမျိုးဖြစ်ပါတယ်။ ရိုက်တာကလဲ ဦးဇော်ဆိုတော့ ဟာသနဲ့ပတ်သက်ရင် ဟာသဇာတ်ကားကို ချစ်စရာကောင်းအောင်၊ ရယ်စရာကောင်းအောင် ရိုက်တတ်တယ်ဆိုတော့ ပရိသတ်ကြည့်ရကျိုးနပ်မယ်လို့ ပြောချင်ပါတယ်။ မကြာခင် ရုံတင်တဲ့အခါ အားပေးကြပါအုံးလို့ ဖိတ်ခေါ်ပါတယ်"ဟု သရုပ်ဆောင် ရှင်မွေလက ပြောပြသည်။

အဆိုပါ စိန်ကျော်ကို စိန်မခေါ်နဲ့ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် နေဝင်း၊ ရှင်မွေလ၊ ခင်လှိုင်၊ ဇင်မျိုး၊ နေလင်း၊ ဘရန်ဒိုလီ၊ ဖိုးသဲ၊ သွက်လက်၊ ရန်ပြေ၊ ရွှေသမီး၊ ခြူးလေး၊ ချိုမဒီသွင်၊ စိုးမိုးကြည်၊ ဘေဘေး၊ ဖူးဖူးနန်းတော်၊ မျိုးကြည်၊ သုဇာပွင့်၊ အေးအေးအောင်၊ အိမ့်ကြာဖြူ၊ သက်ဖြိုးဝေနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# Ghost Rider ဇာတ်ကားသစ်ကို ဒါရိုက်တာရှောင်လီဗိုင်းက တာဝန်ယူရိုက်ကူးမည်

**နယူးယောက် ဇူလိုင် ၂၉**

မာဗယ်စတူဒီယို၏ Ghost Rider ဇာတ်ကားသစ်ကို ဒါရိုက်တာ ရှောင်လီဗိုင်းက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ကြောင်း ဇူလိုင် ၂၈ ရက် သတင်းများအရ သိရသည်။

Ghost Rider ဇာတ်ကားရိုက်ကူးထုတ်လုပ်မည့် အစီအစဉ်ကို မာဗယ်စတူဒီယိုဥက္ကဋ္ဌ ကီဗင်ဖိဂ်က အတည်ပြုပြောကြားခဲ့သည်။

မာဗယ်စတူဒီယို၏ Ghost Rider ဇာတ်ကားသစ်တွင် အဓိကဇာတ်ကောင် Ghost Rider အဖြစ် မင်းသား ရိုင်ယန်ဂိုးစလင်းက ပါဝင် သရုပ်ဆောင်မည်ဖြစ်ပြီး ဒါရိုက်တာရှောင်လီဗိုင်းက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ကြောင်း၊ ဒါရိုက်တာ ရှောင်လီဗိုင်းသည် Deadpool and Wolverine ဇာတ်ကားကိုရိုက်ကူးပေးခဲ့သည့် ဒါရိုက်တာဖြစ်ကြောင်း သိရသည်။

Ghost Rider ဇာတ်ကားသစ်ကို ၂၀၂၈ ခုနှစ်အတွင်း ရုံတင်ပြသရန်စီစဉ်ထားကြောင်း မာဗယ်စတူဒီယို တာဝန်ရှိသူများက ပြောကြားသည်။

၂၀၀၇ ခုနှစ်နှင့် ၂၀၁၁ ခုနှစ်တို့တွင် ရိုက်ကူးထုတ်လုပ်ခဲ့သော Ghost Rider ဇာတ်ကားများတွင် မင်းသား နီကိုလပ်ကေ့ ပါဝင်သရုပ်ဆောင်ခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO





# တော်ဝင်နန်းစံ ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် အနန္တလရောင် ရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲပေးအခမ်းအနားပြုလုပ်

**ရန်ကုန် ဇူလိုင် ၂၉**

တော်ဝင်နန်းစံ ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် အနန္တလရောင် ရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲပေးအခမ်းအနားကို ဇူလိုင် ၂၈ ရက်က ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်ရှိ ကျိုက္ကစံစေတီတော်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

တော်ဝင်နန်းစံ ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် အနန္တလရောင် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ရာဇဝင်ကိုက ရေးသားထားပြီး တွဲဖက်ဒါရိုက်တာ နေလင်းနှင့် ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး) က ဩဂုတ်လ ပထမပတ်တွင် တာဝန်ယူပုံဖော်ရိုက်ကူးသွားမည် ဖြစ်ကြောင်း သိရသည်။



"ဒီအနန္တလရောင်ဆိုတဲ့အတွင်း ဇာတ်လမ်းလေးက နှစ်ဘဝပုံစံမျိုးလေးပါ။ နှစ်ဘဝပုံစံမျိုးဇာတ်က တော်တော်လေးကို စိတ်ဝင်စားဖို့ကောင်းပါတယ်။ ကျွန်တော်ကို ဒီကားမှာ ဟိုဘက်ဘဝမှာကော ဒီဘက်ဘဝမှာပါ အဖေတစ်ယောက်အနေနဲ့ မြင်ရမှာဖြစ်ပါတယ်။ ကာရိုက်တာက နည်းနည်းထူးဆန်းတယ်။ ပထမစတည်လိုက်တဲ့ဇာတ်က မရိုက်ဖူးသေးတဲ့ ဇာတ်လေးပါ။ အဖေတစ်ယောက်ရဲ့ မေတ္တာတရားတွေ တွေ့ရမယ်။ အကောင်းဆုံးဖြစ်အောင် ရိုက်ကူးမှာပါ။ ကိုဇော်နဲ့လဲ မရိုက်ဖြစ်တာကြာပြီဆိုတော့ ပြန်ဆုံတဲ့ကားလေးပါ"ဟု အနန္တလရောင် ရုပ်ရှင်ဇာတ်ကားတွင်ပါဝင်မည့် သရုပ်ဆောင် မင်းဦးက ပြောပြသည်။

အနန္တလရောင် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် နေဝင်း၊ မင်းဦး၊ ဘရန်ဒိုလီ၊ ရန်ပြေ၊ ဆောင်းသီရိစံ၊ ထက်ထက်ထွန်း၊ ထွန်းပုလဲရတနာ၊ မိုခမ်း၊ သုန္ဒြေဦး၊ ခိုင်ဇာသွေး၊ အေဏီဇော်၊ အယ်လီနာ၊ ယဉ်မင်းပိုက်၊ ဇာခြည်လွင်နှင့် အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

ASH

# The Odyssey ဇာတ်ကား ကမ္ဘာတစ်ဝန်း ဝင်ငွေ ကန်ဒေါ်လာ သန်း ၆၀၀ ကျော်လွန်ခဲ့

**နယူးယောက် ဇူလိုင် ၂၉**

ယူနီဗာဆယ်ကုမ္ပဏီ၏ The Odyssey ဇာတ်ကားသည် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၆၀၀ ကျော်လွန်ခဲ့ပြီဖြစ်ကြောင်း ဇူလိုင် ၂၈ ရက် သတင်းများအရ သိရသည်။

The Odyssey ဇာတ်ကားသည် စတင်ရုံတင်ပြီး ဒုတိယသီတင်းပတ်ကုန်ချိန်တွင် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၆၀၀ ကျော်လွန်ခဲ့ခြင်းဖြစ်သည်။

ယူနီဗာဆယ် ကုမ္ပဏီသည် The Odyssey ဇာတ်ကားကို ဇူလိုင် ၁၇ ရက်တွင် စတင်ရုံတင်ပြသခဲ့ခြင်းဖြစ်သည်။

The Odyssey ဇာတ်ကားသည် ဂရိကဗျာဆရာကြီးဟိုးမား၏ ထရိုဂျင်စစ်ပွဲကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ကမ္ဘာကျော်ဒါရိုက်တာ ခရစ္စတိုဖာနိုလန်က တာဝန်ယူရိုက်ကူးပေးထားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ The Odyssey ဇာတ်ကားတွင် မင်းသား မက်ဒါမန်၊ တွမ်ဟော်လန်း၊ ထရာဗစ်စကော့၊ မင်းသမီး ချားလစ်သီယွန်နှင့် ဇန်ဒါးယားတို့ ပါဝင်ထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# ဆိုနီ၏ Treasure Island ဇာတ်ကားကို ဒါရိုက်တာ ရစ်ဒလေစကော့က တာဝန်ယူရိုက်ကူးဖွယ်ရှိ

**နယူးယောက် ဇူလိုင် ၂၉**

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ Treasure Island ဇာတ်ကားကို ဒါရိုက်တာ ရစ်ဒလေစကော့က တာဝန်ယူ ရိုက်ကူးဖွယ်ရှိကြောင်း ဇူလိုင် ၂၈ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် Treasure Island ဇာတ်ကားကို ရိုက်ကူးရေးအတွက် ဒါရိုက်တာ ရစ်ဒလေစကော့နှင့် ဆိုနီကုမ္ပဏီတို့ကြား ဆွေးနွေးနေကြောင်း သိရသည်။

Treasure Island ဇာတ်ကားကို စာရေးဆရာ စတီဗင်ဆင်၏ Treasure Island(1880)ဝတ္ထုကို အခြေခံရိုက်ကူးမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားအတွက် ဇာတ်ညွှန်းရေးဆရာ ဂျက်သွန်းက တာဝန်ယူ ရေးသားပေးမည်ဖြစ်ကြောင်း သိရသည်။

Treasure Island ဇာတ်ကားတွင် အဓိက သရုပ်ဆောင်အဖြစ် မင်းသား ဟက်ဂျက်မင်းက ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

လက်ရှိအချိန်တွင် Treasure Island ဇာတ်ကား စတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို ဆိုနီရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# Military columns capture Bokkan model villages, temporarily dominated by terrorist insurgents, on Kalay-Tamu road in Tamu Township

Tatmadaw columns recapture Botkan Model Village on the Kalay–Tamu road.



Bokkan Model Village market recaptured.



The Pannya Bank Library in Botkan Model Village recaptured.



Tatmadaw columns recapture Botkan Model Village on the Kalay–Tamu road.



Terrorist insurgents had established defensive positions inside homes in Bokkan Model Village along the Kalay–Tamu road.

**Nay Pyi Taw July 29**

Military columns are restlessly, strenuously, and self-sacrificingly conducting counter-terrorism operations and area security operations to recapture towns and villages temporarily dominated by insurgent terrorists, one after another, in order to regain control and reopen the Kalay-Tamu road as quickly as possible.

In their operations to regain control of and reopen the Kalay-Tamu Road, the military columns regrouped and prepared systematically, conducting area security operations day and night at the risk of their lives in coordination after splitting into separate columns. The column that came from Tamu captured the area in and around Yanlinphaing village, and the other columns advancing from Kalay regained control of the towns and villages along the Kalay-Tamu road one after another through gradual progress, capturing the new Htinzin village and the old Htinzin village on 2 July.

The military columns continued their mission with utmost capability and courage to reopen the Kalay-Tamu road at the earliest possible date and to ensure a safe turning of the locals, and yesterday evening, they captured Bokkan model village, about 6200 meters north of Htinzin village.

During the time, terrorist insurgents set up temporary bases at the areas under their brief domination, bullying, tyrannizing, and forcibly taking away food or using the utensils, wealth, valuable items by relying on their weapons. They also set up fortified positions such as trenches and bunkers in the residential buildings, destroyed station hospitals, schools and departmental buildings, and were abducting, torturing and killing the locals who did not support them mercilessly.

Military columns are conducting area security operations with uninterrupted momentum to reopen the Kalay-Tamu road at the earliest possible date. They are now repairing or rebuilding the homes and buildings of the locals, departmental buildings, and roads and bridges, destroyed by the inhuman acts of the terrorist insurgents, cooperating with the relevant departments, and locals, to restore and redevelop the socioeconomic lives including health and education sectors of the local people soonest, and conducting mine clearing missions for the safety of locals. MNA

# UN chief announces plans for new enlarged meeting on Cyprus issue

**Nicosia July 29**

United Nations (UN) Secretary-General Antonio Guterres on Wednesday announced plans to convene another enlarged meeting on the Cyprus issue following a tripartite meeting with Cypriot President Nikos Christodoulides and Turkish Cypriot leader Tufan Erhurman.

Guterres arrived in Cyprus on Monday evening for his first visit to the island since taking office as UN secretary-general. It was also the first visit by a sitting UN chief since Ban Ki-moon traveled to Cyprus in early 2010.

Guterres said the enlarged meeting on the Cyprus issue will be convened "after adequate progress" is achieved on the matters of confidence-building measures, the meeting's methodology, and the substance of the talks.

He did not set a deadline, but said there was a "consensus" among the two sides and the island's three guarantor powers -- Greece, Türkiye and the United Kingdom -- that such a meeting should be held.

He stressed that the UN did not want "another enlarged meeting to end without result" and that "adequate preparation" should be made beforehand. Xinhua

# Shwebo District finishes cultivation of banana on all sown acreage



This photo shows a banana plantation.

**Shwebo July 29**

Agricultural data compiled by Shwebo District Agriculture Department stated that local farmers have planted 100 per cent cultivation of banana on all cultivable lands in Shwebo District of Sagaing Region.

In 2026-27 monsoon cultivation season, Shwebo District earmarked cultivation of 4,019 acres of banana. So far, local farmers planted 1,420 acres of banana in Shwebo Township, 268 acres in KhinU Township, 2,311 acres in Wetlet Township and 20 acres in Kyaukmyaung Sub-Township.

"This year's monsoon season target for banana cultivation in Shwebo District is more than 4,000 acres. At present, 100 per cent of the targeted acreage has already been planted. In recent years, banana cultivation has also been expanding into paddy fields. Pest and disease incidence has generally remained low," said Daw Zar Zar Min, Head of the Shwebo District Department of Agriculture.

During the 2026-2027 monsoon cropping season, the district's banana cultivation targets by township are 1,420 acres in Shwebo Township, 268 acres in KhinU Township, 2,311 acres in Wetlet Township, and 20 acres in Kyaukmyaung Sub-Township, bringing the district's total target to 4,019 acres.

According to reports, banana growers plant approximately 1,000 banana plants per acre. The production cost is around K2 million per acre until the crop reaches the fruit-bearing stage, while returns at harvest average around K5 million per acre.

The Shwebo District Department of Agriculture has also been conducting field-level extension activities to promote the production of safe food crops. These include educating farmers on the risks posed by chemical residues, encouraging the proper use of registered pesticides in accordance with the instructions on product labels, and promoting Good Agricultural Practices (GAP).

206

# Kyaukmyaung Sub-Township sees completion of growing vegetables this year

**Kyaukmyaung July 29**

Local farmers planted 2,97 acres of vegetables as monsoon crops in Kyaukmyaung Sub-Township in Sagaing Region this year, according to the sub-township Agriculture Department.

So far, local farmers have planted 2,897 acres of vegetables since May this year against the target of 4,903 acres of crops earmarked by local authorities in the 2026-27 monsoon cultivation season in the sub-township.

"This year's monsoon cropping season targeted the cultivation of more than 4,000 acres of vegetables in Kyaukmyaung Sub-Township. As of today, 2,897 acres have already been planted. Efforts are underway to ensure that the targeted acreage is achieved. The vegetables being cultivated include mustard, chilli, culinary herbs, potatoes, cabbage, eggplant, and cauliflower. Farmers are being provided with technical guidance to ensure that all vegetables are grown in accordance with Good Agricultural Practices (GAP). They are also being trained to minimize chemical residues and produce vegetables that are safe and healthy for consumers," said Daw Po, Head of the Kyaukmyaung Sub-Township Department of Agriculture.

This year, the Kyaukmyaung Sub-Township Department of Agriculture has been providing vegetable growers with technical training on GAP cultivation methods, offering guidance to ensure that vegetables produced from their farms are safe and healthy for consumption, and encouraging farmers to expand vegetable cultivation.

A wide variety of seasonal vegetables is cultivated annually in Kyaukmyaung Sub-Township, where vegetable farming has been successful and has contributed to increasing household incomes. The Department of Agriculture has also been educating vegetable growers on proper cultivation practices, effective pest management, and the preparation and use of organic fertilizers, biopesticides, and botanical pest-control solutions. 206

# Salingyi Township grows more than 10,000 acres of green gram this year

**Salingyi July 29**

Statistics of Salingyi Township stated that local farmers planted 10,850 acres of green gram as monsoon crops in Salingyi Township of Sagaing Region this year.

Local authorities set a plan to grow 17,043 acres of green gram in the township in 2026-27 monsoon cultivation season but local farmers cultivated 10,850 acres of crops against the target cultivation.

"This year's monsoon cropping season targeted the cultivation of more than 17,000 acres of green gram in Salingyi Township. So far, 10,850 acres have already been planted. Efforts are being made to ensure that the targeted acreage is achieved. We are also conducting extension activities to encourage the expansion of green gram cultivation and educating farmers on the use of quality certified seeds to improve yields," said U Wai Lin Tun, Head of the Salingyi Township Department of Agriculture.

This year, the Salingyi Township Department of Agriculture has been providing extension services to green gram growers by promoting the use of high-quality certified seed varieties suitable for local conditions, proper cultivation practices, effective pest management, the systematic application of fertilizers, and measures to improve crop yields.

It is also reported that, during this year's monsoon cropping season, the department has been working closely with farmers cultivating pulses by providing quality certified seeds, agricultural inputs, and post-harvest technology to improve the yield and quality of pulse crops. 206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# U.S.-Iran hostilities resume after brief lull

**Tehran July 29**

A brief pause in the U.S.-Iran conflict ended on Wednesday as Tehran launched missile attacks against U.S. forces and regional defenses.

The attacks were followed by coordinated strikes by Washington and Riyadh on Iran-backed groups in Iraq, with tensions over the Strait of Hormuz adding to regional uncertainty.

The U.S. military said its forces had intercepted an attempted Iranian missile attack targeting American troops in the Middle East. Jordan's armed forces later said their air defenses detected and destroyed five missiles launched from Iran toward the kingdom.

Iran's Islamic Revolution Guard Corps (IRGC) later confirmed that it had launched ballistic missiles at U.S. military installations in Jordan, saying the actions were part of its response to continued U.S. threats and military pressure.

The latest developments followed a short period of relative calm after Washington halted its bombing campaign and Tehran appeared to suspend retaliatory strikes.

Hours after the Iranian missile attacks, the United States and Saudi Arabia carried out coordinated airstrikes against Iran-backed militia targets in eastern Iraq.

Washington and Riyadh said the operation targeted sites used by Iran-aligned groups to launch drone attacks against U.S. forces and Saudi oil facilities.

Saudi Arabia said its air defenses had recently intercepted drones targeting energy infrastructure in the kingdom's Eastern Province and Riyadh, accusing Iran-backed groups operating from Iraqi territory of being responsible.

The Popular Mobilisation Forces (PMF), an Iraqi paramilitary alliance containing some Iran-backed factions, said several of its bases were hit. PMF sources reported that at least 10 members were killed and described the strikes as a violation of Iraq's sovereignty.

Alongside military escalation, negotiations over the Strait of Hormuz remained stalled.

Oman proposed a Gulf-backed plan to establish a joint management mechanism for the strategic waterway, including voluntary contributions from ships to support navigation and maritime safety.

Xinhua

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ပြင်သစ်နိုင်ငံအခြေစိုက် MBDA ကုမ္ပဏီက SPEAR ခရုဇ်ဒုံးကျည်အသေးစားများကို စတင်ထုတ်လုပ်နေပြီဖြစ်



ပြင်သစ်နိုင်ငံအခြေစိုက် MBDA ကာကွယ်ရေးကုမ္ပဏီသည် လေကြောင်းမှ လွှတ်တင်ရသည့် SPEAR ခရုဇ်ဒုံးကျည် အသေးစားများကို စတင်ထုတ်လုပ်နေပြီဖြစ်ကြောင်း The Defense Post သတင်းဌာနက ဇူလိုင် ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

တရားဝင်အားဖြင့် Selective Precision Effects At Range (SPEAR) ခရုဇ်ဒုံးကျည်ဟု သိကြသည့် အလေးချိန် ကီလိုဂရမ် ၁၀၀ (ပေါင် ၂၂၀) ရှိသော အဆိုပါဒုံးကျည်သည် တာဘိုဂျက်အင်ဂျင်သုံး ကွန်ရက်ချိတ်ဆက်စနစ်ပါဝင်ပြီး ရာသီဥတုမရွေး အသုံးပြုနိုင်သော ဒုံးကျည်ဖြစ်သည်။ SPEAR ခရုဇ်ဒုံးကျည်ကို ဗြိတိန်၏ F-35B တိုက်လေယာဉ်များတွင် အသုံးပြုရန် ရည်ရွယ်ထုတ်လုပ်ခဲ့ခြင်း ဖြစ်သည်။

MBDA ကုမ္ပဏီသည် အဆိုပါဒုံးကျည်ကို ဥရောပ၏ စတုတ္ထမျိုးဆက် တိုက်လေယာဉ်များနှင့် ချိတ်ဆက်အသုံးပြုနိုင်ရေး ဆောင်ရွက်လျက်ရှိရုံမျှမက လေယာဉ်တွင် တပ်ဆင်သယ်ဆောင်နိုင်မည့် ဒုံးကျည် ၃ လုံးဆန့် ပိုင်လွန်လောင်ချာကိုပါ တည်ဆောက်လျက်ရှိရာ လာမည့်နှစ်တွင် အပြီးသတ်နိုင်မည်ဟု ထုတ်ပြန်ထားသည်။

ထို့ပြင် အဆိုပါဒုံးကျည်စနစ်ကို ကုမ္ပဏီ၏ အဝေးထိန်းမောင်းသူမဲ့လေယာဉ်ဖြစ်သော MQ-9B နှင့် ပူးပေါင်းတိုက်ခိုက်ရေး မောင်းသူမဲ့လေယာဉ်ဖြစ်သော Gambit 6 တို့တွင်ပါ ပေါင်းစပ်တပ်ဆင်သွားမည်ဟု ကုမ္ပဏီက ကြေညာထားသည်။

ရန်သူ့လေကြောင်းရန်ကာကွယ်ရေးစနစ်များကို ဦးနှိမ်တိုက်ခိုက်ဖျက်ဆီးရန် ဒီဇိုင်းထုတ်ထားသည့် SPEAR ခရုဇ်ဒုံးကျည်သည် ကီလိုမီတာ ၁၀၀ (၆၂ မိုင်) ထက်ကျော်လွန်သော စစ်ဆင်ရေးနယ်ပယ်အပြင်ဘက် အကွာအဝေးမှနေ၍ အသေတပ်ဆင်ထားသော ပစ်မှတ်များနှင့် ရွေ့လျားပစ်မှတ်များကို ပစ်ခတ်တိုက်ခိုက်နိုင်သည်။ ထို့ကြောင့် လေယာဉ်များကို ရန်သူ၏ လေကြောင်းရန်ကာကွယ်ရေးလက်နက်များ အလှမ်းမမီနိုင်သော နေရာတွင် ဘေးကင်းစွာ ရှိနေစေနိုင်သည်။

နှစ်ဖက်စလုံးသို့ အချက်အလက်ပေးပို့နိုင်သည့် မိုက်ခရိုဝေ့ချိတ်ဆက်မှုကြောင့် ပျံသန်းနေစဉ်အတွင်း ပစ်မှတ်အချက်အလက်ပြောင်းလဲခြင်း၊ ပစ်မှတ်အသစ် ပြန်လည်သတ်မှတ်ခြင်းနှင့် မစ်ရှင်ကို ဖျက်သိမ်းခြင်းတို့ ပြုလုပ်နိုင်မည်ဖြစ်သည်။ ထို့ပြင် မီလီမီတာလှိုင်းနှုန်းသုံး ရေဒါနှင့် လေဆာလမ်းညွှန်စနစ်တို့ ပေါင်းစပ်ထားသည့် နှစ်မျိုးသုံး အာရုံခံကိရိယာပါဝင်သောကြောင့် ရာသီဥတုမရွေး ပစ်လွှတ်လိုက်သည်နှင့် ပစ်မှတ်ကို တိကျစွာ ထိမှန်မည်ဖြစ်သည်။

SPEAR ခရုဇ်ဒုံးကျည်၏ သေးငယ်ကျစ်လစ်သော အရွယ်အစားကြောင့် လေယာဉ်တစ်စင်းအနေဖြင့် ခဲယမ်းများ ပိုမိုသယ်ဆောင်နိုင်ပြီး တိုက်ပွဲဝင်ပျံသန်းမှုတစ်ကြိမ်တည်းဖြင့် ပစ်မှတ်အမြောက်အမြားကို ချေမှုန်းနိုင်မည်ဖြစ်သည်။ ထို့ပြင် ပစ်ခတ်မှုပုံစံ စိတ်ကြိုက်ရွေးချယ်နိုင်သော စိစစ်တပ်ဆင်ထားသည့် ယမ်းတုံးကြောင့် ဘေးထွက်ဆိုးကျိုးများကို အနည်းဆုံးဖြစ်စေပြီး ပစ်မှတ်ကို အထိရောက်ဆုံး ဖျက်ဆီးနိုင်မည်ဖြစ်သည်။

၎င်းတို့အပြင် MBDA ကုမ္ပဏီသည်သည် ၎င်းတို့၏ Orchestrike AI နည်းပညာကို SPEAR ခရုဇ်ဒုံးကျည်များအတွင်း ပေါင်းစပ်ထည့်သွင်းနိုင်စွမ်းရှိကြောင်း အောင်မြင်စွာပြသနိုင်ခဲ့ရာ အဆိုပါ ဒုံးကျည်အုပ်များအနေဖြင့် စစ်မြေပြင်၏ အချိန်နှင့်အမျှ ပြောင်းလဲနေသော အခြေအနေများ အပေါ်မူတည်၍ တစ်ခုနှင့်တစ်ခု ချိတ်ဆက်ကွပ်ကဲကာ အလိုအလျောက် ပြုပြင်ပြောင်းလဲပစ်ခတ်နိုင်ကြောင်း သိရသည်။

**MBDA Begins Low-Rate Production of SPEAR Standoff Cruise Missile ကို ဘာသာပြန်ဆိုထားပါသည်။**

---

## ယူကရိန်းက ဂျက်အင်ဂျင်သုံး Shahed ဒရုန်းများကို တန်ပြန်ရန် အမြန်နှုန်းမြင့် ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းကို စမ်းသပ်မှုများ လုပ်ဆောင်ခဲ့

ယူကရိန်းကာကွယ်ရေး ကုမ္ပဏီတစ်ခုဖြစ်သည့် SkyFall သည် ရုရှားနိုင်ငံက တိုးမြှင့်အသုံးပြုလာနေသော ဂျက်အင်ဂျင်သုံး Shahed ဒရုန်းများကို တန်ပြန်တိုက်ခိုက်ရန် P1-SUN JetKiller အမြန်နှုန်းမြင့် ကြားဖြတ်တိုက်ခိုက်ရေး ဒရုန်းကို စစ်မြေပြင်စမ်းသပ်မှုများ လုပ်ဆောင်ခဲ့ကြောင်း The Drone Front သတင်းဌာနက ဇူလိုင် ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ P1-SUN JetKiller ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းကို လက်ရှိတွင် စစ်မြေပြင်စမ်းသပ်မှုများ ပြုလုပ်လျက်ရှိပြီး အီရန်နိုင်ငံထုတ် Shahed ဒရုန်းများကို ပစ်ချနိုင်ခဲ့ပြီးဖြစ်ကြောင်း SkyFall ကုမ္ပဏီက ထုတ်ပြန်ခဲ့သည်။ ကုမ္ပဏီအနေဖြင့် အဆိုပါကြားဖြတ်တိုက်ခိုက်ရေးဒရုန်းများကို တစ်လလျှင် အစင်းရေ ၅၀၀၀၀ ထိ တိုးမြှင့်ထုတ်လုပ်ရန် စီစဉ်ထားပြီး ၂၀၂၆ ခုနှစ် ဩဂုတ်လတွင် အမှတ်စဉ်လိုက် ထုတ်လုပ်မှု စတင်နိုင်ရန် မျှော်မှန်းထားသည်။

P1-SUN JetKiller ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းသည် တစ်နာရီလျှင် ကီလိုမီတာ ၃၇၀ (မိုင် ၂၃၀) ထိ အမြန်နှုန်းဖြင့် ပျံသန်းနိုင်ပြီး၊ ကီလိုမီတာ ၃၀ (၁၉ မိုင်) အကွာအဝေးထိ လွှမ်းခြုံပျံသန်းနိုင်ကာ အမြင့်ပေ ၉၀၀၀ ထိ ပျံသန်းစစ်ဆင်နိုင်စွမ်းရှိသည်။

P1-SUN JetKiller ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းသည် ပျံသန်းချိန် ၁၅ မိနစ်ခန့်ရှိပြီး အလေးချိန်ဂရမ် ၅၀၀(တစ်ပေါင်) ရှိသော ထိပ်ဖူးကို သယ်ဆောင်နိုင်သည်။ ထို့ပြင် နေ့ညအသုံးပြုနိုင်သည့် ကင်မရာများနှင့် တိကျမှန်ကန်စွာ ထိုးဖောက်တိုက်ခိုက်နိုင်ရန် ကူညီပေးနိုင်မည့် AI နည်းပညာသုံး Terminal Guidance System နောက်ဆုံးအဆင့် လမ်းညွှန်စနစ်တို့ကိုလည်း တပ်ဆင်ထားသည်။

အဆိုပါ AI စနစ်သည် လူ့မျက်စိထက် ပိုမိုမြန်ဆန်စွာ ၁ ကီလိုမီတာ (၀.၆ မိုင်) အကွာအဝေးအတွင်း ရန်သူ့ပစ်မှတ်များကို ရှာဖွေထောက်လှမ်းနိုင်စွမ်းရှိပြီး၊ ခက်ခဲကြမ်းတမ်းသော စစ်မြေပြင်အခြေအနေများတွင် အော်ပရေတာများအနေဖြင့် ပစ်မှတ်များကို ပိုမိုလျင်မြန်စွာ တိုက်ခိုက်ချေမှုန်းနိုင်ရန် ကူညီပေးနိုင်မည်ဖြစ်ကြောင်း SkyFall ကုမ္ပဏီက ထုတ်ပြန်ထားသည်။

P1-SUN JetKiller ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းသည် ၂၀၂၅ ခုနှစ် နှောင်းပိုင်းက စတင်အသုံးချခဲ့ပြီး Shahed ဒရုန်းများ သောင်းနှင့်ချီ ချေမှုန်းခဲ့သည်ဆိုသော ရှိရင်းစွဲ P1-SUN 3D-Printed UAS ကိုယ်ထည်အပေါ် အခြေခံ၍ တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။



ရုရှားစစ်ဘက်သည် ဂျက်အင်ဂျင်သုံး Shahed တိုက်ခိုက်ရေးဒရုန်းများကို ပိုမိုကျယ်ပြန့်စွာ အသုံးပြုလာခဲ့ရာ ယူကရိန်း၏ လေကြောင်းရန်ကာကွယ်ရေးစနစ်များအတွက် တုံ့ပြန်ရမည့်အချိန် ပိုမိုနည်းပါးသွားစေခဲ့သည်။ ယူကရိန်းလေတပ် အကြီးတန်းတပ်မှူးတစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ Reuters သတင်းဌာန၏ ဖော်ပြချက်အရ ရုရှားတပ်ဖွဲ့များ အသုံးပြုနေသော Shahed ဒရုန်းများ၏ ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းထိမှာ ဂျက်အင်ဂျင်များကို တပ်ဆင်ထားကြပြီး အချို့ဗားရှင်းများသည် တစ်နာရီလျှင် ကီလိုမီတာ ၅၀၀(၃၁၁ မိုင်)ထိ အမြန်နှုန်းဖြင့် ပျံသန်းတိုက်ပွဲဝင်နိုင်ကြောင်း သိရှိရသည်။

**Ukraine Debuts High-Speed Interceptor Built to Kill Jet-Powered Shaheds ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# အမေရိကန်နိုင်ငံ အာချုလက်တာကောင်တီတွင် တောမီးလောင်ကျွမ်းနေပြီး လူနေအိမ်များဆီကူးစက်လာနိုင်သဖြင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ထုတ်ပြန်



**ဝါရှင်တန် ဇူလိုင် ၂၉**

အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ် အာချုလက်တာကောင်တီတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေပြီး လူနေအိမ်များဆီသို့ ကူးစက်လောင်ကျွမ်းနိုင်သဖြင့် ဒေသခံများကို ဘေးလွတ်ရာ ရွှေ့ပြောင်းရန် အမေရိကန် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အာချုလက်တာကောင်တီ အနီးတွင် လောင်ကျွမ်းနေသည့် တောမီးသည် ဇူလိုင် ၂၈ ရက်တွင် ထိန်းချုပ်ရခက်သည့် အဆင့်သို့ ရောက်ရှိခဲ့ကာ လူနေအိမ်များဆီကို ကူးစက်လာနိုင်သဖြင့် ဒေသခံများကို ဘေးလွတ်ရာ ရွှေ့ပြောင်းရန် ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း၊ တောမီး လောင်ကျွမ်းမှုသည် အန္တရာယ်ရှိသည့် အခြေအနေဖြစ်သည့်အတွက် အာချုလက်တာကောင်တီရဲတပ်ဖွဲ့ဝင်များကို ဖြန့်ခွဲ၍ အိမ်တိုင်ရာရောက် သတိပေးချက်များ ထုတ်ပြန်ပေးနေကြောင်း သိရသည်။

"အာချုလက်တာကောင်တီမှာ တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေပါတယ်။ တောမီးလောင်ကျွမ်းမှုဟာ ထိန်းချုပ်ရခက်တဲ့ အဆင့်ကို ရောက်ရှိနေပါတယ်။ အန္တရာယ်ရှိတဲ့ အတွက်ကြောင့် ဒေသခံတွေကို ဘေးလွတ်ရာ ရွှေ့ပြောင်းဖို့ သတိပေးထားပါတယ်။ သတိပေးချက်ကို လက်ခံရရှိတဲ့ အိမ်တိုင်း ဘေးလွတ်ရာချက်ချင်း ရွှေ့ပြောင်းဖို့ သတိပေးချက်ထုတ်ပြန်ထားပါတယ်"ဟု အမေရိကန် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# ပြင်သစ်နိုင်ငံ လန်တန်ဒေသအနီး တောမီးလောင်ကျွမ်းနေသဖြင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းပေးနေ

**ပဲရစ် ဇူလိုင် ၂၉**

ပြင်သစ်နိုင်ငံ လန်တန်ဒေသအနီး တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်နေပြီး တောမီးသည် လူနေအိမ်များဆီသို့ ကူးစက်လောင်ကျွမ်းနေသည့် အတွက်ကြောင့် ဒေသခံလူဦးရေ ၄၀၀၀ ကျော်ကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးနေကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီး အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် လေကြောင်းအကူအညီကိုပါရယူထားပြီး လေယာဉ် ၂၃ စင်း၊ ရဟတ်ယာဉ် ၁၈ စင်းထိ အသုံးပြုထားကြောင်း၊ တောမီးလောင်ကျွမ်းမှု စတင်ဖြစ်ပွားခဲ့သောနေရာသည် မြေပြင်မှ ငြိမ်းသတ်ရန်ခက်ခဲသည့် နေရာဖြစ်သည့်အတွက်ကြောင့် လေကြောင်းအကူအညီကို အဓိကရယူထားကြောင်း သိရသည်။

"လန်တန်ဒေသအနီးတောမီးလောင်ကျွမ်းမှုဟာ အခြေအနေတော်တော်လေးကို ရှုပ်ထွေးနေပါတယ်။ ထင်မှတ်မထားလောက်အောင် တောမီးကူးစက်မှုနှုန်း မြန်ဆန်နေပြီးတော့ လူနေအိမ်တွေဆီကိုပါ ကူးစက်လောင်ကျွမ်းနေပြီဖြစ်ပါတယ်။ ဒေသခံလူဦးရေ ၄၀၀၀ ကျော်ကိုလဲ ဘေးလွတ်ရာ အမြန်ဆုံး ရွှေ့ပြောင်းပေးနေပါတယ်။ တောမီးကို အမြန်ဆုံး ထိန်းချုပ်နိုင်ဖို့အတွက် လေကြောင်းအကူအညီကို အဓိကရယူထားပါတယ်။ လေယာဉ် ၂၃ စင်း၊ ရဟတ်ယာဉ် ၁၈စင်း အသုံးပြုထားပါတယ်။ လူနေအိမ်တွေဆီကို ကူးစက်လာနေတဲ့အတွက် ဦးစားပေးပြီး ငြိမ်းသတ်ပေးနေပါတယ်"ဟု ပြည်ထဲရေးဝန်ကြီးနူနက်ဇ်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# ဂျပန်နိုင်ငံ ကူမာမိုတိုစီရင်စုတွင် ပြင်းအား ၇ ဒသမ ၁ မဂ္ဂနီကျူအဆင့်ရှိ ငလျင်လှုပ်ခတ်မှုကြောင့် အဆောက်အအုံပြိုကျမှုများဖြစ်ပွားခဲ့

**တိုကျို ဇူလိုင် ၂၉**

ဂျပန်နိုင်ငံတောင်ပိုင်း ကူမာမိုတိုစီရင်စုတွင် ဇူလိုင် ၂၈ ရက်က ပြင်းအား ၇ ဒသမ ၁ မဂ္ဂနီကျူအဆင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်မှုကြောင့် အဆောက်အအုံပြိုကျမှုများဖြစ်ပွားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ငလျင်လှုပ်ခတ်မှုကြောင့် လူသေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုများလည်းရှိခဲ့ကြောင်း ငလျင်လှုပ်ခတ်ပြီးနောက် ကူမာမိုတိုမြို့ရှိ Aeon Mall ဈေးဝယ်စင်တာ၌ ပေါက်ကွဲမှု ဖြစ်ပွားခဲ့ကြောင်း၊ ကယ်ဆယ်ရေး လုပ်ငန်းများ ချက်ချင်း ဆောင်ရွက်ခဲ့သော်လည်း အသက် ၂၀ ကျော်အရွယ် အမျိုးသမီးနှစ်ဦး သေဆုံးခဲ့ကြောင်း၊ ထို့ပြင် ငလျင်လှုပ်ပြီးနောက် အဆောက်အအုံတစ်လုံး ပြိုကျခဲ့ရာ လူတစ်ဦးသေဆုံးခဲ့ပြီး ဒါဇင်နှင့်ချီသော ထိခိုက်ဒဏ်ရာရရှိသူများကို ဆေးရုံများသို့ ပို့ဆောင်ပေးထားကြောင်း ကယ်ဆယ်ရေးအဖွဲ့များထံမှ သိရသည်။




ဂျပန်ဝန်ကြီးချုပ် ဆာနအဲတာကအိချိက အစိုးရအနေဖြင့် ပျက်စီးဆုံးရှုံးမှု အခြေအနေများကို ဆက်လက် စစ်ဆေးအကဲဖြတ်နေဆဲဖြစ်ကြောင်း၊ လူအများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများ၊ မီးလောင်မှုများ၊ လမ်းများနှင့် တံတားများ ပျက်စီးမှုများ၊ အဆောက်အအုံ ပြိုကျမှုများ ဖြစ်ပွားခဲ့ကြောင်း သတိပေးပြောကြားခဲ့သည်။

ငလျင်လှုပ်ခတ်ပြီးနောက် နောက်ဆက်တွဲငလျင်များ ဆက်လက်ဖြစ်ပွားနေသဖြင့် ကျူးရှူးကျွန်းရှိ ဒေသခံ ၃၀၀၀၀၀ ခန့်ကို ဘေးလွတ်ရာ ခိုလှုံရေးစခန်းများသို့ရွှေ့ပြောင်းရန် တာဝန်ရှိသူများက ညွှန်ကြားထားပြီး ကျူးရှူးလျှပ်စစ်ဓာတ်အားပေးကုမ္ပဏီက အိမ်ထောင်စု ၄၈၀၀၀ ခန့် လျှပ်စစ်ဓာတ်အား ပြတ်တောက်နေကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# ကမ္ဘာတစ်ဝန်းတွင် ဆာအိုလာကောင်ရေ ၅၀ မှ ၁၀၀ ခန့်သာ ကျန်ရှိတော့သဖြင့် မျိုးသုဉ်းမည့်အန္တရာယ်နှင့် ရင်ဆိုင်နေရ

**ဟနွိုင်း ဇူလိုင် ၂၉**

ကမ္ဘာတစ်ဝန်းတွင် ဆာအိုလာကောင်ရေသည် ၅၀ မှ ၁၀၀ ခန့်သာကျန်ရှိတော့သဖြင့် မျိုးသုဉ်းမည့်အန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း ဗီယက်နမ်နိုင်ငံ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးသုတေသီများက ခန့်မှန်းထားသည်ဟု ဇူလိုင် ၂၈ ရက် သတင်းများအရ သိရသည်။

ဆာအိုလာမျိုးစိတ်ကို ၁၉၉၂ ခုနှစ်တွင် ဗီယက်နမ်နှင့် လာအိုနိုင်ငံနယ်စပ်ရှိ အန်နာမိုက်တောင်တန်းဒေသ၌ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေး သုတေသီများက ပထမဆုံးအကြိမ် တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ထိုမျိုးစိတ်ကို အာရှယူနီကွန်းဟုလည်း ခေါ်ဆိုကြောင်း သိရသည်။

သုတေသနအချက်အလက်များအရ ယခင်က ဆာအိုလာမျိုးစိတ်ကောင်ရေရာနှင့်ချီ၍ ရှိခဲ့သော်လည်း လက်ရှိတွင် သဘာဝတောတွင်း၌ အကောင်ရေ ၅၀ မှ ၁၀၀ ခန့်သာ ကျန်ရှိတော့ကြောင်း သိရသည်။

ဆာအိုလာမျိုးစိတ် မျိုးသုဉ်းလုနီးပါးဖြစ်လာရခြင်း၏ အဓိကအကြောင်းရင်းမှာ တောရိုင်းတိရစ္ဆာန်များကို တရားမဝင်ဖမ်းဆီးမှု၊ သစ်တောပြုန်းတီးမှု၊ လမ်းဖောက်လုပ်မှုနှင့် လူတို့၏ နေထိုင်ရာနယ်မြေ တိုးချဲ့လာမှုတို့ကြောင့် သဘာဝနေထိုင်ရာဒေသများ လျော့နည်းလာခြင်းဖြစ်သည်။

လက်ရှိတွင် ဗီယက်နမ်နှင့် လာအိုနိုင်ငံတို့က နိုင်ငံတကာသဘာဝ ထိန်းသိမ်းရေးအဖွဲ့များနှင့် ပူးပေါင်း၍ တရားမဝင်တောရိုင်းတိရစ္ဆာန် ဖမ်းဆီးရောင်းဝယ်မှုကို တိုက်ဖျက်ခြင်း၊ သဘာဝတောများကို ထိန်းသိမ်းကာကွယ်ခြင်းနှင့်ဆာအိုလာမျိုးစိတ် ရေရှည်ရှင်သန်နိုင်ရေးအတွက် ယခုအခါ သားဖောက် မျိုးပွားမှုများကိုပါ စီမံချက်ချ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# တရုတ်နိုင်ငံ အလယ်ပိုင်းနှင့် တောင်ဘက်ပိုင်းတို့တွင် တိုင်ဖွန်းမုန်တိုင်းဝင်ရောက်တိုက်ခတ်ပြီး မိုးသည်းထန်စွာသွန်းသဖြင့် ရေကြီးရေလျှံမှုဖြစ်ပေါ်

**ပေကျင်း ဇူလိုင် ၂၉**

တရုတ်နိုင်ငံ အလယ်ပိုင်းနှင့် တောင်ဘက်ပိုင်းတို့တွင် ဇူလိုင် ၂၇ ရက်တွင် တိုင်ဖွန်းမုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့ပြီး မိုးသည်းထန်စွာရွာသွန်းသဖြင့် ဇူလိုင် ၂၈ ရက်မှစတင်၍မြစ်ရေလျှံတက်ကာ ရေကြီးရေလျှံမှုဖြစ်ပေါ်နေကြောင်း တရုတ်နေရှင်နယ် မိုးလေဝသစင်တာက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မိုးရေချိန်မြင့်မားစွာ ရွာသွန်းခဲ့ခြင်းကြောင့် ၂၄ နာရီအတွင်း ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဒေသခံတချို့ကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားထားကြောင်း၊ တိုင်ဖွန်းမုန်တိုင်း ဖြတ်သန်း တိုက်ခတ်ခဲ့သော ပြည်နယ်များမှာ ဖူကျန့်ပြည်နယ်၊ ကွမ်တုန်းပြည်နယ်၊ ကျန်းရှီးပြည်နယ်၊ ဟူနန်ပြည်နယ်၊ ဟူပေပြည်နယ်၊ ဟဲနန်ပြည်နယ်နှင့် ကွမ်ရှီးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ဖြစ်ကြောင်း၊ လမ်းမကြီးတချို့ရေလွှမ်းနေသည့်အတွက် အဆိုပါလမ်းများကို ယာယီပိတ်ထားကြောင်း သိရသည်။

"တရုတ်နိုင်ငံ အလယ်ပိုင်းနဲ့ တောင်ဘက်ပိုင်း ဒေသတွေမှာ တိုင်ဖွန်းမုန်တိုင်းဝင်ရောက် တိုက်ခတ်ခဲ့ပြီးတော့ မိုးသည်းထန်စွာ ရွာသွန်းနေပါတယ်။ မိုးရေချိန်မြင့်မားစွာ ရွာသွန်းနေတဲ့အတွက် မြစ်ရေလျှံတက်မှုတွေ ဖြစ်ပေါ်နေပါတယ်။ တိုင်ဖွန်းမုန်တိုင်း ဖြတ်သန်းတိုက်ခတ်ခဲ့တဲ့ ပြည်နယ်တွေထဲက ဒေသတချို့တွေမှာ အန္တရာယ်ရှိတဲ့ ရေဘေးအန္တရာယ်နဲ့ရင်ဆိုင်ရနိုင်ပါတယ်" ဟု နေရှင်နယ် မိုးလေဝသစင်တာမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ













**❑ စည်ကားများပြားမှ**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများ၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ မိဘပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် လာရောက်ဖူးမြော်ကြည်ညိုကုသိုလ်ယူကြသူများနှင့် စည်ကားလျက်ရှိသည်။

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အများပြည်သူနှင့် သက်ဆိုင်သည့် ပန်းခြံများ၊ အပန်းဖြေစခန်းများ၌လည်း လာရောက်အပန်းဖြေအနားယူကြသူများနှင့် အထူးစည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။ (ဉာဏ)

ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့)တွင်
တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ
ဘုရား၊ စေတီ၊ ပုထိုးများ၊
အများပြည်သူအပန်းဖြေရာနေရာတို့၌
ဘုရားဖူးလာရောက်သူများ၊
လာရောက်အပန်းဖြေသူများနှင့်
စည်ကားလျက်ရှိစဉ်။






# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း အသက် ၁၁၈ နှစ်ရှိ အဘွား ဒေါ်ဖာတမာကို သွားရောက်ဂါရဝပြုတွေ့ဆုံ

တောင်ငူ ဇူလိုင် ၂၉

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တောင်ငူခရိုင် ရေတာရှည်မြို့နယ် မြို့လှမြို့ အမှတ်(၅)ရပ်ကွက်တွင် နေထိုင်လျက်ရှိသော အသက် ၁၁၈ နှစ်ရှိ အဘွား ဒေါ်ဖာတမာကို ဇူလိုင် ၂၈ ရက် နံနက်ပိုင်းက သွားရောက်ဂါရဝပြုတွေ့ဆုံပြီး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ အဘွား ဒေါ်ဖာတမာ၏ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံရေးဦးစီးဌာန အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ (၆၆/၆)နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်သက်သေခံကတ်ပြားတို့တွင် မှတ်တမ်းတင်ထားသည့် မွေးသက္ကရာဇ်မှာ ၂၃-၂-၁၉၀၉ ရက်ဖြစ်ပြီး အဘ ဦးနဘာအာလီနှင့် မိခင် ဒေါ်အမာတို့က ရေတာရှည်မြို့နယ် သာဂရမြို့ ငါးခုံးမချောင်းကျေးရွာတွင် မွေးဖွားပေးခဲ့ကြသည်။

အဘွား ဒေါ်ဖာတမာကို ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်၌ အသက် ၁၀၀ နှစ်ပြည့်ကြောင်းချီးမြှင့်သည့် ဂုဏ်ပြုမှတ်တမ်းလွှာကို နိုင်ငံတော်သမ္မတက ၂၃-၇-၂၀၁၅ ရက်တွင် ပေးအပ်ခဲ့ပြီးဖြစ်ကာ ယခုအခါ ရေတာရှည်မြို့နယ် မြို့လှမြို့ ချောင်းမကြီး (၂)ရပ်ကွက်တွင် နေထိုင်လျက်ရှိပြီး မြေး ၄၈ ဦး၊ မြစ် ၈၄ ဦး၊ တီ ၁၈ ဦးရှိသည်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် မြေပြင်စာရင်းများအရ တောင်ငူခရိုင်အတွင်း၌ အသက် ၁၀၀ နှစ်နှင့်အထက် ဘိုးဘွားဦးရေ ၅၉ ဦးရှိခဲ့ရာမှ ၂၀၂၆ ခုနှစ် ဇွန်လတွင် တောင်ငူခရိုင်အတွင်း အသက် ၁၀၀ နှစ်နှင့် အထက် ဘိုးဘွား ၄၂ ဦးရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**



















ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့)တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၊ အများပြည်သူအပန်းဖြေရာနေရာတို့၌ ဘုရားဖူးလာရောက်သူများ၊ လာရောက်အပန်းဖြေသူများနှင့် စည်ကားလျက်ရှိစဉ်။

**မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးမှ**

ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာဒိစ္စဝံသ အမှူးပြုသောဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး သံဃာတော်အရှင်သူမြတ်တို့က အခမ်းအနားအစီအစဉ်အတိုင်း မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းပူဇော်ကြသည်။

အခမ်းအနားအပြီးတွင် ကြွရောက်ချီးမြှင့်ကြသည့် ဆရာတော်၊ သံဃာတော်များအား နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ နေပြည်တော်ကောင်စီဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့အတူ ရုပ်ပွားတော်မြတ်ကြီးအား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်း၊ ဆီမီးနှင့် ရွှေကြာသင်္ကန်းတော်တို့ကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)


**● မိုးထစ်ချုန်းရွာနိုင်မှ**

ဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ သြဂုတ် ၃ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီးလှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အပူပိုင်းတက်တိမ်များဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ကမ်းဝေးငါးဖမ်းရေယာဉ်များ၊သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်ထားသည်။ (မိုး/ဇလ)

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၈-၇-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂-၈-၂၀၂၆ရက်နေ့မှ ၃-၈-၂၀၂၆ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ



# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဝါတွင်းကာလ သံဃာ့ဒါန ဆွမ်းလောင်းလှူပွဲကျင်းပ



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ဝါတွင်းကာလ သံဃာ့ဒါန ဆွမ်းလောင်းလှူပွဲကျင်းပစဉ်။

**နေပြည်တော် ဇူလိုင် ၂၉**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဝါတွင်းကာလ သံဃာ့ဒါန ဆွမ်းလောင်းလှူပွဲကို ယနေ့နံနက်ပိုင်းက မန္တလေးနန်းမြို့အရှေ့ဘက် နန်းမြို့ရိုးနှင့် ကျုံးရေပြင်ကြားရှိ ရတနာပုံဥယျာဉ်၌ပြုလုပ်ရာ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မကြီး စာချနာယက ဆရာတော် သာသနဓဇ ဓမ္မာစရိယ (ဝိနယဝိဒူ) ဘဒ္ဒန္တဂါရဝ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဌေးနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

အဆိုပါ ဆွမ်းလောင်းလှူပွဲသို့ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မကြီး စာချနာယက ဆရာတော်အမှူးပြုသော သံဃာတော် အပါး ၃၀၀ ကြွရောက်တော်မူကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကြွရောက်တော်မူလာကြသော သံဃာတော်များအား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများ၊ နဝကမ္မဝတ္ထုငွေများကို သတ်မှတ်နေရာအသီးသီး၌ လောင်းလှူပူဇော်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

# ဖလမ်းမြို့နယ် ဒေသခံပြည်သူများအတွက် လိုင်ဗားဆည်ရေလှောင်တမံမှ သောက်သုံးရေကို ဂါလန်တစ်သိန်းဆံ့ ပင်မရေလှောင်ကန်လေးလုံးဖြင့် ဖြန့်ဝေလျက်ရှိ



**နေပြည်တော် ဇူလိုင် ၂၉**

ဖလမ်းမြို့ရှိ လိုင်ဗားရေလှောင်တမံမှ ရေကို မြို့အတွင်းရှိ ရေလှောင်ကန်များသို့ Syphon စနစ်ဖြင့် သောက်သုံးရေပေးဝေလျက်ရှိသည့် ရေပိုက်လိုင်းများသည် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ကျိုးပေါက်ပျက်စီးခြင်း၊ ရေစုပ်စက်နှင့် ဆက်စပ်ပစ္စည်းများ ပျောက်ဆုံးပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ရာ ဒေသခံပြည်သူများ သောက်သုံးရေ ပြန်လည်ရရှိစေရေးအတွက် တာဝန်ရှိသူများက ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကာလအတွင်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ယခုအခါ ဒေသခံပြည်သူများအတွက် သောက်သုံးရေများကို ဂါလန်တစ်သိန်းဆံ့ပင်မရေလှောင်ကန်လေးလုံးဖြင့် ဖြန့်ဝေနေပြီဖြစ်ကြောင်း သိရသည်။

ဖလမ်းမြို့နေ ဒေသခံပြည်သူများအတွက် သောက်သုံးရေများဖြန့်ဝေပေးနေမှုအခြေအနေကို ယနေ့တွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးသည် ချင်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီအဖွဲ့ဝင်များနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ ဖလမ်းမြို့ရှိ ဒေသခံပြည်သူများ ဆက်သွယ်မှုကောင်းမွန်စေရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အော်တိုအိတ်ချိန်းရုံး၌ MEC TEL တယ်လီဖုန်းလိုင်းများ တပ်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)







## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၃၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှတဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှတဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄
- (၂) မိုဘိုင်းဖုန်းမှတဆင့်(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၅၅၃၄

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၆၆၈၇၈၈၁၁၉
- (၂) မိုဘိုင်းဖုန်းမှတဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှတဆင့်(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှတဆင့်ပေးပို့ရန်(SMS)၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှတဆင့်(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၅၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှတဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှတဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှတဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှတဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှတဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှတဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှတဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှတဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှတဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် မိသားစုဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ



ဆရာတော်ထံ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် ဇူလိုင် ၂၉**

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် မိသားစုဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ ဓမ္မာရုံ၌ပြုလုပ်ရာ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ လှည်းဘီးကျောင်းတိုက်ဆရာတော် နိုင်ငံတော် ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တလာဘသန အမှူးပြုသောသံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက လှည်းဘီးကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက သံဃာတော်အရှင်သူမြတ်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက မြိတ်မြို့ မော်တောင်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနာရဒထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး သံဃာတော်များကို အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (ဧဝ၁)

# အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ



သံဃာတော်များအား အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရ နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် ဇူလိုင် ၂၉**

အနောက်မြောက်တိုင်း စစ်ဌာနချုပ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ ဇေယျာသီရိခန်းမ၌ပြုလုပ်ရာ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဝိသုဒ္ဓိတပ်ဦးကျောင်းဆရာတော် ဘဒ္ဒန္တသုမနအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာတိုင်းမှူးနှင့်တက်ရောက်လာကြသူများက ဝိသုဒ္ဓိတပ်ဦးကျောင်း ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သံဃာတော်အရှင်သူမြတ်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ဝိသုဒ္ဓိတပ်ဦးကျောင်း ဆရာတော်ထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး သံဃာတော်များကို နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (ဧဝ၁)

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၉**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ ရန်အောင်မြင်ခန်းမ၌ ပြုလုပ်ရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မဟာဓမ္မိကာရာမတိုက် ရတနာပုံကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေးနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဆရာတော်ထံ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေး ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ဘုရားကြီးတိုက် နယားကျောင်း ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တနန္ဒိယထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သံဃာတော်အရှင်သူမြတ်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မဟာဓမ္မိကာရာမတိုက် ရတနာပုံကျောင်းဆရာတော်ထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (ဧဝ၁)

# ရှမ်းပြည်နယ်(တောင်ပိုင်း) မြို့နယ်အသီးသီးရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တွေ့ဆုံ



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများပေးအပ်စဉ်။

**နေပြည်တော် ဇူလိုင် ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုမိန်းမြို့၊ လဲချားမြို့၊ ကာလိမြို့၊ နမ့်စန်မြို့နှင့် လင်းခေးမြို့တို့ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ် ခရေရိပ်သာ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ရာ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ အသီးသီးမှတာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။ (ဧဝ၁)

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီအရေးယူခံရနိုင်ပါသည်။**

# တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပစဉ်။

**နေပြည်တော် ဇူလိုင် ၂၉**

၁၃၈၈ ခုနှစ် ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့)၌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ တိုင်းချေမ်းဓမ္မာရုံ၌ပြုလုပ်ရာ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ကြာနီကန်ကျောင်းတိုက်ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသူရိယအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက တောင်ငူမြို့ ကြာနီကန်ကျောင်းတိုက်ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သံဃာတော် အရှင်သူမြတ်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကြာနီကန်ကျောင်းတိုက် ဆရာတော်ထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (မြဝတီ)

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၆၄ ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ




သံဃာတော်များအား အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် ဇူလိုင် ၂၉**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၆၄ ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ သံလွင်ခန်းမ၌ ပြုလုပ်ရာ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ စွန်းလွန်းကမ္မဋ္ဌာန်းကျောင်းတိုက် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မာဘိဝံသအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက စွန်းလွန်းကမ္မဋ္ဌာန်းကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သံဃာတော် အရှင်သူမြတ်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ရှမ်းပြည်နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် မင်းကျောင်းပရိယတ္တိစာသင်တိုက်နှင့် ထာဝရဓမ္မာရိပ်သာကျောင်းတိုက်ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တနာယကထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (မြဝတီ)

# အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၁၆ ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၉**

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် ၁၆ ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ ဓမ္မာရုံ၌ပြုလုပ်ရာ ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ရှိ မဟာဗောဓိကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိမလအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၆ ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပစဉ်။

ဦးစွာ တက်ရောက်လာကြသူများက မဟာဗောဓိကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက် တာဝန်ရှိသူများက သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (မြဝတီ)

# တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၉**

တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ ပြည်ငြိမ်းအေးခန်းမ၌ ပြုလုပ်ရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ဓမ္မစရိယကျောင်းတိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကဿပအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဓမ္မစရိယကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သံဃာတော် အရှင်သူမြတ်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သာသနာ့ဝေပုလ္လကျောင်း ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိဇယထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (မြဝတီ)

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |



တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပစဉ်။

## ၂၀၂၆ ခုနှစ် ဇူလိုင် ၂၉ ရက် ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၉၅၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ။




တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ကလေး-တမူး ဆက်သွယ်ထားသော နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းအား ပြန်လည်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်နေမှုပြမြေပုံ။



တပ်မတော်စစ်ကြောင်းများက ကလေး-တမူး ဆက်သွယ်ရေးလမ်းကြောင်းပေါ်ရှိ ဘုတ်ကန်စံပြကျေးရွာရှိ ထေရဝါဒဗုဒ္ဓသာသနာပြုဇဟိုကျောင်းအား ပြန်လည်သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက ကလေး-တမူး ဆက်သွယ်ရေးလမ်းကြောင်းပေါ်ရှိ ဘုတ်ကန်စံပြကျေးရွာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ၁၀၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက်ရုံ ပြန်လည်သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက ကလေး-တမူး ဆက်သွယ်ရေးလမ်းကြောင်းပေါ်ရှိ ဘုတ်ကန်စံပြကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ပြန်လည်သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။





အကြမ်းဖက်သောင်းကျန်းသူများက ကလေး-တမူး ဆက်သွယ်ရေးလမ်းကြောင်းပေါ်ရှိ ဘုတ်ကန်စံပြကျေးရွာ နေအိမ်များအတွင်း ခံစစ်စခန်းများပြုလုပ်ထားရှိမှုကို တွေ့ရစဉ်။

**❖ သိမ်းပိုက်ရရှိမှု**

ထိုသို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အဆိုပါ ကလေး-တမူး လမ်းကြောင်းတစ်လျှောက်ကို ပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်ရေးအတွက် တပ်မတော်စစ်ကြောင်းများသည် စနစ်တကျစုဖွဲ့ပြင်ဆင်ပြီး စစ်ကြောင်းများခွဲ၍ ဟန်ချက်ညီညီဖြင့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို နေ့မအား ညမအား သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ တမူးမြို့ဘက်မှ ချီတက်လာသော တပ်မတော်စစ်ကြောင်းသည် ရန်လင်းဖိုင်ကျေးရွာနှင့် အဆိုပါ ဒေသတစ်ဝိုက်အထိကိုလည်းကောင်း၊ ကလေးမြို့ဘက်မှချီတက်လာသော တပ်မတော်စစ်ကြောင်းသည် ကလေး-တမူးလမ်းကြောင်းတစ်လျှောက်ရှိမြို့ရွာများကို တစ်ခုပြီးတစ်ခု အဆင့်ဆင့်ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး ဇူလိုင် ၂၆ ရက်တွင် ထင်းဇင်ရွာသစ်နှင့် ထင်းဇင်ရွာဟောင်းတို့ကို သိမ်းပိုက်ရရှိခဲ့သည်။

တပ်မတော် စစ်ကြောင်းများသည် ကလေး-တမူး လမ်းကြောင်းကို အမြန်ဆုံးပြန်လည်ထိန်းချုပ် ဖွင့်လှစ်နိုင်ရေးနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများ အေးချမ်းစွာ ပြန်လည်နေထိုင်နိုင်ရေးတို့အတွက် နယ်မြေလုံခြုံရေးလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆက်လက်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယမန်နေ့ ညနေပိုင်းတွင် ထင်းဇင်ရွာ၏ မြောက်ဘက် မီတာ ၆၂၀၀ ခန့်အကွာရှိ ဘုတ်ကန်စံပြကျေးရွာအား ထပ်မံသိမ်းပိုက်ရရှိခဲ့သည်။

အကြမ်းဖက် သောင်းကျန်းသူများ အနေဖြင့် ကျေးရွာအတွင်း ယာယီအခြေပြုနေထိုင်ခဲ့စဉ်ကာလအတွင်း ဒေသခံပြည်သူများ၏ နေအိမ်များအတွင်းမှ စားရေရိက္ခာနှင့်အသုံးဆောင်ပစ္စည်းများ၊ စည်းစိမ်ဥစ္စာများနှင့် တန်ဖိုးကြီးပစ္စည်းများကို လက်နက်အားကိုးဖြင့် အနိုင်ကျင့်ဗိုလ်ကျပြီး အတင်းအဓမ္မယူဆောင်အသုံးပြုခြင်း၊ နေအိမ်အဆောက်အအုံများအတွင်း ပစ်ကျင်းများ၊ ဘန်ကာများပြုလုပ်၍ ခံစစ်စခန်းများ ပြုလုပ်ထားခြင်း၊ တိုက်နယ်ဆေးရုံ၊ စာသင်ကျောင်းနှင့် ဌာနဆိုင်ရာ အဆောက်အအုံများကို ဖျက်ဆီးခြင်း၊ ၎င်းတို့ကို မထောက်ခံသည့် ဒေသခံများကို အကြောင်းမဲ့ဖမ်းဆီးနှိပ်စက်သတ်ဖြတ်ခြင်းတို့ကို ရက်စက်ယုတ်မာစွာ ကျူးလွန်လုပ်ဆောင်ခဲ့ကြသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ကလေး-တမူး လမ်းကြောင်းကိုအမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး၊ နယ်မြေလုံခြုံရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ အကြမ်းဖက်သောင်းကျန်းသူများ၏ လူမဆန်စွာအကြမ်းဖက်လုပ်ရပ်များ ပြုလုပ်ခဲ့ခြင်းကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် ဒေသခံပြည်သူများ၏ နေအိမ်၊ အဆောက်အအုံများ၊ ဌာနဆိုင်ရာ အဆောက်အအုံများနှင့် လမ်းတံတားများ ပြန်လည်ပြုပြင်တည်ဆောက်ခြင်း၊ ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး စသည့် လူမှုစီးပွားဘဝများ အမြန်ဆုံးပြန်လည် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကိုလည်း သက်ဆိုင်ရာဌာနများအလိုက် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ဒေသခံများ မိုင်းအန္တရာယ်ကင်းရှင်းစေရေးအတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

**○ နေကြာ ၃၈၀၆ ကေမှ**

အရာတော်မြို့နယ်တွင် ၁၀၈၈ ကေ၊ ချောင်းဦးမြို့နယ်တွင် ၂၄၂ ကေ စုစုပေါင်း ၃၈၀၆ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာခရိုင်မှာ နေကြာကေ ၉၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ကေ ၃၈၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေ ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပြည်ပကနေ စားအုန်းဆီတင်သွင်းမှုကို လျှော့ချနိုင်ဖို့ ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးသွားပါမယ်။ ဆီထွက်သီးနှံနေကြာရဲ့ တစ်ကေဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက်ပိုများပါတယ်”ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြသည်။

မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၉၄၅ ကေ၊ ဘုတလင်မြို့နယ်တွင် ကေ ၅၇၁၀၊ အရာတော်မြို့နယ်တွင် ၂၇၃၇ ကေ၊ ချောင်းဦးမြို့နယ်တွင် ကေ ၂၅၀ စုစုပေါင်း ၉၆၄၂ ကေ ဖြစ်ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြ၍ သိရသည်။ (၂၀၆)

**■ အမျိုးသမီးလိဂ်မှ**

သစ္စာအားမာန်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃၂ မိနစ်တွင် မြတ်နိုးခင်၊ ပွဲချိန် ၃၇ မိနစ်တွင် ယွန်းဝတီ၊ ပွဲချိန် မိနစ် ၅၀ တွင် ခင်စန်းလွင်တို့က သွင်းယူနိုင်ခဲ့သည်။

အလားတူ ညနေ ၃နာရီခွဲက ရန်ကုန်မြို့ ပဒုမ္မာအားကစားကွင်းတွင် ISPE အသင်းနှင့် ရန်ကုန်စီးတီးအသင်းတို့ကစားခဲ့ရာ ISPE အသင်းက ရှစ်ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး ISPE အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် သုံးမိနစ်နှင့် ၇၈ မိနစ်တွင် ဟေမာန်စိုး၊ ပွဲချိန် ခုနစ်မိနစ်တွင် ဆုပြည့်ပြည့်ကျော်၊ ပွဲချိန် ၃၈ မိနစ်တွင် မီးမီးဇင်၊ ပွဲချိန် မိနစ် ၇၀တွင် သင်ဇာချို၊ ပွဲချိန် ၇၁ မိနစ်တွင် ငြိမ်းငြိမ်းဖြိုး၊ ပွဲချိန် မိနစ် ၉၀ နှင့် အချိန်ပို နှစ်မိနစ်တို့တွင် လင်းမြင့်မိုရ်တို့က သွင်းယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

STA

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**

☆ **ကျောဖုံးမှအဆက်**

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် AA အဖွဲ့ဝင် ဦးရေ ၂၀ နှင့် PDF အမည်ခံ အဖွဲ့များမှ အဖွဲ့ဝင် ၁၂ ဦးတို့သည် လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသည့် ရခိုင်ပြည်နယ် ဂွမြို့နယ်မှ လေးဦး၊ မင်းပြားမြို့နယ်မှ တစ်ဦး၊ သံတွဲမြို့နယ်မှ ခြောက်ဦး၊ ရမ်းဗြဲမြို့နယ်မှ တစ်ဦး၊ မြေပုံမြို့နယ်မှ နှစ်ဦး၊ တောင်ကုတ်မြို့နယ်မှ တစ်ဦး၊ ချင်းပြည်နယ် ပလက်ဝမြို့နယ်မှ သုံးဦး၊ ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ တစ်ဦး၊ လေးမျက်နှာမြို့နယ်မှ တစ်ဦး စုစုပေါင်း AA အဖွဲ့ဝင် အမျိုးသား ဦးရေ ၂၀ နှင့် ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ နှစ်ဦး၊ ပုသိမ်မြို့နယ်မှ နှစ်ဦး၊ ဓနုဖြူမြို့နယ်မှ နှစ်ဦး၊ လေးမျက်နှာမြို့နယ်မှ သုံးဦး၊ အင်္ဂပူမြို့နယ်မှ တစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်မှ တစ်ဦး၊ ဒဂုံဆိပ်ကမ်းမြို့နယ်မှ တစ်ဦး စုစုပေါင်း PDF အဖွဲ့ဝင် အမျိုးသား ၁၁ ဦးနှင့် အမျိုးသမီး တစ်ဦးတို့ကို ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့ နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ဧရာဝတီခန်းမ၌ပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက တရားဥပဒေများနှင့်ပက်သက်၍ အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူပါလာသည့် MA–1 အမျိုးအစားမောင်းပြန်ရိုင်ဖယ် နှစ်လက်၊ MA–2 အမျိုးအစား မောင်းပြန်ရိုင်ဖယ် တစ်လက်၊ BA–63 မောင်းပြန်ရိုင်ဖယ် နှစ်လက်၊ Type–81 အမျိုးအစား ငါးလက်၊ M–22 အမျိုးအစားမောင်းပြန်ရိုင်ဖယ် တစ်လက်၊ LM–16 ပါရီ စက်လတ် တစ်လက်၊ AK–47 အမျိုးအစားမောင်းပြန်ရိုင်ဖယ် တစ်လက် စုစုပေါင်း လက်နက်မျိုးစုံ ၁၃ လက်၊ တရုတ်ကြိုးဆွဲလက်ပစ်ဗုံး ခြောက်လုံး၊ ကျည်မျိုးစုံ ၄၅၆ တောင့်နှင့် ကျည်အိမ်မျိုးစုံ အခု ၂၀ တို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးကလက်ခံရယူသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို သေနတ်တစ်လက်လျှင် ဆုကြေးငွေကျပ် သိန်း ၅၀ နှုန်းဖြင့် သေနတ် ၁၃ လက်အတွက် ငွေကျပ်သိန်း ၆၅၀၊ လက်ပစ်ဗုံး ခြောက်လုံးအတွက် ဆုကြေးငွေကျပ် ၁၈ သိန်းနှင့် အလင်းဝင်ရောက်လာသူတစ်ဦးလျှင် ငွေကျပ် သုံးသိန်းနှုန်းဖြင့် ၃၂ ဦး အတွက် ငွေကျပ် ၉၆ သိန်း စုစုပေါင်းချီးမြှင့်ငွေကျပ် ၇၆၄ သိန်းကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ပေးအပ်ချီးမြှင့်ခဲ့ပြီး ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ အုပ်ထိန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ အဖွဲ့ဝင်များနှင့် PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင်များသည် အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများကို ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် လူမျိုးရေးခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုများ ကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကိုစွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရပြီး ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ တပ်စခန်းများနှင့်ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏စကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည် –

"ကျွန်တော်ကတော့ AA တပ်ဖွဲ့ဝင် တစ်ယောက်ပေါ့။ ကျွန်တော် AA ထဲရောက်ရှိသွားတဲ့ အကြောင်းကတော့ ဒီကောင်တွေက တစ်အိမ်တစ်ယောက် မဖြစ်မနေ စစ်မှုထမ်းရမယ်ဆိုပြီးတော့ ပြောတယ်။ အဲ့ဒီတော့ မလိုက်လို့ရှောင်ပုန်းနေပြန်တော့လဲ ဒီကောင်တွေက အိမ်ကမိသားစုတွေကို အန္တရာယ်ပေးတယ်။ အိမ်ကမိသားစုကို ချိပ်ပိတ်တာမျိုးတို့ အိမ်ကိုခြိမ်းခြောက်တာတွေ ခေါ်ပေး မခေါ်ပေးရင် ရှိတဲ့သူဆွဲမယ်။ ဒီလိုနဲ့ ကျွန်တော်တို့ AA ထဲရောက်ခဲ့တယ်။ ဟိုရောက်တဲ့အခါတော့ သင်တန်းမှာ သင်တန်းတက်ရတယ်။ ဒီကောင်တွေကရိုင်းစိုင်းအားကြီးတယ်။ ပြောတာဆိုတာ လုပ်တာကိုင်တာလဲ တစ်ခုမှ မဟုတ်ဘူး။ စားတာသောက်တာကအစ အဆင်မပြေဘူးပေါ့။ ကိုယ့်သားလောက်ရှိတဲ့ ကောင်လေးတွေကအစ အားလုံး အထက်အောက် ညှဉ်းပန်းနှိပ်စက်မှုကို ပြုလုပ်တယ်။ သင်တန်းဆင်းပြန်တော့လဲ နေရထိုင်ရတာတွေ အဆင်မပြေဘူး။ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့နေရတယ်။ ကျွန်တော်တို့ဆိုရင် သင်တန်းဆင်းတာနဲ့ရှေ့တန်းပို့တယ်။ရှေ့တန်းပို့တဲ့အခါ ကျွန်တော်တို့မှာ လွယ်အိတ်လဲ မရှိဘူး။ ရှေ့တန်းရောက်တော့ တိုက်ပွဲ



တစ်ခါမှ မတိုက်ဖူးတဲ့သူကို တိုက်ဆိုတိုက်ရမယ် နောက်ပြန်ဆင်းလာရင် ပစ်သတ်ပစ်မယ်တို့ အဲ့ဒီလိုအနေအထားမျိုးတွေရှိတယ်။ အဲ့ဒီကနေပြီးတော့ မင်းတို့ပြန်မဆင်းလာနဲ့ မင်းတို့တိုက် မနိုင်ရင် နိုင်အောင်တိုက်ရဖို့ဆိုတဲ့ အနေအထားမျိုးတွေရှိတယ်။ ကျွန်တော်တို့ ပြန်ပြေးချင်ပေမယ့်လဲ ပြေးလို့မရဘူး။ ကိုယ့်လူအချင်းချင်းပစ်ဖို့ သေနတ်နဲ့ အဲ့ဒီလိုမျိုး ခြိမ်းခြောက်မှုတွေရှိတယ်။ ကျွန်တော်တို့ သူငယ်ချင်းနှစ်ယောက်ရှိတယ်။ ပြေးမယ်လို့ပြောလိုက်တယ်။ ဒီနေရာမှာ ဒီအဖွဲ့အစည်းမှာ မနေတော့ဘူး။ အဆင်မပြေဘူး။ ပြေးမယ်လို့ ဆုံးဖြတ်လိုက်တယ်။ သူငယ်ချင်းနှစ်ယောက် ပြေးလာတာပေါ့။ ပြေးလာတော့ သူငယ်ချင်း သေနတ်တွေပါယူဆိုပြီး သေနတ်တွေပါ ပါလာခဲ့တယ်။ ဒီကောင်တွေက သေနတ်ပါတဲ့အခါကျတော့ အမိအရလိုက်တယ်။ အမိအရလိုက်ပြီး လမ်းမှာလိုက်ဖမ်းတယ်။ ကျွန်တော့်ကို လိုက်ဖမ်းတော့ ကျွန်တော်နဲ့ တိုက်ပွဲဖြစ်ပါတယ်။ အချင်းချင်း ကျွန်တော်လဲ ပြန်ပစ်တယ်။ တစ်ယောက်ကတော့ ပြန်အဖမ်းခံသွားပါတယ်။ သူကတော့ ပြန်မပစ်တဲ့အတွက် အဖမ်းခံသွားပါတယ်။ ကျွန်တော်ကတော့ ပြန်ပစ်တဲ့အတွက် ကျွန်တော့်ကိုတော့ လိုက်ပြီးမဖမ်းတော့ဘူး။ ကျွန်တော်ကတော့ အန္တရာယ်ကင်းကင်းနဲ့ပဲ ဒီဘက်ရောက်လာတယ်။ ဒီဘက်ရောက်တော့လဲ ရောက်တာနဲ့ နေရထိုင်ရတာကအစ အားလုံးအဆင်ပြေပါတယ်။ ကျွန်တော် ပြောနေတဲ့ အသံဖိုင်ကို AA မှာ ကျန်ခဲ့တဲ့ ညီတွေ၊ သူငယ်ချင်းတွေတွေ့ရင် ကျွန်တော့်လိုပဲ အလင်းဝင်ပါ။ ဒီဘက်မှာ တချို့က စိုးရိမ်တာတွေရှိတယ်။ ဒီဘက်ရောက်ရင် ဖမ်းဖို့လား။ အဲ့ဒီလိုမဟုတ်ပါဘူး။ အဲ့ဒီလိုမျိုးလဲ မဖမ်းဘူး။ နှိပ်လဲ မနှိပ်စက်ဘူး။ အေးအေးဆေးဆေးကြိုဆိုတယ်။ အေးအေးဆေးဆေးထားတယ်။ အေးအေးဆေးဆေးအိပ်ရတယ်။ ကျွန်တော်ပြောချင်တာက ရခိုင်မှာကျန်ခဲ့တဲ့ ကျွန်တော့်သူငယ်ချင်းတွေ၊ ရှေ့တန်းစစ်မြေပြင်ရောက်နေတဲ့ သူငယ်ချင်းတွေ ဒီဗီဒီယိုဖိုင်ကြည့်ပြီးတော့ ဒီဘက်ကို အလင်းဝင်စေချင်ပါတယ်။ တပ်မတော်ဘက်ကို ဒီဘက်ရောက်တော့ ကောင်းကောင်းမွန်မွန် နွေးနွေးထွေးထွေး ကြိုဆိုပါတယ်"ဟု ပြောသည်။

"ကျွန်တော့်ယောက်ျားနဲ့ PDF ထဲကို ဝင်တယ်။ ဝင်ပြီးတော့ နောက်တော့



ရခိုင်ဘက်မှာ နေခဲ့ရတယ်။ ပြီးတော့ သင်တန်းတုန်းက ရိုက်နှက်တာတွေ ရှိတယ်။ အဲ့ဒါတွေမြင်ရတွေ့ရတယ်။ ကျွန်တော်တို့တွေ မသုံးမစွဲဘဲနေခဲ့ရတယ်။ မစားမသောက်ရဘူး။ သတင်းပေးပြန်တော့လဲ ဘယ်သူသုံးခိုင်းတာလဲ ဘာလဲနဲ့ အဲ့ဒီလိုမျိုးတွေဖြစ်တယ်။ လုံးဝကို စိတ်ဖိစီးမှုတွေများတယ်။ အဆင်မပြေဘူး။ တကယ်လို့ ထွက်ပြေးသွားပြီး ပြန်မိလာပြီဆိုရင် အသားကုန်ရိုက်တယ်။ အဲ့ဒီတော့ ကျွန်တော်တို့အလင်းဝင်ဖို့ဆိုတာ တော်တော်ကိုကြောက်တာ။ ဒီဘက်မှာတောင် ဒီလောက်ရိုက်နေရင်ဟိုဘက်ကလဲ အဲ့ဒီလို ရိုက်နှက်မှာပဲဆိုပြီးတော့ တော်တော်နှိပ်စက်တယ်။ တော်တော်ရိုက်တယ်။ လူတွေကို ကြောက်စိတ်တွေ ဖြစ်အောင် သွင်းပေးထားတာပေါ့။ အမြဲတမ်း ကြောက်စိတ်ဖြစ်တယ်။ ပြီးတော့ လူတစ်ယောက်မှာ ပစ္စည်းဘာပါလဲ။ ရွှေပါလား ရွှေသိမ်းတယ်။ ပိုက်ဆံပါလား။ ပိုက်ဆံဘယ်နှသိန်းပါလဲ။ သိမ်းတယ်။ ပြီးရင် ဆိုင်ကယ်ပါလား ဆိုင်ကယ်သိမ်းတယ်။ သူတို့မှာ အမြတ်ကြီးစား ကုပ်သွေးစုပ် အဲ့ဒီလိုကြီးပဲလုပ်နေတယ်။ သူတို့မှာ အဲ့ဒီစိတ်ဓာတ်အမြဲရှိတယ်။ အဲ့ဒါလေးကို ကျွန်တော်ပြောချင်တယ်။ ဖုန်းသုံးရတာကအစ အဆင်မပြေဘူး။ ဘယ်သူနဲ့မှလဲ အဆက်အသွယ်မရဘူး။ ကိုယ်မရှိရင် ကိုယ်မစားရဘူး။ အဲ့ဒီလိုမျိုးတွေပေါ့။ နောက်ကျတော့ ကျွန်တော် ကျန်းမာရေးမကောင်းလို့ ဆိုပြီးတော့ အကြောင်းပြတယ်။ ကျန်းမာရေး တော်တော်မကောင်းဖြစ်လို့ ဆေးရုံသွားပါရစေ။ ကျွန်တော့် ယောက်ျားနဲ့ပဲ အတူတူနေပါရစေတော့လို့ တင်ပြတော့ ကျွန်တော့်အရှေ့ကို ရောက်လာပြီးတော့ ကျွန်တော် အချုပ်ထောင်ထဲမှာ နေရပါတယ်။ မိန်းကလေးအချုပ်ထောင်မှာကျတော့ တာဝန်နဲ့နေရပါတယ်။ နေပြီးတော့ နှစ်လပိုင်းလောက်မှာ ကျွန်တော့်ယောက်ျားအလင်းဝင်သွားတယ်။ အဲ့ဒီမှာနေရာက ကွဲနေတဲ့အခါကျတော့ ကျွန်တော့်ကိုမခေါ်နိုင်ဘူးပေါ့။ အလင်းဝင်သွားပြီးတဲ့နောက်ပိုင်းမှာ ကျွန်တော့်ကိုလဲ စောင့်ကြည့်နဲ့ပဲထားတယ်။ အချုပ်သားတွေနဲ့ မိန်းကလေးနှစ်ယောက် ယောက်ျားလေး လေးယောက် ကလေးတစ်ယောက်နဲ့ ကျွန်တော်အဲ့ဒီမှာ ညဘက်ကြီးထွက်ပြေးပါတယ်။ ဒီဘက်ကို အလင်းဝင်ခဲ့ပါတယ်။ ဒီဘက်ကို အလင်းဝင်ခဲ့တော့လဲ ကျွန်တော်တို့ ကြားထားတာကပေါ့ ဒီဘက်က အလင်းဝင်လို့ရှိရင် ရိုက်နှက်တယ်။ အဆင်မပြေဘူးလို့ ကြားထားပါတယ်။ တကယ်တော့ ရောက်လာတဲ့အချိန်မှာ လုံးဝတခြားစီ ဖြစ်ပါတယ်။ နွေးနွေးထွေးထွေးဆက်ဆံပါတယ်။ ဒီဘက်က အရမ်းကောင်းခဲ့ပါတယ်။ ကျွန်တော်တို့ထင်ထားတာထက်တောင် ပိုကောင်းပါတယ်။ ကျွန်တော်တို့က အဲ့ဒီလိုတောင် မထင်ထားပါဘူး။ အမြဲနှိပ်စက်မယ်လို့တောင် ထင်ထားတာပါ။ ဒါပေမဲ့ ဒီဘက်ကကောင်းခဲ့ပါတယ်။ ကျွန်တော်တို့လမ်းမှားကိုရောက်သွားတော့ ကျွန်တော့်မိဘတွေတော့ မသိပါဘူး။ ဒါပေမဲ့ ဒီကနေပြီးတော့ပဲ ကျွန်တော် မိဘတွေကို တောင်းပန်ပါတယ်။ ကျွန်တော်တို့ လမ်းမှားရောက်သွားတယ်။ အခုလိုအချိန်မှာ ကျွန်တော်တို့ ပြန်ရမယ်ဆိုရင်တော့ အရမ်းဝမ်းသာပါတယ်။ အမေ့ကို မတွေ့ရတာလဲ တော်တော်ကြာပြီဆိုတော့ အဖေနဲ့အမေလဲ ဝမ်းသာမယ်လို့မျှော်လင့်ပါတယ်။ တပ်မတော်က အခုလိုနွေးနွေးထွေးထွေး ကြိုဆိုပေးတဲ့အတွက် ကျွန်တော်တို့က ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

(၅၀၁)

**ထူးခြားသည့် နေ့အပူချိန်များ**
( ၂၉ - ၇ - ၂၀၂၆ )

| | | | | | | | |
|---|---|---|---|---|---|---|---|
| မုံရွာ | ၃၇ | ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် | မြင်းမူ | ၃၅ | ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၇ | ဒသမ ၁ | ဒီဂရီဆဲလ်စီးယပ် | ညောင်ဦး | ၃၅ | ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၃၇ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် | ပခုက္ကူ | ၃၅ | ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၃၅ | ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် | ကျောက်ဆည် | ၃၅ | ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |

**နိုင်ငံတစ်ဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်။**

# ၂၀၁၀ ပြည့်နှစ် အမျိုးသားစာပေတစ်သက်တာဆုရှင် စာပေပညာရှင် စည်သူ ဒေါက်တာသော်ကောင်း ကွယ်လွန်




ရန်ကုန် ဇူလိုင် ၂၉

၂၀၁၀ ပြည့်နှစ် အမျိုးသားစာပေတစ်သက်တာဆုရှင်၊ စာပေပညာရှင်နှင့် စာရေးဆရာကြီးစည်သူ ဒေါက်တာသော်ကောင်းသည် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် သံလွင်လမ်း အမှတ် (၅၂-က) ၌ နေထိုင်ရင်း ၂၀၂၆ ခုနှစ် ဇူလိုင် ၂၉ ရက် နံနက် ၅ နာရီ ၄၇ မိနစ်တွင် ကွယ်လွန်ခဲ့ကြောင်း သိရသည်။ ကွယ်လွန်ချိန်တွင် အသက် ၈၉ နှစ်ရှိပြီဖြစ်သည်။

စည်သူ ဒေါက်တာသော်ကောင်းကို အငြိမ်းစား ပညာမင်းကြီးနှင့် မြန်မာနိုင်ငံ သမိုင်းကော်မရှင် ဥက္ကဋ္ဌ စည်သူ ဦးကောင်းနှင့် ဒေါ်သိန်းတို့မှ ၁၉၃၇ ခုနှစ်တွင် ရန်ကုန်မြို့၌ မွေးဖွားခဲ့သည်။ ရန်ကုန်မြို့တွင် အခြေခံပညာသင်ယူခဲ့ပြီး ရန်ကုန်တက္ကသိုလ်မှ B.A (ဂုဏ်ထူး)၊ အင်္ဂလိပ်စာပထမအဆင့်ဖြင့်ဘွဲ့ရရှိခဲ့ကာ ၁၉၆၂ ခုနှစ်တွင် ဗြိတိန်၊ လန်ဒန်တက္ကသိုလ်မှ စာကြည့်တိုက်နှင့် သတင်းအချက်အလက်ဆိုင်ရာ ဘွဲ့လွန်ဒီပလိုမာရရှိခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် AALIA (Associate of the Australian Library and Information Association)၊ ၁၉၈၄ ခုနှစ်တွင် အင်္ဂလန်စာကြည့်တိုက်အသင်း၏ အမြင့်ဆုံးဘွဲ့ (FLA) (Fellow of the Library Association) (UK) ဘွဲ့များကိုလည်းရရှိခဲ့ပြီး ၂၀၀၅ ခုနှစ်တွင် Fukuoka Asian Cultural Prize ကို ချီးမြှင့်ခံခဲ့ရသည်။

ဒေါက်တာသော်ကောင်းသည် ၁၉၅၇ ခုနှစ်မှစတင်၍ ရန်ကုန်တက္ကသိုလ်တွင် စာကြည့်တိုက်ဆိုင်ရာ တာဝန်များကို ထမ်းဆောင်ခဲ့ပြီး ၁၉၆၉ ခုနှစ်မှ ၁၉၈၇ ခုနှစ်အထိ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက် စာကြည့်တိုက်မှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်နှင့် သုတပညာဌာနကို စတင်တည်ထောင်ခဲ့ကာ ဌာနမှူးအဖြစ်လည်း ပူးတွဲတာဝန်ယူခဲ့သည်။ ထို့ပြင် တက္ကသိုလ်ပညာပဒေသာစာစောင် စာတည်းအဖွဲ့၊ မြန်မာစာကော်မရှင်နှင့် မြန်မာ-အင်္ဂလိပ် အဘိဓာန်ထုတ်ဝေရေးအဖွဲ့တို့တွင် အရေးပါသောတာဝန်များကို ထမ်းဆောင်ခဲ့သည်။

ဒေါက်တာသော်ကောင်းသည် ဗြိတိန်၊ အမေရိကန်၊ ဩစတြေးလျ၊ ဂျပန်၊ ထိုင်း၊ မလေးရှားနှင့် စင်ကာပူနိုင်ငံများသို့ မြန်မာစာပေ၊ စာကြည့်တိုက်လုပ်ငန်း၊ မြန်မာ့သမိုင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ စာတမ်းများ သွားရောက်ဖတ်ကြားခဲ့ပြီး အိန္ဒိယနိုင်ငံ နာလန္ဒာတက္ကသိုလ်၏ အကြံပေးကောင်စီအဖွဲ့ဝင်အဖြစ်လည်း ဆောင်ရွက်ခဲ့သည်။

ပြည်တွင်းပြည်ပ ညီလာခံများနှင့် ဆွေးနွေးပွဲများတွင် စာတမ်း ၃၅ စောင် ဖတ်ကြားတင်သွင်းခဲ့ပြီး အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ဆောင်းပါးပေါင်း ၉၀ ကျော်၊ “ရည်ညွှန်းစာအုပ်ဟူသည်”၊ "Aspects of Myanmar History and Culture" အပါအဝင် စာအုပ် ၁၀ အုပ်နှင့် ဘာသာပြန်စာပေများ၊ အထွေထွေရေးသားချက်များ အပါအဝင် စာပေလက်ရာ စုစုပေါင်း ၂၀၀ ခန့်ကို ရေးသားပြုစုခဲ့သည်။

၎င်းသည် ၂၀၀၇ ခုနှစ်တွင် ပခုက္ကူ ဦးအုံးဖေ တစ်သက်တာစာပေဆု၊ ၂၀၀၈ ခုနှစ်တွင် From the Librarian's Window စာအုပ်ဖြင့် ထွန်းဖောင်ဒေးရှင်း စာပေဆု (ယဉ်ကျေးမှုဘာသာရပ်) ကို ရရှိခဲ့သည်။ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီတွင် ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပြီး ၂၀၁၂ ခုနှစ်မှစ၍ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့ပြင် ဆရာဝန်တင်ရွှေဆု၊ ထွန်းဖောင်ဒေးရှင်း စာပေဆု၊ ပခုက္ကူ ဦးအုံးဖေတည်ထောင်သည့် စာပေဆုနှင့် သုတစွယ်စုံစာပေဆုတို့၏ ရွေးချယ်ရေးအဖွဲ့များတွင်လည်း ဥက္ကဋ္ဌအဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် စည်သူဘွဲ့ ချီးမြှင့်ခံခဲ့ရသည်။

စည်သူ ဒေါက်တာသော်ကောင်း ကွယ်လွန်သွားခြင်းသည် မြန်မာ့စာပေလောက၊ မြန်မာ့သမိုင်းနှင့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမှုများအတွက် ကြီးမားသည့် ဆုံးရှုံးမှုတစ်ရပ်ဖြစ်သည်။

(သတင်းစဉ်)

# ရန်ကုန်-နေပြည်တော်လမ်းပိုင်း၌ ပြေးဆွဲပေးလျက်ရှိသည့် အမှတ်(၃၂)အစုန် DEMU ရထားတွဲဆိုင်း ခဲဖြင့်ပေါက်သူကို ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိ







အမှတ် (၃၂)အစုန် နေပြည်တော်-ရန်ကုန် DEMU လူစီးအမြန်ရထား ခဲဖြင့်ပစ်ပေါက်ခံရမှုကြောင့် အတက်၊ အဆင်းတံခါးပေါက် မှန်ကြေမွအက်ကွဲမှုဖြစ်ပွားခဲ့သည့် ဓာတ်ပုံမှတ်တမ်း။

နေပြည်တော် ဇူလိုင် ၂၉

မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသွားပြည်သူများ ပိုမိုစိတ်ချမ်းမြေ့စွာ သွားလာနိုင်စေရေးအတွက် ခေတ်မီ လေအေးပေးစက်ပါ DEMU တွဲဆိုင်းသစ်များဖြင့် လူစီးအမြန်ရထားများ ပြေးဆွဲပေးလျက်ရှိရာ ယနေ့ ညနေ ၃ နာရီ ၅ မိနစ်တွင် အမှတ်(၃၂)အစုန် နေပြည်တော်-ရန်ကုန် DEMU လူစီးအမြန်ရထားသည် သဃ်န်းကျွန်းနှင့် မလွကုန်းဘူတာအကြား မိုင်တိုင်အမှတ် ၃/၉-၁၀ သုဝဏ္ဏခုံးတံတားကိုဖြတ်သန်းစဉ် ရထား၏ညာဘက်မှ ခဲဖြင့်ပစ်ပေါက်ခံရမှုကြောင့် ရထားတွဲဆိုင်းပါ ပထမဆုံးတွဲအမှတ် DEMU F(C)-4029 ၏ ညာဘက်ခြမ်းခရီးသည် အတက်၊ အဆင်းတံခါးပေါက် အောက်ဆုံးမှန်ထိမှန်၍ ကြေမွအက်ကွဲမှုဖြစ်ပွားပြီး ခရီးသည်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

ဖြစ်ပွားရာနေရာသို့ သဃ်န်းကျွန်း ရထားရဲစခန်းနှင့် တိုးကြောင်ကလေး ရထားရဲစခန်း တာဝန်ရှိသူများသွားရောက်၍ တရားခံဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိပြီး ရထားပို့ဆောင်ရေး လုပ်ငန်းဥပဒေနှင့်အညီ အရေးယူနိုင်ရေး သက်ဆိုင်ရာနယ်မြေရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါဖြစ်စဉ်ကြောင့် ရထားကြန့်ကြာမှု ငါးမိနစ်ဖြစ်ပေါ်ခဲ့ပြီး အခြားရထားများ ကြန့်ကြာမှုမရှိဘဲ ပုံမှန်အတိုင်း ပြေးဆွဲခဲ့ကြသည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် ထုတ်ပြန်ပြီးဖြစ်သည့် ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေ၊ အခန်း ၁၈၊ ပုဒ်မ ၇၉ (ခ) အရ ရထားကိုတစ်စုံတစ်ရာဖြင့်ပစ်ပေါက်ခြင်း သို့မဟုတ် တစ်စုံတစ်ရာပြုလုပ်ခြင်းအတွက် ပြစ်ဒဏ်အနေဖြင့် ပုဒ်မ(၈၄)အရ ထိုသူကို အနည်းဆုံး ငါးနှစ်မှ နှစ် ၂၀ ထိမပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်ကိုလည်းချမှတ်နိုင်ကြောင်း သိရှိရပြီး ဥပဒေနှင့်အညီ ဆက်လက်အရေးယူသွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူများ အဆင်ပြေကောင်းမွန်စွာ ခရီးသွားလာနိုင်ရေးအတွက် အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများအနေဖြင့် ဝိုင်းဝန်းပူးပေါင်း ထိန်းသိမ်းသွားရန် လိုအပ်ကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။

(သတင်းစဉ်)

**✱ ဖမ်းဆီးရမိမှု**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၅ ရက် နံနက် ၁၁ နာရီတွင် သတင်းအရ မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် အင်းစိန်လမ်းမကြီးတွင် မင်္ဂလာဒုံမြို့နယ် အနောက်ပိုင်းကျေးရွာနေ ကျော်မြင့်သန်း ၃၅ နှစ်မောင်းနှင်ပြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ အလယ်ကျေးရွာနေ အောင်ဝင်း ၂၇ နှစ်၊ မင်္ဂလာတောင်ညွန့်မြို့နယ် စက်စမ်းရပ်ကွက်နေ သိန်းရွှေ ၆၂ နှစ်နှင့် ထန်းတပင်မြို့နယ် အေးမြို့ရွာနေ ဘကျော် ၄၇ နှစ်တို့ လိုက်ပါလာသော TOYOTA IPSUM မော်တော်ယာဉ်နှင့် လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် (၉) ရပ်ကွက်နေ ဇော်အောင် ၄၉ နှစ်မောင်းနှင်ပြီး ညောင်တုန်းမြို့နယ်၊ အင်းမရွာနေ သက်ဇင် ခေါ် အောင်အောင် ၅၀ နှစ်၊ ရွှေပြည်သာမြို့နယ်(၂၀)ရပ်ကွက်နေ မောင်အေးလှိုင် ၅၅ နှစ်တို့လိုက်ပါလာသော TOYOTA CALDINA မော်တော်ယာဉ်တို့ကို ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွဆေးပြား ၁၉၀၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၂၀၀၀ ကျပ်နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၃၈၀၀) ဖမ်းဆီးရမိသဖြင့် ယင်းတို့ခုနစ်ဦးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သိရသည်။

ထို့ပြင် ဇူလိုင် ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်းတွင် လမ်းလျှောက်လာသူ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် (၁၁)ရပ်ကွက်နေ ကောင်းထိုက်ကျော် ၃၇ နှစ်ကို စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် HAPPY WATER ၄၅ ဂရမ် (တစ်ဂရမ်လျှင်ငွေကျပ် ၆၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၇ သိန်း)၊ ကက်တမင်း ၁၀ ဂရမ် (တစ်ဂရမ်လျှင်ငွေကျပ် ၆၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ခြောက်သိန်း)နှင့် အက်တက်စီဆေးပြား ၁၀ ပြား (တစ်ပြားလျှင်ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ငါးသိန်း)ဖမ်းဆီးရမိပြီး ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ ညနေ ၃ နာရီတွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၉၃)ရပ်ကွက် ကျွန်းရွှေဝါလမ်းတွင် လမ်းလျှောက်လာသူ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၉၄)ရပ်ကွက်နေ စည်သူကျော် ၃၉ နှစ်ထံမှ ကက်တမင်း ဂရမ် ၅၀၀(တစ်ဂရမ်လျှင် ငွေကျပ် ၆၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၃၀၀)ကိုလည်းကောင်း၊ဆက်လက်၍ ည ၆ နာရီတွင် သန်လျင်မြို့နယ် ဘုရားကုန်းရွာနေ မလှသန္တာ ၃၅ နှစ်ထံမှ စိတ်ပြောင်းဆေးဝါး အက်တက်စီဆေးပြား ၄၃၀၀ (တစ်ပြားလျှင်ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၂၁၅၀) ကိုလည်းကောင်း စုစုပေါင်းငွေကျပ် ၂၄၈၈ သိန်း တန်ဖိုးဖမ်းဆီးရမိခဲ့သဖြင့် ကောင်းထိုက်ကျော်၊ စည်သူကျော်နှင့် မလှသန္တာတို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ကောင်းထိုက်ကျော်ကို သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ်ချွေတာသင့်ပါသည်။**

ဝတ္ထုတိုကလျာ

# နယုန်နှင့်ကဆုန်

## မောင်ခြိမ့်



ဖိုးနီတစ်ယောက် ယနေ့အလွန်ပျော်ရွှင်၍ နေ၏။ ရွာထိပ်ဘုန်းကြီးကျောင်း ဆွမ်းစားဇရပ်မှ အိမ်သို့ ပြန်အလာ ဘယ်လိုမှ ဣန္ဒြေဆည်၍မရ။ အလိုလို ပြုံးပြုံးကြီးဖြစ်နေလေ၏။

လမ်းတွင် မျက်နှာချင်းဆိုင်လျှောက်လာသူများက တစ်ယောက်တည်းပြုံးလာသော သူ့ကို ထူးဆန်းစွာ လှည့်ကြည့် လှည့်ကြည့် လုပ်သွားကြသည်။ သူကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်နိုင်။ သူ့ခြေထောက်နှင့် မြေကြီးထိသည်ဟုပင် သူကမထင်။ အလိုလို လူကမြောက်ကြွလျက်ရှိသည်။

ဝမ်းထဲမှ လိပ်၍လိပ်၍ တက်လာသော ပီတိအဟုန်သည် သူ့မျက်နှာမှာလာ၍ ပေါ်လျက်ရှိသည်။ မြင်နေကျဇုက္ကနိချောင်းရေပြင်သည် ယနေ့အဖို့ ပိုမို၍ ဖြောင့်ဖြူးလှပနေသည်ဟု သူကထင်သည်။ မြင်နေကျ တွေ့နေကျ ရွာထဲက အိမ်ကလေးများသည် ပို၍ လှပနေသည်ဟု သူမြင်လေ၏။

သူတို့ရွာကို ဖြတ်ပြီး ချောင်းကိုကျော်၍ တိုက်ခတ်လာသော လေထဲတွင် ငါးညှီနံ့၊ ငါးပိလှန်းစင်မှ ထွက်သော အပုပ်နံ့၊ နေလှန်းထားသော ငါးခြောက်စင်မှ ထွက်လာသည့် အနံ့ဆိုး၊ ငံပြာရည်အနံ့တို့ နံနေသည်ကိုပင် သူ့နှာခေါင်းတွင် နှင်းဆီပန်းခင်းကို ဖြတ်သန်းတိုက်ခတ်လာသော လေပြည်လေညင်းဟု သူထင်မိတော့၏။

နောက်ဆုံး တအာအာနှင့် နားငြီးအောင် အော်ကာ လှန်းထားသောငါးခြောက်ကို ချောင်းနေသောကျီးကန်းတို့၏ အော်သံကိုပင် သူ့စိတ်တွင် ဂီတသံစဉ်ဟု ထင်နေမိတော့သည်။ စိတ်တို့သည် ဝမ်းသာခြင်း၊ ပျော်ရွှင်ခြင်း၊ တက်ကြွခြင်းတို့၌ ညွတ်နူးလျက်ရှိသည်။

သည်လိုသာ သူ့မေတ္တာကို လက်ခံမည်မှန်းသိလျှင် စောစောကပင် သူဖွင့်ပြောဖြစ်ပေမည်။ သို့ဖြစ်၍ အားငယ်စိတ်ဖြင့် စောင့်စားနေခဲ့မိသော အချိန်ကာလတို့ကို သူ ယခုမှနှမြောလှလေစွ။

မကျင်ငွေဆိုသည့် တစ်ရွာသူအပျိုချောကို သူတို့ရွာ ကာလသားတစ်သိုက်က ချစ်ကြ၊ ကြိုက်ကြ၊ လိုချင်ကြသည်မှာ တကယ်တော့ အဆိုးမဆိုသာပါချေ။ ဖြူနုသော အသားအရေ၊ တောင့်တင်းပြေပြစ်သော ကိုယ်ဟန်၊ လှပသောမျက်နှာပိုင်ရှင် မကျင်ငွေ၏အလှသည် သူတို့ရွာသူအပျိုဖြူများနှင့် ယှဉ်လိုက်လျှင် ကျီးကန်းများကြား ဗျိုင်းငှက်နားနေသကဲ့သို့ ထင်းခနဲ၊ ဝင်းခနဲ ပေါ်လွင်နေတော့သည်။

ထိုအပျိုချော မကျင်ငွေသည် သူတို့ရွာသူမဟုတ်၊ လမ်းသမိုင်ရွာတွင် နေထိုင်ကြသည့် လယ်ဧက ၆၀ ခန့်လုပ်ကိုင်သော လယ်ပိုင်ရှင်၏သမီးဖြစ်ပြီး ဖခင်ကြီး ရုတ်တရက်ဆုံးပါးသွားသဖြင့် စိတ်ပြေလက်ပျောက် ဆိုသလို သူတို့ရွာရှိ ကုန်စုံဆိုင်ပိုင်ရှင် အစ်မဖြစ်သူ၏အိမ်တွင် ခဏဆိုပြီးလာရောက် နေထိုင်ခဲ့သည်မှာ ယခုဆို သုံးလေးလလောက်ရှိနေပြီ။

ရွာနားမြက် ရွာနွားမစားဆိုသော စကားရှိသည်မဟုတ်လော။ ကိုယ့်ရွာမှာလည်း အပျိုချောများ အပေါသားဖြစ်ပေမဲ့ ထိုတစ်ရွာသူကိုမှ ကာလသားများဝိုင်း၍ ကလူချင် မြူချင်ကြသည်မှာ ဤထူးခြားသော အလှကြောင့်ပင် ဖြစ်ပေတော့သည်။ ဖုထစ်၊ ကျင်းချိုင့်များဖြင့် ပြည့်နှက်နေသော ရွာလမ်းမ မှောင်မှောင်တွင် မယ်ဒလင်နှင့်တစ်ဖွဲ့၊ ဘာဂျာနှင့်တစ်ဖွဲ့၊ ဘာမှတီးစရာမရှိသူတွေကလည်း ပါးစပ်ကို ဆိုင်းလုပ်၍ "တစ်ရွာသား အချစ်ကပိုပါတယ်"တို့၊ "အမေဆူရင် ငါ့ဆီပြေးခဲ့"တို့၊ "မောင့်အပေါ်မှာ ဂုဏ်ရည်မတူလို့လား"တို့၊ "ပန်းနွယ်ကစိမ်း" တို့ကို အသံပြာအောင်အော်ဟစ်ပြီး ခေါက်တုံ့ခေါက်ပြန်ဖိုသံပေးကြသည်မှာ ကာယကံရှင်က ဘာမှမဖြစ်သော်လည်း ရွာခံအပျိုများက မျက်စိရှုပ်ပြီး နားကလောကာ ခွေးနှင့်ရှူးတိုက်ရသည်ထိ ဖြစ်ပေတော့သည်။

ပြည်တန်သော ပတ္တမြားတို့သည် တောတောင်များ၌သာ တူးဆွရှာဖွေယူရသည် မဟုတ်လော။ တော်ဝင်သည့် ပန်းသဇင်သည် စိမ့်ကြီးမြိုင်ကြီး ရိပ်ကြီးတောတောင်မှာ နေရောင်မခံဘဲ ပွင့်လေသည် မဟုတ်လော။

တောသူများ တကယ်လှပြီဆိုလျှင် လိမ်းခြယ်စရာမလို၊ ပြုပြင်စရာမလိုဘဲ လှနေပါ၏။ အလိမ်းအခြယ်၊ အဆင်အသ၊ အခုအခံ၊ အပြုအပြင် မရှိဘဲနှင့်ပင် ကြည့်၍လှနေ၏။

တောသူတောင်သားတို့သည် ရိုးသားကြပါ၏၊ ပွင့်လင်းကြပါ၏။ ချစ်လျှင် ချစ်သည်ဟု ပြောတတ်၏။ ဟုတ်လျှင် ဟုတ်သည်ဟု ပြောတတ်၏။ သိလျှင် သိတယ်ဟု ပြောတတ်ကြပါပေ၏။ မချစ်ဘဲနှင့် ချစ်သလိုလိုနှင့် ကလူလေ့ မြူလေ့မရှိကြ။ မဟုတ်ဘဲ၊ မသိဘဲနှင့် သိသယောင်၊ ဟုတ်သယောင် ဟန်မဆောင်တတ်ကြပေ။

သို့ဖြစ်ပါ၍ မြို့သားတို့၏ အမြင်တွင် ရိုင်းသည်ဟု ထင်ကြလေမလားမသိ။ ဟန်မဆောင်တတ်တာကိုပင်၊ ပွင့်လင်းတာကိုပင် မယဉ်ကျေးဟုထင်လျှင် ခံရုံသာ ရှိပါတော့သည်။

တောသားတို့၏ အကြိုက်သည် တစ်မျိုးဖြစ်၏။ ခေတ်တွေ ဘယ်လိုပင်ပြောင်းသော်လည်း ထိုအကြိုက်သည် ယခင်အတိုင်းပဲရှိနေသေး၏။ ကွမ်းတောင်ကိုင်ဆိုသည့် ရွာ၏အလှပဂေးများသည် အားလုံးလှကြသည်။ မလှသည့်သူ တစ်ယောက်မှ မရှိ။ တောသားတို့သည် ငါး၊ ငါးခြောက်ကိုသာ ကြိုက်ကြသော်ငြား လူငါးကျည်းခြောက်ကိုမူ သဘောမတွေ့ကြ၊ ကြင်ဖက်မလုပ်လိုကြ။ မြို့သားတွေ ဟန်လုပ်စားကြသော ထမင်းသုံးလေးလုတ်စာ ဆံ့သောထမင်းပန်းကန်လေးများကို သဘောမကျ။ ထမင်းနှစ်လုံးချက်စာခန့်ဆံ့သော ဇောက်နက်နက်ဇလုံထဲတွင် ထမင်းကို မောက်အောင်ပုံကာသာ စားတတ်ကြပါ၏။ ဆိုရလျှင် တောသားတို့သည် ဟန်စား၊ အလှစား မစားတတ်ကြ။

မြို့မှာရောင်းသော ပိန်ညောင်ချည့်နဲ့နှင့် အရိုးများသော "မွေးဖား" များကို မနှစ်သက်ကြပါ။ ကျယ်ပြန့်သန့်ရှင်းလှသော လယ်ကွင်းများကြားတွင် လွှားခနဲ လွှားခနဲခုန်ပေါက်ပျော်မြူး၍ လတ်ဆတ်သောအစားအစာတို့ကိုစားကာ ကြွက်သားထွားထွားနှင့်သန်မာလှသော တောက "ရိုက်ဖား"များကိုသာ ခံတွင်းတွေ့ကြပါ၏။

မြို့မှာလို ရင်လိမ်ဖင်ချွန်း ငါးဆယ်သားခန့်ရှိသော ကြက်ကို နေရာအနှံ့ရေတွေထိုးကာ ဖောင်းဖောင်းကားကားကြီးနှင့် ဝယ်ချင်စရာဖြစ်အောင် နန္ဒင်းဝါဝါလိမ်းထားသော ကြက်သားမျိုးကို မကြိုက်ကြ။

တောမှာမွေး၊ တောမှာကြီးသော စစ်တကောင်းကြက်ဝဝကြီးများဆိုလျှင် သည်အိမ်ကချက်လျှင် အရှေ့အနောက်ခုနစ်အိမ်ထိ မွှေးကာ အရသာရှိလှသည် မဟုတ်လော။

သို့ကလို စိတ်ထားမျိုးရှိကြကုန်သည်ဖြစ်သော ဖိုးနီတို့ ကာလသားများခြေဖဝါးက မီးထွက်မတတ်လျှောက်ပြန်သံပေးလုပ်နေကြသည့် မကျင်ငွေ၏ အလှသည် မည်သို့သော အလှမျိုးဖြစ်မည်ကို စဉ်းစားလျှင် သိနိုင်ကုန်ရာ၏။

ထို့ကြောင့်ပင် သူတကာလို တေးချိုချိုသီဆို၍ ကလူသလို မြူသလိုနှင့် ဖိုသံမပေးတတ်သော၊ လျှောက်ပြန်သံပေးမလုပ်တတ်သော လူရိုးကြီး ဖိုးနီသည် မကျင်ငွေ ရေခပ်ဆင်းလျှင်၊ မကျင်ငွေ ကလေးထိန်းထွက်လျှင်၊ မကျင်ငွေ ဈေးဝယ်ထွက်လျှင် ခပ်ဝေးဝေးမှသာနေ၍ တွေတွေကြီးငေးနေတတ်လေ၏။

ထို အရပ်မြင့်မြင့်၊ အသားညိုညို၊ ကြွက်သားအဖုဖုနှင့် ထုထုပြီး ခရာချင်စရာကောင်းအောင် သန်မာထွားကျိုင်းယောကျ်ားပီသသော ဖိုးနီကို ကြာလာတော့ မကျင်ငွေ သတိပြုမိချေပြီ။

သတိပြုမိခြင်းသည် အစသာဖြစ်တော့၏။ သတိပြုမိပြီဆိုလျှင် မြင်ယောင်လာတတ်တော့သည်။ မမြင်ပြီဆိုလျှင် မသိမသာရှာဖွေလာတတ်တော့၏။ တွေ့လျှင် ကျေနပ်၏။ မတွေ့လျှင် တစ်ခုခုလိုနေသလိုလိုနှင့် ရင်မှာဟာတတ်၏။ ရင်မှာဟာတာတာဖြစ်လာပြီဆိုလျှင် ဂနာမငြိမ်ဖြစ်လေတော့၏။ ရွာလမ်းကိုပင် လျှောက်သလိုလို၊ ကလေးကမနေ၍ သူကပဲ လျှောက်ထိန်းရသလိုလိုနှင့် ဖိုးနီကို ရှာဖွေစပြုလေ၏။

သူတို့ရွာကလေး၏ အလယ်လောက်တွင် ကြီးမားလှသော ခရေပင်ကြီးရှိ၏။ နွေကာလများတွင် ထိုခရေပင်၏အရိပ်သည် ခြင်းဝိုင်းလေးငါးဝိုင်းခတ်၍ရအောင် ကောင်းလှ၏။ တစ်နှစ်ပတ်လုံး စိမ်းမြနေသော အရွက်တို့က ကြွေသည်မထင်ရအောင် အုပ်ဆိုင်းလျက်ရှိ၏။ ထိုခရေပင်မှ ပွင့်သော ခရေပွင့်တို့သည် အရွယ်ကလည်း ပြားစေ့ခန့်ကြီးလှ၏။ မွှေးကလည်း အလွန်မွှေးလှ၏။

သို့ဖြစ်၍ပင် ပန်ဆင်မည့်သူကို ရည်ရွယ်၍ ပန်းကောက်သူ ကိုလူပျိုနှင့် ကေသာဦးတွင် ဝေဆာလှအောင် အဆင်သင့်ပန်လင့်ချင်၍ ခရေပင်အောက် ရောက်လာတတ်သောအပျိုမတို့ ဤခရေပင်အောက်မှာပင် သစ္စာမြဲမြံဆုထူးပန်ခဲ့ကြသည်မှာ များလှပါပြီ။

ဖိုးနီတို့ ကာလသားတစ်သိုက်သည် အချိန်ကလေးအားသည်နှင့် ခရေပင်အောက်မှာ ခြင်းဝိုင်းစကြတော့၏။ ထိုခြင်းဝိုင်းတွင် ဖိုးနီက ခြင်းမင်းသားဖြစ်တော့၏။

ပုဆိုးကို မြှောင်နေအောင် ခါးတောင်းကျိုက်၍ ကျစ်လျစ်ဖွံ့ထွားသော ကိုယ်ခန္ဓာကို ယိမ်းကာ၊ နွဲ့ကာ၊ ခုန်ကာ၊ ပျံကာ၊ နော့ကာ၊ တော့ကာ၊ ကွေးကာ၊ ဆက်ကာ၊ မဟာဒူး၊ ညွန့်ဒူး၊ စလွယ်၊ ဝိုက်ပြည့်စသည့် ခြင်းပညာမျိုးစုံကို နံဘေးမှ ရင်သပ်ရှုမောသဘောကျလောက်အောင် ပညာပြတတ်သူဖြစ်တော့သည်။

တောရွာဟူသည် မြို့ကြီးပြကြီးများမှာလို ကြည့်စရာ၊ ရှုစရာ၊ လည်စရာ၊ ပတ်စရာ၊ ပျော်စရာ၊ ရွှင်စရာ စုံလင်လှသော နေရာမဟုတ်လေရကား ထိုကာလသားတို့၏ တောခလေ့ခြင်းဝိုင်းသည်ပင် ရွာသားများအတွက် တကယ်အပန်းဖြေစရာ၊ ကြည့်ချင်စရာ ပွဲကြီးဖြစ်နေပေတော့၏။

နှပ်ချေးတွဲလောင်းနှင့် ကလေးများလည်းလာ၏။ ဆံဖြူသွားကျိုးအဘိုးကြီး၊ အဘွားကြီးများလည်း လာပါ၏။ သားတစ်ယောက်အမေ၊ သားနှစ်ယောက်အမေ၊ သားသုံးယောက်အမေတို့လည်းပါ၏။ ခြင်းဝိုင်း၏ဘေး ထိုင်လိုသူထိုင်၊ ထလိုသူထ စိတ်တိုင်းကျနေရာယူကာ စိတ်အပန်းဖြေကြလေသတည်း။

ထိုနေရာကို ယောင်လည်လည်နှင့် ရောက်လာတတ်သူကား မကျင်ငွေဖြစ်တော့၏။ ကလေးထိန်းသလိုလို ဟင်းရွက်ခူးသလိုလိုနှင့် လူ့အကွယ်ကလေးက ငေးနေတတ်ပါ၏။

ဖိုးနီ၏ ခြင်းခတ်ဟန်ကို မင်းသားကလေးတစ်လက်ကနေသလို သူထင်လေသည်။ လေးတောင်ခန့်မြင့်သော အရပ်နှင့် လိုက်ဖက်စွာ ပြည့်ဖြိုးသော ပေါင်လုံးကြီးများ၊ တုတ်တုတ်ခဲခဲခြေသလုံး ကြွက်သားများ၊ ရင်အုပ်ကားကား၊ ခါးနွဲ့နွဲ့နှင့် ဖိုးနီခြင်းခတ်နေသည်ကို ကြည့်ရင်း ရင်ကလေးလှိုက်ဖိုမိသည်ကအမှန်ပင်။

စာမျက်နှာ ၂၅ သို့ á

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၀၄၅၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကျောက်မြောင်း ဇူလိုင် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၀၄၅၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၂၈၆၇ ဧကစိုက်ပျိုးရန် လျာထားပြီး မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၀၄၅၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျောက်မြောင်းမြို့နယ်ခွဲမှာ မြေပဲဧက ၁၂၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၀၄၅၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံအနေနဲ့က တော့ အောင်မြင်တဲ့အနေအထားမှာ ရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်ပိုက ပြောပြသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကင်းထောက်မှတ်တမ်းယူခြင်း လုပ်ငန်းများကို မြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ပိုက ပြောပြ၍ သိရသည်။

(၂၀၆)

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးဖယ်ပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ ဇူလိုင် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးဖယ်ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေသီထွန်းက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရေထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးဖယ်များကို ဝယ်ယူပြီး စနစ်တကျသန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ မေလအတွင်းက ငါးဖယ်ပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ငါးဖယ်ပိဿာချိန် ၄၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဖျာပုံမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ငါးဖယ်တွေတင်ပို့ရောင်းချအား ကောင်းနေပါတယ်။ ပြီးခဲ့တဲ့ ဇွန်လအတွင်း ဖျာပုံမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို



ငါးဖယ် ပိဿာချိန် ၄၃၀၀၀ ထိ တင်ပို့ ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က လက်ရှိဇူလိုင်လထဲမှာလဲ ငါးဖယ်တွေမှာယူတာ များနေပါတယ်။ အခုလိုငါးဖယ်တွေ ကုန်ချိန်များများ တင်ပို့လာရတာကြောင့် ငါးလုပ်ငန်းနဲ့ဆက်စပ်သူတွေအကုန် အဆင်ပြေလာပါတယ်"ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေသီထွန်းက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဒေသထွက် ငါးဖယ်တစ်ပိဿာလျှင် ငွေကျပ် ၂၂၀၀၀ မှ ၃၀၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါဒေသမှ ရန်ကုန်ဈေးကွက်သို့ ရေထွက်ကုန်များ တင်ပို့ရောင်းချနေရခြင်းကြောင့် ငါးဖယ်မွေးမြူသူများ၊ ရေလုပ်သားများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

**á စာမျက်နှာ ၂၄ မှအဆက်**

သံလိုက်ဟူသည် သံကိုပင် ဆွဲငင်တတ်သည် မဟုတ်လော။ ခြင်းဝိုင်းအနားသို့ မကျင်ငွေရောက်နေသည်ကို လှည့်မကြည့်ဘဲနှင့် ဖိုးနီ၏စိတ်တွင် သိ၏။ ထိုအခါခြင်းတစ်ဝိုင်းလုံး "ဟာကွာ" "မင်းကွာ" "တော်တော့ကွာ" မကျေနပ်သံများ ထွက်လာတော့၏။ ခြင်းလုံးဟူသည် ခြင်းသမား၏ ခြေထဲတွင် သို့မဟုတ် လေထဲတွင် ရှိနေရမည် မှန်ပေငြား မြေတလင်း၌သာလိမ့်၍ဆင်းနေတော့၏။

အဘယ်ကြောင့်နည်း မကျင်ငွေရောက်လာမှန်းသိလျှင် ဖိုးနီ၏ စိတ်သည် လေပြင်းခတ်သော ညောင်ရွက်ပမာ တဖျတ်ဖျတ်လှုပ်ရှားလေ၏။ မိမိ၏ အစွမ်းအစပြချင်စိတ်တွေများလာတော့၏။ ခက်ခဲသည့် ခတ်ပေါက်၊ ခတ်ချက်များကို ခုန်၍ပျံ၍ ကွေး၍ညွတ်၍ ခတ်ပြလိုက်ချင်သည့်စိတ်များ ဝင်လာတော့၏။ ထိုသို့အစွမ်းအစပြချင်စိတ်များ များလာလေလေ ခတ်ပေါက်ခတ်ချက်တို့ ပျက်လေလေဖြစ်တော့၏။ ခတ်ပေါက်ပျက်လေလေ ရှက်စိတ်တို့ ဝေလေလေဖြစ်တော့၏။ ရှက်စိတ်တို့ ဝေလေလေ ခြေနှင့်မထိလေလေဖြစ်ကာ လုံးလည်လိုက်၍ -

"တော်ကွာ ဖိုးနီ၊ မင်းထွက်တော့ ဒီကနေ့ မင်းဘယ်လိုဖြစ်နေတာလဲဟ၊ ခြင်းမှာအခြေခံဖြစ်တဲ့ ခြေခွင်ကလေးမှ၊ ခြေဖျားကလေးမှ၊ စလွယ်ကလေးမှ ဟန်ကျအောင်မခတ်မဲ့အတူတူ ထွက်လဟာ... ထွက်လဟ ခြင်းသာကောက်ပေးပေတော့"

သူငယ်ချင်းများက စလျှင် ရှက်စိတ်ဖြင့် သိမ်ငယ်သွားရသော ဖိုးနီကိုကြည့်ကာ မဆီမဆိုင် မကျင်ငွေ၏ရင်သည် တလှပ်လှပ်ခုန်လေ၏။ နှလုံးသည်းပွတ်တို့သည် တဆတ်ဆတ်တုန်လေတော့၏။ ထိုအခါ မလုံသောရင်ကို အသာဖိ၍ ခြင်းဝိုင်းဘေးမှ အပြေးကလေးထွက်ခဲ့မိတော့၏။

**ဆက်လက်ဖော်ပြပါမည်။**

## ပေါင်းစည်းညီ စွမ်းအားမြင့်မြင့်နှင့်

– တို့တိုင်းပြည် တိုးတက်ဖို့
လက်ချင်းယှက် ရှေ့သို့ချီ၊
တို့ပြည်သူ ပေါင်းစည်းရုံး
အားလုံးတူညီ၊
"ညီညာမှ ပြည်သာမည်"
မြော်တွေးရည် ပန်းတိုင်လမ်း၊
လှမ်းချက်ညီ
မှန်းဆက်ရည် မဆုတ်မနစ်
ဖွဲ့နှစ်လျှောက်လှမ်း။

– ပေါင်းစည်းကာ ညီညွတ်ရင်း
အောင်ပွဲနှင်း ပြည့်ဂုဏ်ရောင်၊
တက်ကြွညီ ရှိသမျှအားနဲ့
ကြိုးစားစွမ်းဆောင်၊
တိုးတက်လို့ ထွန်းလင်းပြောင်
ပြည်လှူ့ဘောင် ဂုဏ်ရှိန်မြင့်၊
ကမ္ဘာ့အလယ်မှာ
မြန်မာထည်ဝါ ရင်ပေါင်တန်းနိုင်ချိမ့်
စွမ်းပြလှစ်ဖွင့်။

– "ဥပဒေ" နဲ့ "စည်းကမ်း" လည်း
နည်းလမ်းကျနု သိရှိစေ၊
လိုက်နာကာ စွမ်းမာန်ဖြည့်လို့
ပြည့်တာဝန်ကျေ၊
"ညီညွတ်အား" နဲ့ တည်ဆောက်လေ
တိုးတက်မသွေ အမှန်မလွဲ၊
အနာဂတ် ရွှေပြည်
မဟာမလပ် အခြေတည်ဖို့
ပေါင်းစည်းညီ စွမ်းအားမြင့်မြင့်နဲ့
တူပြိုင်ကာ သမိုင်းဂုဏ်ဆင့်ရအောင်
" ဇာတိပုညဂုဏ်မာန" ကို
(သွေးချင်းတို့ရေ...)
ပြလော့ဆင်နွှဲ။ ။

**မောင်မောင်ထွန်း(ပန်းပျိုးအိမ်)**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# မြန်မာဗုဒ္ဓဘာသာဝင်များ သေတမ်းစာရေးခွင့်မရှိ

စိန်လှိုင်ဖိုလ်

မြန်မာ့ဓလေ့ထုံးတမ်းအမွေခန်းသည် လွန်စွာ သိမ်မွေ့နက်နဲပြီး နားလည်သိရှိရန် အလွန်ခက်ခဲသည်။ ကျန်ရစ်သောပစ္စည်းကို လင်သေလျှင် မယားရသည်။ မယားသေလျှင် လင်ရသည်။ လင်မယားနှစ်ဦးစလုံးကွယ်လွန်လျှင် အမွေဆက်ခံခွင့်ရှိကြသော သားသမီးများရရှိသည်။ ဤနေရာတွင် ဩရသ သားသမီး၏ အမွေဝေစုကိစ္စ၊ ကိတ္တိမသားသမီးတို့၏ အမွေဆက်ခံမှုကိစ္စအပါအဝင် မျိုးဆက်ဝေးသူ၊ မျိုးဆက်နီးသူတို့၏အမွေကိစ္စအပါအဝင် ကိစ္စရပ်များများစွာရှိသည်။

အချို့အမှုများတွင် အမွေဆက်ခံသူတစ်ဦးဖြစ်ပါသည်ဟုဆိုကာ မိမိအား အမွေထိန်းစာ၊ အမွေထိန်းလက်မှတ်လျှောက်ထားရာတွင် ကျန်အမွေဆိုင်များဘက်က ကန့်ကွက်ကြရာမှ တရားရုံးရောက်ကြရသည်။ ယခုတစ်ပတ်တွင် မိမိသည် ကွယ်လွန်သူ၏ ကိတ္တိမသမီးဖြစ်ပါသည်ဟုအဆိုရှိပြီး အမွေထိန်းစာ၊ အမွေထိန်းလက်မှတ်ထုတ်ပေးရန် လျှောက်ထားရာမှ တရားရုံးက စိစစ်သုံးသပ်ဆုံးဖြတ်ရန်လိုအပ်သောအချက်များကို လမ်းညွှန်ထုံးဖွဲ့ခဲ့သော **"ဒေါ်သန်းညွန့်နှင့် ဒေါ်ကြီး(ကွယ်လွန်) ၎င်း၏ တရားဝင်ကိုယ်စားလှယ်များ (၁) ဒေါ်သန်းစိန်၊ (၂) ဒေါ်ကျင်ရွှေ ၁၉၇၄ ခုနှစ်၊ တရားမပထမအယူခံမှု အမှတ်(၈) စီရင်ထုံးကို** ကိုးကားရေးသား တင်ပြပါမည်။

ဦးသာငွေနှင့် ဒေါ်နှင်းမြတို့သည် မြန်မာဗုဒ္ဓဘာသာလင်မယားနှစ်ဦးဖြစ်ခဲ့သည်။ ဒေါ်သန်းညွန့်က သူသည် ၎င်းဦးသာငွေနှင့် ဒေါ်နှင်းမြတို့၏ ကိတ္တိမမွေးစားသမီးဖြစ်သည်ဟုဆိုသည်။ ဒေါ်နှင်းမြသည် ၁၉၅၃ ခုနှစ်တွင်လည်းကောင်း၊ ဦးသာငွေသည် ၁၉၅၆ ခုနှစ်တွင်လည်းကောင်း အသီးသီး ကွယ်လွန်အနိစ္စရောက်သွားခဲ့ကြသည်။

အချင်းဖြစ်သည့် ရန်ကုန်မြို့ အလုံမြို့နယ် စက်တွင်းလမ်း အမှတ်(၉) အဆောက်အအုံမြေကို ဦးသာငွေနှင့် ၎င်း၏အစ်မဖြစ်သူ **မူလရုံးအယူခံတရားပြိုင် ဒေါ်ကြီး(ကွယ်လွန်)ပိုင်ခဲ့ကြောင်း၊ ဦးသာငွေ ကွယ်လွန်ပြီးနောက် အချင်းဖြစ်သည့်ပစ္စည်းကို ဒေါ်ကြီးတို့ ပူးတွဲပိုင်ဆိုင်ခဲ့ကြောင်း အမှုတွင် ပေါ်ပေါက်သည်။** ၁၉၇၀ ပြည့်နှစ်တွင် ဦးသာငွေ၏ ပိုင်ဆိုင်ခွင့်ကို ဒေါ်သန်းညွန့်က ၎င်း၏အမည်သို့ လွှဲပြောင်းပေးရန် ရန်ကုန်မြို့ အိုးအိမ်ဦးစီးဌာနသို့ လျှောက်ထားခဲ့သည်။ သို့သော် ဒေါ်ကြီးက ကန့်ကွက်သဖြင့် လျှောက်လွှာကို အိုးအိမ်ဦးစီးဌာနက ခွင့်မပြုခဲ့ပါ။ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ အယူခံဝင်သော်လည်း မအောင်မြင်ခဲ့ပါ။

သို့ဖြစ်၍ ရန်ကုန်တိုင်းတရားရုံးတွင် ၁၉၇၃ ခုနှစ် စက်တင်ဘာ ၅ ရက်က **အမွေထိန်းလက်မှတ်ထုတ်ပေးရန် လျှောက်ထားခဲ့ပြန်ရာ ထိုလျှောက်လွှာကို ဒေါ်ကြီးက ကန့်ကွက်ခဲ့ကြောင်း၊** သို့ဖြစ်၍ ရန်ကုန်တိုင်းတရားရုံးက အောက်ပါပဏာမကောက်ချက်ကို ထုတ်ပြီး နှစ်ဖက်ရှေ့နေကြီးများကို ကြားနာ၍ အမွေထိန်းစာထုတ်ပေးရန် လျှောက်လွှာကိုပလပ်ပြီး အမွေမှုခွဲဝေရန် ညွှန်ကြားခဲ့ကြောင်း၊ ထိုအမိန့်ကို မကျေနပ်၍ ဗဟိုတရားရုံးသို့ ပထမအယူခံမှုတင်သွင်းခဲ့သည်။ အယူခံတရားလိုက–

**"တရားလို ဒေါ်သန်းညွန့်သည် ယခုအမှုအစား အမွေခွဲဝေပေးစေလိုမှု သို့မဟုတ် လက်ဝယ်ရလိုမှုကိုသာ စွဲထိုက်ပါသလား"**

ဒေါ်ကြီးသည် အမှုအတောအတွင်း သေဆုံးသွားသည့်အတွက် ၎င်း၏ ကိတ္တိမမွေးစားသမီးများဖြစ်ကြသည့် အယူခံတရားပြိုင် ဒေါ်သန်းစိန်နှင့် ဒေါ်ကျင်ရွှေတို့ကို ဤအမှုတွင် ထည့်သွင်းခဲ့သည်။

ဒေါ်ကြီးသည် ဦးသာငွေ၏ အစ်မအရင်းဖြစ်ကြောင်းမှာ အငြင်းမထွက်ချေ။ အယူခံတရားလို ဒေါ်သန်းညွန့်က သူသည် ဦးသာငွေနှင့် ဒေါ်နှင်းမြတို့၏ ကိတ္တိမသမီးဟုအဆိုပြုထားသည်။ ထိုအဆိုပြုချက်ကို ဒေါ်ကြီးက ငြင်းခဲ့သည်။ ထို့ကြောင့် အယူခံတရားလို ဒေါ်သန်းညွန့်သည် ဦးသာငွေ၏အမွေကို လက်ခံနိုင်ခွင့်ရှိသူ ဟုတ်၊ မဟုတ်မှာ သက်ဆိုင်ရာတရားရုံးက ဆုံးဖြတ်ပေးရမည့်အချက်ဖြစ်ကြောင်း ဗဟိုတရားရုံးက စိစစ်ဝေဖန်ခဲ့သည်။

အမွေထိန်းစာလျှောက်ထားမှုများကို ဆုံးဖြတ်စီရင်ရာ၌ လျှောက်ထားမှုတွင် အမွေဆက်ခံနိုင်ခွင့်ရှိ၊ မရှိနှင့် အမွေထိန်းစာလက်ခံထိုက်သူ ဟုတ်၊ မဟုတ် စသောပြဿနာကို စိစစ်ရမည်ဖြစ်ကြောင်း၊ ဤအမှုမှုကား အယူခံတရားလို ဒေါ်သန်းညွန့်သည် ဦးသာငွေ၏အမွေကို ဆက်ခံပိုင်ခွင့်ရှိသူ ဟုတ်၊ မဟုတ်ဟူသောအချက်မှာ မပြီးပြတ်သေးကြောင်း ဗဟိုတရားရုံးက ထောက်ရှုခဲ့သည်။

ဒေါ်ကြီးက သူသည် ဦးသာငွေ၏ အစ်မအရင်းဖြစ်၍ ဦးသာငွေ၏အမွေကို တစ်ဦးတည်းဆက်ခံပိုင်ခွင့်ရှိသူဖြစ်ကြောင်း၊ အယူခံတရားလို ဒေါ်သန်းညွန့်မှာ ဦးသာငွေ၏ ကိတ္တိမမွေးစားသမီးမဟုတ်ဟု အဆိုပြုခဲ့ကြောင်း၊ **ထို့ကြောင့် အယူခံတရားလို ဒေါ်သန်းညွန့်သည် ဦးသာငွေ၏ ကိတ္တိမမွေးစားသမီး ဟုတ်၊ မဟုတ် အဆုံးအဖြတ်ပေးရန်ရှိနေသေးကြောင်း၊ ဤကဲ့သို့အဆုံးအဖြတ်ကို အမွေထိန်းစာလျှောက်ထားမှုများတွင် အဆုံးအဖြတ်မပေးသင့်ကြောင်း၊ ဤကဲ့သို့ အဆုံးအဖြတ်ပေးခြင်းအားဖြင့် အမွေဆိုင်များ၏အမွေမှုကို ပေါ့ပေါ့လွယ်လွယ်နှင့် ဆုံးဖြတ်ပေးလိုက်ရာသာကျမည်ဖြစ်ကြောင်း** အယူခံရုံးတော်က ဆင်ခြင်သုံးသပ်ခဲ့သည်။

ထို့ပြင် မြန်မာဗုဒ္ဓဘာသာတို့အတွက် အမွေထိန်းစာမထုတ်ပေးဘဲမနေရဟု ဥပဒေကမဆို၊ ထုတ်ပေးရန်မလိုလျှင် ထုတ်၍မပေးခြင်းက ပို၍ တရားမျှတမှန်ကန်ပေမည်။ အထက်ဖော်ပြပါအကြောင်းများကြောင့် ရန်ကုန်တိုင်းတရားရုံးက အယူခံတရားလိုကို အမွေထိန်းစာထုတ်မပေးခဲ့ခြင်းမှာမှန်ကန်ကြောင်း၊ **သို့ရာတွင် အယူခံတရားလိုကို အမွေမှုစွဲဆိုရန်အဆုံးအဖြတ်ပေးခဲ့ခြင်းမှာ ဥပဒေနှင့်မညီကြောင်း၊ တရားရုံးတစ်ရုံးသည် အမှုသည်များကို မည်ကဲ့သို့အမှုမျိုးစွဲဆိုရမည်ဟု အလွယ်တကူ မညွှန်ကြားသင့်ကြောင်း** မှတ်ချက်ပြု၍ အယူခံမှုကို ပလပ်လိုက်သည်။ အထက်အဆင့်မြင့်ရုံးက အောက်ရုံး၏စီရင်ဆုံးဖြတ်မှုအပေါ် ဥပဒေနှင့်အညီ တည့်မတ်ပေးလိုက်ခြင်းကို ပြည်သူအများသိရှိနိုင်ရန်ဖြစ်သည်။



အမွေထိန်းလက်မှတ်ထုတ်ပေးရန်လျှောက်ထားသည့်ကိစ္စတွင် **အမွေရှင်သည် ပစ္စည်းကို စာချုပ်ဖြင့် လွှဲပြောင်းထားရာ လွှဲပြောင်းခြင်းခံရသူတို့သည် ဗုဒ္ဓဘာသာမြန်မာလူမျိုးများဖြစ်သဖြင့် ၎င်းစာချုပ်သည် သေတမ်းစာဖြစ်၊ မဖြစ် စိစစ်ရန်လိုအပ်ကြောင်းဖြစ်ပါသည်။**

မြန်မာဗုဒ္ဓဘာသာ ကိုးကွယ်ကြသူများသည် သေတမ်းစာရေးသားချုပ်ဆိုခွင့် မရှိကြောင်းကို အများသိရှိကြပြီးဖြစ်သည်။ စာဖတ်ပေဖတ်အားနည်းကြသူတချို့မှာမူ ကောင်းစွာမသိရှိကြသေးသည်ကို တွေ့မြင်ကြားသိနေရသည်။ သို့ဖြစ်ရာ အမှုတစ်ခု၏ စီရင်ထုံးကို အကြောင်းပြု၍ ကွယ်လွန်သူကျန်ရစ်သောပစ္စည်းကို အမွေထိန်းစာလျှောက်ထားခြင်းကို သေတမ်းစာစာချုပ် ရေးသားချုပ်ဆိုပေးကမ်းထားပြီးဖြစ်၍ဟုအကြောင်းပြကာ ကန့်ကွက်ရာမှဖြစ်ပွားပေါ်ပေါက်လာသောအမှုဖြစ်သည်။

အမှု၏အနှစ်သာရမှာ အမွေရှင်သည် ပစ္စည်းကို စာချုပ်ဖြင့်လွှဲပြောင်းထားရာ လွှဲပြောင်းခြင်းခံရသူတို့သည် ဗုဒ္ဓဘာသာမြန်မာလူမျိုးများဖြစ်သဖြင့် ၎င်းစာချုပ်သည် သေတမ်းစာဖြစ်၊ မဖြစ် စိစစ်ရန်လိုအပ်ကြောင်း (ဒေါ်မာသင်(ခ) ဒေါ်မယ်သင်နှင့် ဦးငွေထိန်ပါ (၈)ဦး ၁၉၇၄ ခုနှစ် တရားမအယူခံမှုအမှတ်(၉) အမှုကို ရည်ညွှန်းကိုးကားရေးသားတင်ပြပါမည်။

အမှုဖြစ်စဉ်မှာ မွန်ပြည်နယ် မုဒုံမြို့နေ ဒေါ်စိန်မျှင်ဆိုသူသည် ၁၉၇၂ ခုနှစ် နိုဝင်ဘာ ၁၂ ရက်က ကွယ်လွန်အနိစ္စရောက်ခဲ့သည်။ ၎င်းထားရှိခဲ့သည့် မုဒုံမြို့မှ မြေတစ်ကွက်နှင့် ၎င်းမြေအပေါ် တည်ဆောက်ထားသည့်တိုက်တစ်လုံးအတွက် အမွေထိန်းလက်မှတ်ထုတ်ပေးရန် ဒေါ်စိန်မျှင်၏အစ်မ (ဤအမှုတွင် အယူခံတရားလို ဒေါ်မယ်သင်)က လျှောက်ထားခဲ့သည်။ ၎င်းလျှောက်လွှာကို အယူခံတရားပြိုင် အမှတ်(၅)နှင့် (၈)တို့က ကန့်ကွက်ခဲ့ကြသည်။

ဒေါ်စိန်မျှင်၏ တူနှင့်တူမများဖြစ်ကြသည့် အယူခံတရားပြိုင် အမှတ်(၆)ဦးခင်ရှိန်နှင့် အယူခံတရားပြိုင် အမှတ်(၇) ဒေါ်စန်းရှင်တို့ကို ဒေါ်စိန်မျှင် မသေမီက အချင်းဖြစ်သည့် မြေနှင့်တိုက်အိမ်ကို စာချုပ်နှင့်လွှဲပြောင်းပေးပြီးဖြစ်သဖြင့် ထိန်းသိမ်းရန်ပစ္စည်းမရှိတော့သည့်အတွက် အမွေထိန်းလက်မှတ်မထုတ်ပေးထိုက်ကြောင်း အကြောင်းပြကာ ကန့်ကွက်ခဲ့သည်။

ဦးခင်ရှိန်နှင့် ဒေါ်စန်းရှင်တို့ကို ပစ္စည်းလွှဲပြောင်းပေးသည့်အခါက ချုပ်ဆိုသည့်စာချုပ်စာတမ်းမှာ တရားမဝင်သောစာချုပ်များဖြစ်သည်ဟု အယူခံတရားလိုဘက်က တင်ပြခဲ့သည်။ သို့သော် မွန်ပြည်နယ်တရားရုံးက အမှုကိုစစ်ဆေးပြီး ၎င်းစာချုပ်မှာ ဥပဒေအရ တည်နေသည့်စာချုပ်ဖြစ်သဖြင့် ထိန်းသိမ်းရန်ပစ္စည်းမရှိသည့်အတွက် အမွေထိန်းလက်မှတ်ထုတ်ပေးရန်မလိုဟု အမိန့်ချမှတ်လိုက်သည်။ ၎င်းအမိန့်ကိုမကျေနပ်၍ ဗဟိုတရားရုံးသို့ အယူခံတင်သွင်းခြင်းဖြစ်သည်။

အယူခံတရားပြိုင်အမှတ်(၆) ဦးခင်ရှိန်နှင့် အယူခံတရားပြိုင်အမှတ်(၇) ဒေါ်စန်းရှင်တို့ တင်ပြသည့်စာချုပ်မှာ မူလရုံးအမှုတွဲတွင် သက်သေခံအမှတ်(၁)အဖြစ် လက်ခံထားကြောင်းတွေ့ရသည်။ **၎င်းစာချုပ်သည် သေတမ်းစာစာချုပ်ဟုရေးသားပြီး ရေစစ္စရီမှတ်ပုံတင်ထားသည့် စာချုပ်မဟုတ်ကြောင်း၊ ၎င်းစာချုပ်ကို စိစစ်လိုက်သည့်အခါ သေတမ်းစာဖြစ်ကြောင်းတွေ့ရသည်ဟု ဗဟိုတရားရုံးတော်က စိစစ်ထောက်ရှုဝေဖန်ခဲ့သည်။**

မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ဗုဒ္ဓဘာသာမြန်မာလူမျိုးများသည် သေတမ်းစာပြုလုပ်၍ ပစ္စည်းလွှဲပြောင်းပေးခြင်းမပြုနိုင်ကြောင်း၊ သို့ဖြစ်၍ သက်သေခံအမှတ်(၁)စာချုပ်မှာ ဥပဒေအရတရားဝင်သည့်စာချုပ်ဖြစ်သည်ဆိုပြီး ဒေါ်စိန်မျှင်တွင် ပစ္စည်းမကျန်ရစ်ခဲ့ဟု မွန်ပြည်နယ်တရားရုံး၏အဆုံးအဖြတ်မှာ ဥပဒေအရမှားယွင်းကြောင်း စိစစ်ဝေဖန်ခဲ့သည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် မွန်ပြည်နယ်တရားရုံး၏အမိန့်ကိုပယ်ဖျက်၍ အယူခံတရားလိုလျှောက်ထားသည့် အမွေထိန်းလက်မှတ်ကိုထုတ်ပေးရန် ဗဟိုတရားရုံးက အမိန့်ချမှတ်လိုက်သည်။ ယခုအမှုသည်လည်း အောက်ရုံးတချို့၏ စီရင်ဆုံးဖြတ်ချက်ကို အထက်ရုံးတော်က ဥပဒေနှင့်အညီ တည့်မတ်ပေးခဲ့ကြောင်း ပြည်သူအများ ဥပဒေဗဟုသုတရရှိစေရန် ရေးသားတင်ပြလိုက်ရပါသည်။



## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job–PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit–PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job–PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဒုတိယဗိုလ်ချုပ်ကြီး သီရိပျံချီ တင်အေး

ကာကွယ်ရေးဦးစီးချုပ်(ရေ)(ငြိမ်း)၊

ဝန်ကြီး(ငြိမ်း)၊ အလုပ်သမားဝန်ကြီးဌာန

အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်နေ (ဒေါ်ခင်ခင်စိန်)၏ချစ်လှစွာသောခင်ပွန်း ဒုတိယဗိုလ်ချုပ်ကြီး သီရိပျံချီ တင်အေး(ငြိမ်း)သည် ၂၉-၇-၂၀၂၆ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၃ နာရီ ၅၁ မိနစ်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ


**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်း ရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# ပဲခူးမြို့နယ် ကင်းမွန်းခြုံ(ဘူတာစု) ကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**ပဲခူး ဇူလိုင် ၂၉**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကင်းမွန်းခြုံ(ဘူတာစု)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျေးရွာတွင်းဂဝံမြေလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၂၈ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းနှင့်ဝန်ထမ်းများက ကင်းမွန်းခြုံ(ဘူတာစု)ကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့် တွေ့ဆုံကာ မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ လမ်းအရှည် ပေ ၉၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၇ သန်းဖြင့် ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၆ ခုနှစ် ဇူလိုင်လပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

ကင်းမွန်းခြုံ(ဘူတာစု)ကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်း လုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ကျေးရွာမှ ထွက်ရှိလာသော ထုတ်ကုန်ထွက်ကုန်များကို အဆင်ပြေချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်း ပဲခူးမြို့နယ်ကျေး လက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းထံမှ သိရသည်။ **သုတ**

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ဇီယာဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ ဇူလိုင် ၂၉**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ဇီယာဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၇၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းအေးက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက ဇီယာဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၀၀၀၀သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ဇီယာဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၇၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇွန်လအတွင်း ဒီဘက်ကနေ ဇီယာဆန်အိတ်ရေအများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ လပွတ္တာမြို့နယ်ကနေ ထွက်ရှိတဲ့ လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ ဇီယာဆန်ကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြား ဝယ်ယူဖို့ ချိတ်ဆက်တာတွေ ရှိပါတယ်။ လတ်တလောအနေနဲ့ ဇီယာဆန်က အရောင်းအဝယ်ပိုဖြစ်နေပါတယ်"ဟု လပွတ္တာမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းအေးက ပြောပြသည်။



လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ဇွန်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ဇီယာဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၉၃၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဇီယာဆန်အိတ်များကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားနေသည့် အတွက်ကြောင့် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ကျိုက်လတ်မြို့နယ် ထရော်ရွာသစ်ကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်း

**ကျိုက်လတ် ဇူလိုင် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထရော်ရွာသစ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရရှိန်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) အကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ကော်မတီဝင်များ၏ လုပ်ငန်းတာဝန်များ၊ ကျေးရွာမှဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ကော်မတီခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ကျိုက်လတ်မြို့နယ် ထရော်ရွာသစ်ကျေးရွာ၌ ဖွံ့ဖြိုးရေး လုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် သိန်း ၁၅၀ အသုံးပြု၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **ကိုလှိုင်**


"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ**

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

**လိပ်မူတိုင်ကြားရန် လိပ်စာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ရုံးအမှတ် (၅၆)၊ ဇေယျာသုခနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊

စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊

၀၆၇-၈၁၀၃၃၃၄၊

Email Address – accm@accm.gov.mm၊

Website Address – http://www.accm.gov.mm


# ပင်းတယမြို့နယ် သိမ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပင်းတယ ဇူလိုင် ၂၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သိမ်ကုန်းကျေးရွာအုပ်စု သိမ်ကုန်းကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသဦးစီးမှူး ဒေါ်အေးအေးသိန်းက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပင်းတယမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်နှင့် ဝန်ထမ်းများက စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး သိမ်ကုန်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၅၈၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက သိမ်ကုန်းကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၄၇ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀ ဦးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူတစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၈ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၅၈၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ချိုသန်းညွှန့်**

# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည် -

(က) ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ်(၅)ပေ၊(၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၆ ခုနှစ်၊ ဇွန်လ(၂၉)ရက်နေ့** မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၆ ခုနှစ်၊ ဩဂုတ်လ(၂၇)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၂၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည် -

(က) ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ်(၅)ပေ၊(၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ (သို့မဟုတ်) ဝိပ္ပံဘာသာတွဲဖြင့်** ဖြေဆို အောင်မြင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၆ ခုနှစ်၊ ဇွန်လ(၂၉)ရက်နေ့** မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၆ ခုနှစ်၊ ဩဂုတ်လ(၂၇)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၁၉)ရက်နေ့**တွင် မိမိတို့ လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့် ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသား/အမျိုးသမီး)ဗိုလ်လောင်းများခေါ်ယူခြင်း

၁။ လျှောက်ထားသူသည် -

(က) ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို/အပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ်(၅)ပေ၊(၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) အမြင်အာရုံကြီးမားစွာချို့ယွင်းသူမဖြစ်စေရ။ (မျက်မှန်တပ်ဆင်သူများလည်း လျှောက်ထားနိုင်သည်။)

(င) တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၆ ခုနှစ်၊ ဇွန်လ(၂၉)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၆ ခုနှစ်၊ သြဂုတ်လ(၂၇)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ နှင့် ဓာတုဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၁၈)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**







## အသင်းအမည် အမှတ်တံဆိပ်သတိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်နိုင်ဦး (ဘ) ဦးကျော်စိန်(၉/မဟမ(နိုင်)၀၂၄၇၈၃) အသင်းဥက္ကဋ္ဌ၏ လွှဲအပ်ချက်အရ အများသိစေရန် ကြေညာလိုက်ပါသည်။

ပြည်တွင်းအသင်းအဖွဲ့(ယာယီ)မှတ်ပုံတင်အမှတ်-၂/မန္တလေး/၀၂၉(၂၀၂၆)၊
အသင်းအမည်အမှတ်တံဆိပ် မှတ်ပုံတင်အမှတ်(၁၄၄၁/၂၀၂၆)

အထက်ဖော်ပြပါ "မန္တလေးဆေးသုတ်ညီအစ်ကိုများ ပရဟိတအသင်း"အမည်ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပြည်ထဲရေးဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး မှတ်ပုံတင်ရေးအဖွဲ့မှ ပြည်တွင်းအသင်းအဖွဲ့(ယာယီ) မှတ်ပုံတင်အမှတ်-၂/မန္တလေး/၀၂၉(၂၀၂၂) ဖြင့် ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (၁၆)ရက်နေ့တွင် ခွင့်ပြုထားပြီးဖြစ်ပါသည်။

"မန္တလေးဆေးသုတ်ညီအစ်ကိုများ ပရဟိတအသင်း" အမည်အမှတ်တံဆိပ်ကို မန္တလေးမြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်-၁၄၄၁/၂၀၂၆ အရ ကျွန်ုပ်၏မိတ်ဆွေက တရားဝင်မှတ်ပုံတင်ခဲ့ပြီးဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေမှ အထက်ပါ "မန္တလေးဆေးသုတ်ညီအစ်ကိုများပရဟိတအသင်း"အမည် အမှတ်တံဆိပ်ဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆေးသုတ်လုပ်ငန်းရှင်များနှင့် လုပ်သားများပူးပေါင်းပြီး ပရဟိတလုပ်ငန်းများဖြစ်သော ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ နာရေးကူညီခြင်းနှင့် သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများသို့ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို စိတ်အားထက်သန်စွာ တက်တက်ကြွကြွ ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ပေးသည့်လုပ်ငန်းများတွင် "မန္တလေးဆေးသုတ်ညီအစ်ကိုများပရဟိတအသင်း" အမည်အမှတ်တံဆိပ်ကို ကပ်၍လည်းကောင်း၊ ရေးဆွဲ၍လည်းကောင်း၊ အသားတံဆိပ်ပြုလုပ်၍လည်းကောင်း ဖော်ပြအသုံးပြုလုပ်ကိုင်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ပူးတွဲဖော်ပြပါ ကျွန်ုပ်မိတ်ဆွေမှ ပြည်တွင်းအသင်းအဖွဲ့(ယာယီ) မှတ်ပုံတင်လက်မှတ်ရရှိပြီး တရားဝင်မှတ်ပုံတင်သွင်းပြီးဖြစ်သော အထက်ဖော်ပြပါ "မန္တလေးဆေးသုတ်ညီအစ်ကိုများ ပရဟိတအသင်း" အမည်အမှတ်တံဆိပ်ကို ကျွန်ုပ်မိတ်ဆွေ၏ခွင့်ပြုချက်မရရှိဘဲ တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ရှေ့/နောက်ပြောင်း၍ဖြစ်စေ၊ ပုံသဏ္ဌာန်တူအောင်ဖြစ်စေ၊ ထင်ယောင်ထင်မှားဖြစ်စေ တုပခြင်းမပြုလုပ်ရန် သတိပေးကြေညာလိုက်ပါသည်။ အကယ်၍ဆင်တူယိုးမှား တုပသုံးစွဲပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**မန္တလေးဆေးသုတ်ညီအစ်ကိုများ ပရဟိတအသင်း**

ရုံးချုပ် - အမှတ်(၆၈/က)၊ ၁၁ လမ်း၊ ၈၆ x ၈၇ လမ်းကြား၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။

ရုံးခွဲ - ၁၀၈(A)လမ်း၊ ၅၃x၅၄ ကြား၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
၀၉-၉၅၀၀၄၅၀၀၁၊ ၀၉-၉၅၀၀၄၅၀၀၂၊ ၀၉-၉၅၀၀၄၅၀၀၃

**လွှဲအပ်သူ-**
ဦးအောင်နိုင်ဦး (ဘ) ဦးကျော်စိန်
၉/မဟမ(နိုင်)၀၂၄၇၈၃

**လွှဲအပ်ညွှန်ကြားချက်အရ-**
ဦးကျော်ဆွေဦး(LLB)
အထက်တန်းရှေ့နေ
အမှတ်(၁၅၂/က)၊ ၆၀ အေလမ်း၊ ၁၁၅ x ၁၁၅ အေကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။
၀၉-၂၁၇၄၆၁၉၊ ၀၉-၇၇၇၂၃၈၀၀၀

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မန္တလေးတိုင်းဒေသကြီး၊ စည်ပင်သာယာရေးအဖွဲ့နှင့် ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ (၇) ဖွဲ့တို့တွင် ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့်ဆောင်ရွက်မည့် ရေပေးရေးလုပ်ငန်းများ၏ ဆိုလာတပ်ဆင်ခြင်းလုပ်ငန်းများအား တင်ဒါစနစ်ဖြင့် ဆောင်ရွက်လိုပါသဖြင့် ဒုတိယအကြိမ် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။ တင်ဒါလျှောက်လွှာများအား မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံး၌ဝယ်ယူ၍ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များအား မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ဆက်သွယ်မေးမြန်းနိုင်ပါသည်။ (တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ Lot-1၊ စဉ့်ကိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ Lot-3၊ ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ Lot-4၊ ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ Lot-5၊ ဝမ်းတွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ Lot-6)

လျှောက်လွှာစတင် ရောင်းချမည့်ရက် - (၃၀-၇-၂၀၂၆)
တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက် - (၁၂-၈-၂၀၂၆)
တင်ဒါဖွင့်မည့်ရက် - ထပ်မံအသိပေးသွားပါမည်။

ဖုန်း ၀၉-၂၁၇၄၃၂၄၊ ၀၉-၄၄၂၁၂၃၃၂၊
၀၉-၄၃၀၇၀၄၆၀
(တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့)

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့ လူမျိုး**
**သစ်ပင်ကိုနှစ်စဉ်စိုက် ရှေးတိုက်ကိုစိုး**

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် AA အဖွဲ့ဝင်ဦးရေ ၂၀ နှင့် PDF အမည်ခံ အဖွဲ့ဝင် ၁၂ ဦးတို့ လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်



**နေပြည်တော် ဇူလိုင် ၂၉**

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့်အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ **စာမျက်နှာ ၂၂ ကော်လံ ၁** ☆

အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူ တစ်ဦးကို ဆုကြေးငွေနှင့် ချီးမြှင့်ငွေပေးအပ်စဉ်။

## ဧရာဝတီမြစ်ရေ ဟင်္သာတမြို့၏ စိုးရိမ်ရေမှတ် ရောက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၂၉**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေကျော်အလိုတွင် ရောက်ရှိနေပြီး အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟင်္သာတမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် ကြိုတင်သတိပြုနိုင်ရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရွှေ့ပြောင်းရှားနိုင်ရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးနှိုးဆော်ထားသည်။

## အောင်မြေသာစံမြို့နယ်၌ အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်ခတ်

**နေပြည်တော် ဇူလိုင် ၂၉**

ယနေ့ည ၈ နာရီ ၃၂ မိနစ် ၄၅ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ခြောက်မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (အောင်မြေသာစံမြို့နယ်၏ အနောက်မြောက်ဘက် ခြောက်မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၂ ဒသမ ဝ၅ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ဝ၂ ဒီဂရီ၊ အနက် ၁၅ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၄ ဒသမ ၅(M)အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်လှုပ်ခတ်ခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

## တပ်မတော်စစ်ကြောင်းများက ကလေး-တမူးလမ်းကြောင်းပေါ်ရှိ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် တမူးမြို့နယ် ဘုတ်ကန်စံပြကျေးရွာကို ထပ်မံသိမ်းပိုက်ရရှိ

**နေပြည်တော် ဇူလိုင် ၂၉**

တပ်မတော်စစ်ကြောင်းများအနေဖြင့် ကလေး-တမူးလမ်းကြောင်းကို အမြန်ဆုံးပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်ရန် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မြို့ရွာများကို တစ်ခုပြီးတစ်ခု ပြန်လည်သိမ်းပိုက်ရရှိရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter Terrorism Operation)လုပ်ငန်းများ၊ နယ်မြေလုံခြုံရေးလုပ်ငန်းများကို မနေမနား အားသွန်ခွန်စိုက်သက်စွန့်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ **စာမျက်နှာ ၂၁ ကော်လံ ၁** ❖



တပ်မတော်စစ်ကြောင်းများက ကလေး-တမူး ဆက်သွယ်ရေးလမ်းကြောင်းပေါ်ရှိ ဘုတ်ကန်စံပြကျေးရွာကို ပြန်လည်သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။

## မရမ်းကုန်းမြို့နယ်တွင် ငွေကျပ်သိန်း ၃၈၀၀ တန်ဖိုး၊ မရမ်းကုန်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ သန်လျင်မြို့နယ်တို့တွင် ငွေကျပ် ၂၄၈၈ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ



**နေပြည်တော် ဇူလိုင် ၂၉**

မရမ်းကုန်းမြို့နယ်တွင် ငွေကျပ်သိန်း ၃၈၀၀ တန်ဖိုး၊ မရမ်းကုန်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ သန်လျင်မြို့နယ်တို့တွင် ငွေကျပ် ၂၄၈၈ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးရမိတရားခံများကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**စာမျက်နှာ ၂၃ ကော်လံ ၁** ❋

မောင်အေးလှိုင်၊ ဘကျော်၊ သိန်းရွှေ၊ ကျော်မြင့်သန်း၊ အောင်ဝင်း၊ သက်ဇင် ခေါ် အောင်အောင်၊ ဇော်အောင်တို့ကို သိမ်းဆည်းရမိ စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၇)တွင် သစ္စာအားမာန်အသင်းနှင့် ISPE အသင်းတို့ နိုင်ပွဲများရရှိ

**ရန်ကုန် ဇူလိုင် ၂၉**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၇)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ သစ္စာအားမာန်အသင်းနှင့် ISPE အသင်းတို့ နိုင်ပွဲများရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၇)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ ဗဟန်းအားကစားကွင်းတွင် မြဝတီအသင်းနှင့် သစ္စာအားမာန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ သစ္စာအားမာန်အသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး **စာမျက်နှာ ၂၁ ကော်လံ ၄** ■